www.burmeseclassic.com

စိုးမိုးစာပေ

BURMESE CLASSIC

# ရွှေဒဂူလိ


နှလုံးသားဆုံမှတ်

GRAPHIC DESIGN THEE ZAR

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၉၆၁၂၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၁၄၁၂၀၀၇
ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်
အဖုံးဒီဇိုင်း - ပန်းချီကိုဆန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွှန့်။
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၀၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွှန့်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

'ချွမ်း' ခနဲဟူသော အသံနှင့်အတူ ပျူလေးသည် မျက်စိ စုံမှိတ်လိုက်ရင်းက သူမလက်ထဲကပန်းကန် ကျကွဲပြီမှန်း သိလိုက်ရသည်။

"ဟင်…ကြည့်စမ်း…ကြည့်စမ်း ပျူလေးရယ်၊ လုပ်လိုက်မှဖြင့် အရာရာနဲ့အကြောင်းကြောင်းပါပဲလားကွယ်"

ပြောရင်းက သူမအနားရောက်လာရသူက ပျူလေး၏ မမ နှာညိုဖြူ။

"အို…ပန်းကန်ကွဲသွားတာပါလား"



www.burmeseclassic.com

www.burmeseclassic.com



ကွဲသွားရသည့် ကြွေပန်းကန်လှလှလေးကို ကြည့်ပြီး ခွာညိုဖြူ နှမြောဟန်လေးနှင့် ဆိုလိုက်လေသည်။

ပျူလေးမှာ ကိုယ့်အပြစ်နှင့်ကိုယ်မို့ မျက်နှာလေးငယ်သွား ရပြီး...

"အဟင်း...မမ ပျူလေး ဒီပန်းကန်ကွဲတွေ သိမ်းလိုက်မယ်နော်"

အစ်မဖြစ်သူကို အပြုံးလေးနှင့် မျက်နှာချိုသွေးရင်း ပြောလိုက်တော့ ခွာညိုဖြူအကြည့်တွေက ပျူလေးထံ ရောက်လာပြီ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်ကာ...

"နေ...နေမလုပ်နဲ့ ပျူလေး၊ တော်ကြာ ပန်းကန်ကွဲစတွေက ပျူလေးလက်ကို စူးမိနေဦးမယ်"

ညီမဖြစ်သူ ပျူလေးအတွက် စိုးရိမ်ကာ သူကိုယ်တိုင် ပန်းကန်ကွဲစများကို အမှိုက်ကော်လေးထဲ စုထည့်နေသော မမခွာညိုဖြူ၏ မေတ္တာက ပျူလေးအတွက် ကြည်နူးစရာ။

သို့သော်...

မမခွာညိုဖြူ၏ မပြီးနိုင်သည့် ဆုံးမစကားကိုတော့ ပျူလေး





နားပူအောင် ခံရပေတော့သည်။

"မိန်းကလေးဆိုတာ အရာရာကို သတိနဲ့ နေထိုင်ပြောဆိုရတယ်၊ ခုကြည့်စမ်း ပျူလေးကြောင့် ပန်းကန်တစ်ခု ကွဲသွားရပြီ၊ ဒါ မမက နှမြောလို့ပြောတာမဟုတ်ဘူး၊ ပျူလေးကို နောင် သတိနဲ့ ဆင်ခြင်ရအောင် မမကပြောတာ"

စည်းစနစ်ကြီးကာ မိန်းကလေးပီပီသသနှင့် အရာရာကို အေးဆေးစွာ လုပ်ကိုင်ပြောဆိုတတ်သော မမခွာညိုဖြူသည် တက္ကသိုလ်မှ ကျောင်းဆရာမပီသစွာ တစ်ဖက်လူကိုလည်း နားဝင်ချိုသာစွာ ဆိုဆုံးမတတ်သူဖြစ်သည်။

အိမ်တွင် ဖေဖေနှင့် မေမေကို ပျူလေးသည် ဒီလောက် မကြောက်ရပါ။ ပျူလေး ကြောက်ရသူက အဖျိုကြီးမမ ဆရာမ ခွာညိုဖြူကိုပင် ဖြစ်သည်။

ဖေဖေသည် ရုံးဝန်ထမ်းသမားမို့ ရုံးပိတ်ရက်များမှအပ အိမ်တွင် မကပ်နိုင်သလောက်ရှိသလို မေမေကလည်း အရောင်းအဝယ်သမားမို့ ပျူလေးကို အရိပ်တကြည့်ကြည့်နှင့် ကြည့်ကာ ပြောဆိုဆုံးမနိုင်ဖို့ရာ အချိန်မရှိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိသားစု စုံစုံညီညီ တွေ့ရပြန်တော့လည်း ပျူလေးကို ဆုံးမစကားပြောဖို့ထက် အိမ်၏စီးပွားရေး၊ လူမှုရေးနှင့် တခြားကိ များ ပြောနေရသည်မို့ ပျူလေးကို လျစ်ရှူထားရသလို ရှိခဲ့ရသည်

ပျူလေးကလည်း လူလည်မလေးပင်ဖြစ်သည်။

အကြောင်းကား…

မိဘများရှေ့တွင် ခွာညိုဖြူသည် ပျူလေးအား ဆုံးမစကာ ပြောရန် ဦးတည်လိုက်သည်နှင့် သူမသည် ခွာညိုဖြူ ဘာ ဆိုလိုတော့မည်ကို ရိပ်မိကာ လူလည်ကျလျက် စကားလမ်းကြော လွှဲသွားအောင် လုပ်တတ်သူလေးဖြစ်သည်။

ဖေဖေနှင့်မေမေကို ကလေးတစ်ယောက်လို လက်ဖြ မုန့်ဖိုးတောင်းဖို့ကလွဲပြီး သူမလေးသည် ကျန်တာ ဘာကိုမှ အလေ အနက်ထားကာ သိပ်စဉ်းစားတတ်သူမဟုတ်ပေ။

အသက်နှစ်ဆယ်ကျော်ကာ တက္ကသိုလ်မှ နောက်ဆုံး ကျောင်းသူတစ်ယောက် ဖြစ်နေပေမယ့် သူမနေတာထိုင် ပြောတာဆိုတာကအစ အားလုံးသည် ကလေးဆန်လွန်းနေရသည် ခွာညိုဖြူ ညီမဖြစ်သူကိုကြည့်ကာ ရင်မောခဲ့ရသည့်အဖြစ်မျာ





လည်း မနည်းတော့။

ကြည့်လေ…

သူ၏တစ်ဦးတည်းသော ညီမချော ပျူလေးကို ကြည့်ကာ ခွာညိုဖြူ ရင်မောရမည်ဆိုလည်း မောစရာပင်ဖြစ်သည်။

အဘယ်ကြောင့်ဆိုရသော်…

လှပနုထွေးလွန်းသည့် မျက်နှာလေးနှင့် မလိုက်အောင် ပျူလေး ဝတ်စားထားပုံများနှင့် အမူစရိုက်တို့က ခွာညိုဖြူမျက်စိ ထဲမှာ တကယ့်ကို ဌကျကျနှင့် ကန့်လန့်ဖြစ်နေရလေ၏။

လူကသာ မိန်းကလေးလို့ဆိုရပေမယ့် သူမပုံစံသည် မိန်းကလေးတစ်ယောက်နှင့် နည်းနည်းမှမတူ။

ဝင်းစင်နုထွေးမွတ်ညက်နေရသော မျက်နှာလှလှလေး ထက် သနပ်ခါး၊ မိတ်ကပ်ဆိုတာ တစ်စက်လေးမှ မရှိသလို ဝတ်ထားတာကြည့်ပြန်တော့လည်း တီရှပ်ပွပွဖားဖားနှင့် အရောင် လွင့်နေသည့် ဂျင်းဘောင်းဘီရှည်။

ပြောလို့သာ မိန်းကလေးရယ်လို့ ယုံရမည်။ သူမဝတ်တာ နေတာထိုင်တာ ပြောဆိုတာတွေအားလုံးက မိန်းကလေးနှင့် တစ်စက်



www.burmeseclassic.com

www.burmeseclassic.com



လေးမှမတူ။

ပန်းပေါ်ဝဲနေသည့် ဆံပင်က မတိုမရှည်နှင့် ယောကျ်ားလေးဟန်။ ယောကျ်ားလေးဆိုက် ပေါက်နေသော သူမလေးသည် တကယ်ပဲ ယောကျ်ားလေးဖြစ်ချင်နေသောသူလည်း ဖြစ်သည်။

မိန်းကလေးဖြစ်ရသည့်ဘဝကိုပင် စိတ်နာပါသည် ပြောနေသော ပျူလေးသည် ငယ်စဉ်ကတည်းက သူမကိုယ်သူမလည်း ယောကျ်ားလေးရယ်လို့ သတ်မှတ်ထားခဲ့သူဖြစ်သည်။

ဒါကြောင့်လည်း မသိပါက သူမပုံစံသည် တကယ့်ယောကျ်ားလေးလိုရှိနေရကာ အိမ်မှုကိစ္စနှင့် ပတ်သက်လို့လည်း သူမသည် ဘာတစ်ခုမှ မလုပ်တတ် မကိုင်တတ်နှင့် ရှိနေရုံမက နေရာတကာလုပ်လိုက်သည့် ကိစ္စတိုင်းမှာလည်း နမော်နမဲ့နိုင်ကာ အရာရာနှင့်အကြောင်းကြောင်း ရှိခဲ့ရလေသည်။

ပျူလေး၏ ထိုအပြုအမူစရိုက်များကို မကြိုက်၍ ခွာညိုဖြူ ဆိုဆုံးမပါသော်လည်း ပျူလေးသည် ခွာညိုဖြူ ဆုံးမသည့် အချိန်သာ ခဏနားထောင်လျက် ကျန်သည့်အချိန် သူမနေမြဲအတိုင်း နေတတ်သလို နေခဲ့သူဖြစ်သည်။





သည်အကြောင်းကို ခွာညိုဖြူသည် ဖေဖေနှင့် မေမေကို ပြောပြတော့ မိဘနှစ်ပါးသည် သမီးငယ်၏ ဆိုးနွဲ့ပြုမူမှုများကို အပြစ်ရယ်လို့ မမြင်သည့်အပြင် သဘောကျလို့ပင်နေသည်မို့ ခွာညိုဖြူမှာ ပျူလေးအပေါ် အလိုလိုက်သည့် မိဘနှစ်ပါးကို ဘာမှမပြောဖြစ်တော့ပါ။

သည်ပုံအတိုင်းဆို မိဘနှစ်ပါးသည် ပျူလေးကို ချစ်သည့်စိတ်နှင့် အလိုလိုက်ကာ ဘာမှပြောတော့မည်မဟုတ်တာကို သိနေသည်မို့ သူမကပင် မိဘတွေကိုယ်စား ညီမဖြစ်သူ ပျူလေးကို ဆိုဆုံးမရတော့သည်။

ဖေဖေ မေမေတို့နှင့် စာလျှင်တော့ ပျူလေးသည် သူမကို နည်းနည်းတော့ အကြောက်ရှိပါသေးသည်။

ထိုသို့ အကြောက်ရှိအောင်လည်း ခွာညိုဖြူ နေထိုင်ခဲ့ရပါသည်။ ဆိုးချင်သော ပျူလေးကို ခွာညိုဖြူသည် အထိန်းအကွပ်သဘောနှင့် သူမကို အကြောက်ရှိအောင် ခွာညိုဖြူသည် တမင်နေခဲ့ရပေမယ့် တကယ်တော့ သူမသည် ပျူလေးကို မချစ်၍မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အသက်ချင်းခြောက်နှစ်လောက်ကွာသည့် ညီမဖြစ်သူ ပျူလေးကို ခွာညီဖြူ တုန်နေအောင်ချစ်ရပါသည်။

ထိုသို့ချစ်ရလောက်အောင်လည်း ပျူလေးသည် ဖြူစင် ဝင်းနှစ်သော အသားအရေနှင့် သူမတူသည့် အလှပိုင်ရှင် မိန်းမ ချောလေးတစ်ယောက်ပင်ဖြစ်သည်။

သွယ်လျသော ခန္ဓာကိုယ်၊ မြင့်သောအရပ်နှင့် မျက်ခုံး ထူနက်နက်တန်းတန်း၊ မျက်တောင်ကော့ရှည်ရှည်ကြီးများနှင့် ရွှေသမင်အလား ကြည်စင်ဝိုင်းစက်နက်မှောင်သော မျက်ဝန်းအစုံ ပိုင်ဆိုင်ထားသော သူမလေးသည် ပန်းသွေးမို့မို့ ပါးပြင်၊ နှာ စင်းစင်း၊ နှုတ်ခမ်းထူထူပြည့်ပြည့်လေးနှင့် မိန်းမချောလေး တစ်ယောက်ပင် ဖြစ်သည်။

ထိုသို့ အလှတွေစုဝေးကာ လှချင်တိုင်းလှနေသော ပျူလေး ကို ခွာညီဖြူသည် မိန်းကလေးပီပီသသနှင့် မိန်းမဆန်သော ဝတ် မှုများ ဝတ်ဆင်ကာ တခြားမိန်းကလေးများလို လှလှပပနှင့် ဖြိုး ဆင်ဆင်လေး နေစေချင်သည်က ခွာညီဖြူရင်ထဲကဆန္ဒ ဖြစ်သည်။





သို့သော်...

ပျူလေးဆိုသည့် သူမလေးကတော့ ခွာညီဖြူ ဖြစ်စေချင် သည့်အတိုင်း ဖြစ်မလာခဲ့ပါ။

သူမကိုယ်သူမ ယောကျ်ားလေးရယ်ပါလို့ ခံယူထားသော ပျူလေးသည် သူမဘယ်လိုပဲ ဖြင်ပေးပေး ပြင်ပေးလို့မရဘဲ ယောကျ်ားလေးလိုသာ ရှိနေခဲ့ရသည်။

တကယ်တော့ ပျူလေး ထိုသို့ဖြစ်ရခြင်းသည် လူကြီးတွေ ၏အပြစ်ကြောင့် ဆိုလျှင်လည်း မမှားပါပေ။

အကြောင်းမှာ...

ခွာညီဖြူကိုမွေးပြီး နောက်ထပ်သားယောကျ်ားလေး ချင်တောင့်တခဲ့သော ဖေဖေနှင့်မေမေသည် တကယ်တမ်း လေးလေးကိုမွေးလာတော့လည်း ယောကျ်ားလေးလို့ ထင်ခဲ့ပေ ယ့် သူတို့ထင်သလို ဖြစ်မလာသောအခါ ယောကျ်ားလေး သိပ် ချင်နေသော ဖေဖေနှင့် မေမေသာမက ခွာညီဖြူကအစ ပျူလေး ကို ယောကျ်ားလေးလို ဝတ်စားဆင်ယင်ပြောဆိုခဲ့သည်ကစကာ ပျူလေးသည် သူမကိုယ်သူမ ယောကျ်ားလေးလိုပင် ထင်မြင်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

ကလေးဘဝက စခဲ့သည့် ဒီအပြုအမူများက ပျူလေး အရွယ်လေးရပြီး လာပြန်တော့လည်း ဘယ်လိုမှ ပြန်ပြင်၍ မရတော့အောင်ရှိခဲ့သည်။

နောက်ဆုံး ပျူလေးသည် သူငယ်ချင်းများထားသည်ကပင် မိန်းကလေးထက် ယောကျ်ားလေးသူငယ်ချင်းများ သူမတွင် ပိုများခဲ့ရသည်။

ဒါကိုကြည့်ပြီး ပျူလေးအတွက် စိုးရိမ်စိတ်မချဖြစ်ရသူက ခွာညိုဖြူပင်ဖြစ်သည်။

ဖေဖေနှင့် မေမေကတော့ သူတို့သမီးငယ်လေး ဘယ်လိုနေနေ အပြစ်ရယ်လို့ မမြင်ရက်ဘဲ သဘောကျနေပေမယ့် ခွာညိုဖြူကတော့ မိဘတွေ မဆုံးမနိုင်သည့် စကားကို ပျူလေးကို ဆုံးမမိခဲ့သည်။ ထို့အတူ မိဘတွေအလိုလိုက်သလိုမျိုးလည်း သူမသည် ပျူလေးကို အလိုမလိုက်ခဲ့ပါ။ ကိုယ်တိုင်ကလည်း အရာရာကို စည်းစနစ်ကျကာ မိန်းကလေးပီပီသသ နေထိုင်ပြုမူခဲ့သော ခွာညိုဖြူသည် အရွယ်လေးရလာသည့် ပျူလေးကိုလည်း သူမလိုပင်ရှိ





စေချင်ခဲ့သူဖြစ်သည်။

ဒါကြောင့်မို့လည်း အချိန်လေးရသည်နှင့် ရသည့်အချိန်လေးကိုပင် ခွာညိုဖြူသည် အသုံးချကာ ပျူလေးအား နားဝင်အောင် သွန်သင်ဆုံးမပြောနေရခြင်းဖြစ်သည်။

ယခုလည်း ခွာညိုဖြူသည် အိမ်တွင် သူမတို့ညီအစ်မနှစ်ယောက်တည်း ကျန်နေခိုက် ပျူလေးအား မိန်းကလေးပီပီသသနှင့် မိန်းကလေးစိတ် ပြန်ဝင်လာစေရန် တမင်ပင် ခွာညိုဖြူသည် ပျူလေးအား ပန်းကန်တွေကို တိုက်ချွတ်ဆေးကြောနေနိုင်းခြင်းဖြစ်သည်။

ပျူလေးသည် အနေတည်ကာ စည်းစနစ်ကြီးသော မမခွာညိုဖြူကိုတော့ဖြင့် ဖေဖေ မေမေထက်ပင် ကြောက်ရသည်မို့ မမခွာညို ခိုင်းသည်ကို မငြင်းရဲဘဲ ခိုင်းသမျှ လုပ်နေရာမှ အခုလို လက်ထဲကနေ ပန်းကန်လုံလုံလေး ကျကွဲသွားရခြင်းဖြစ်သည်။

အပြစ်လုပ်ထားပြီမို့ သူမကိုဆူတော့မည်လို့ ထင်ထားသော နားမှာ တကယ်တမ်း သူမထင်သလို မမခွာညိုဖြူသည် မဆူ ဘဲအပြင် ပန်းကန်ကွဲများကို သူမကိုယ်တိုင် သိမ်းဆည်းကာ



www.burmeseclassic.com

www.burmeseclassic.com



ပျူလေးအတွက်ပင် စိုးရိမ်သလို ပြောနေသော မမကိုကြည့်ပြီး ပျူလေးသည် နမော်နမဲ့နိုင်လွန်းသည့် သူမကိုယ်သူမပင် ဒေါသဖြစ်ချင်လာရသည်။

ပျူလေးကလည်း ပျူလေးပင်ဖြစ်သည်။

သူမကို ဘာပဲခိုင်းလိုက်လိုက် အရာရာ အလွဲလွဲအချော်ချော်နှင့် ပြဿနာဖြစ်ရသည်သာ ဖြစ်သည်။

မမခွာညိုဖြူသည် ပျူလေးကို မချစ်၍မဟုတ်ပါ။ တစ်ဦးတည်းသောညီမ အသက်ချင်းလည်း ကွာလှသည့် ပျူလေးကို မမချစ်သည်မှန်း ပျူလေး သိပါသည်။

ချစ်ပေမယ့် မမသည် ပျူလေးကို စိတ်ရှိတိုင်း အလိုမလိုက်တတ်။ သူမကိုယ်တိုင်ကလည်း စည်းစနစ် အလွန်ကြီးသလို ပျူလေးကို မမခွာညိုဖြူ သူ့လိုပင်ဖြစ်စေချင်သည်ဆိုတာ ပျူလေး သိပါ၏။

သိပေမယ့် ပျူလေးသည် သိတာကသိတာ တကယ်တမ်းလက်တွေ့မှာတော့ မမခွာညိုဖြူလို လိုက်မလုပ်နိုင်ခဲ့။

ပျူလေးသည် ဝတ်တာစားတာကလည်း လွတ်လွတ်လပ်





လပ် နေထိုင်စားသောက်သလို စိတ်ကိုလည်း အကျဉ်းကြီးအကျပ်ကြီးထဲမှာ မထားဘဲ လွတ်လွတ်လပ်လပ် ပျော်ရွှင်စွာ နေတတ်သူဖြစ်ပါသည်။

မမခွာညိုဖြူကိုတော့ ပျူလေး ကိုယ့်အစ်မမို့ ကိုယ်ပြောသည်မဟုတ်။ နေရာတကာ စည်းကမ်းကြီးနှင့် ဘယ်အရာကိုမဆိုသေးသေးမွှားမွှားလေးကအစ ဂရုစိုက်လွန်းသည့်အဖြစ်က မမတော့ဘယ်လိုနေမည်မသိပါ။ ဘေးကမြင်ရတွေ့ရသည့် ပျူလေးကတော့စိတ်မှာ အနေကျဉ်းကြပ်လွန်းနေရသည်ပဲလေ။

ဒါကို မမကတော့ စည်းကမ်းရှိသည်ဟု ဆိုပါသည်။ ပျူလေးကတော့ စည်းကမ်းမရှိချင်မှနေတော့မည် မမလိုတော့ဖြင့်မနေနိုင်ပါ။

ပြောစရာရှိလျှင်ပြောမည်။ သွားလာစားသောက်စရာရှိလျှင်သွားလာစားသောက်မည်။ အရာရာကို သတိကြီးနှင့် စက်ရုပ်ဆန်ဆန် ထိန်းချုပ်နေရသည့်အဖြစ်ကို ပျူလေးသည် နည်းနည်းမှမကြိုက်။

မကြိုက်၍လည်း ပျူလေးသည် သူမစိတ်ရှိသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လွတ်လွတ်လပ်လပ် နေခဲ့လေသည်။

သို့သော်…

ပျူလေးနေသည့် လွတ်လပ်မှုကိုတော့ အရမ်းကြီး အလွဲသုံးစားမလုပ်ပါ။ ဖေဖေ မေမေတို့ ပေးထားခဲ့သည့် ယုံကြည်မှုနှင့် လွတ်လပ်မှုကို ပျူလေးသည် စဉ်းစားဆင်ခြင်တတ်သူ ဖြစ်ပါသည်။

ထို့ကြောင့် ပျူလေးသည် သူမတွင် အန္တရာယ်ဖြစ်လာမည့် ကိစ္စနှင့် အပြုအမူမျိုးကိုတော့ အထူးပင်ရှောင်ရှားခဲ့သူ ဖြစ်သည်။

မဟုတ်မခံစိတ်နှင့် စကားကို ဟန်မဆောင် ပွင့်လင်းစွာ ပြောဆိုတတ်သည်ကလွဲပြီး ပျူလေးသည် သူမဘဝကို သူမ ရိုးသားဖြောင့်မတ်မှန်ကန်စွာ လျှောက်လှမ်းနိုင်ခဲ့သူဖြစ်၏။

သည်အသိနှင့် အတွေးကတော့ ပျူလေးစိတ်ထဲမှာ အမြဲတမ်း ရှိနေရသည့် အရာပင်ဖြစ်သည်။

"ပျူလေး"

"ဗျာ…မမ"

ရုတ်ခြည်း အတွေးများလွန့်သွားရသော ပျူလေးမှာ မမ နှာညိုဖြူ၏အသံကို ကြားလိုက်ပါမှ အတွေးက လန့်နိုးလာရသလို





ပြုံးပြုံးပြာပြာ ပုံစံလေးနှင့် ထူးလိုက်၏။

"အဟင်း…ဘာတွေတွေးနေတာလဲ ပျူလေး၊ မမ ပျူလေးကိုခေါ်နေတာ ကြာလှပြီ"

အပြုံးလေးနှင့်ပြောလိုက်တဲ့ မမစကားကြောင့် ပျူလေးသည် အတွေးလွန့်သွားရသည့် သူမအဖြစ်ကို သူမ ရှက်သွားရပြီး…

"ဘာရယ်မဟုတ်ပါဘူး မမရယ်၊ ပျူလေး မမကိုကြည့်ပြီး တွေးနေတာပါ"

"အလို…ဘုရားရေ ပျူလေးက မမအကြောင်းကို တွေးနေတယ် ဟုတ်လား"

"တခြားမဟုတ်ပါဘူး၊ မမက အရမ်းကိုစည်းစနစ်ကြီးပြီး မိန်းကလေးပီသလွန်းလို့ပါ"

ပျူလေးစကားကြောင့် နှာညိုဖြူမှာ ညီမဖြစ်သူကိုကြည့်ကာ ရယ်လိုက်ရင်း…

"ကဲ…ဒါဆိုပြောစမ်းပါဦး၊ ပျူလေးကကော မမလို ဖြစ်ချင်ဘူးလားဆိုတာ"

သည်လိုကျပြန်တော့လည်း ပျူလေးသည် မျက်နှာလေးမဲ့

www.burmeseclassic.com



သွားရကာ…

"မမလိုကြီးတော့ မဖြစ်ချင်ပါဘူး"

"ဟော့တော်…ဘာဖြစ်လို့လဲ"

"ဟာ…မမပုံစံက အရမ်းကိုတင်းကြပ်လွန်းတာ၊ ပျူလေးနဲ့ ဖြစ်မှာမဟုတ်ပါဘူး"

ပျူလေးသည် ဒီစကားကို တကယ်ပင်ဆိုလိုက်မိခြင်းဖြစ်သည်။ တကယ်လည်း ပျူလေးသည် မမခွာညိုဖြူလိုတော့ဖြင့် သူမ နေတတ်လိမ့်မည်မဟုတ်ပါ။

ပျူလေးဆိုတာက ငယ်ငယ်လေးကတည်းက စိတ်ကော ကိုယ်ပါ လွတ်လွတ်လပ်လပ်နှင့် ကြီးပြင်းလာခဲ့ရသူပဲလေ။

"ပျူလေး"

"ဗျာ"

"လာ…ထိုင်ဦး"

ယန်းကန်ကွဲစများကို သိမ်းဆည်းသန့်ရှင်းပြီးသည်နှင့် ခွာညိုဖြူသည် သူမနားလာထိုင်ရန် ပျူလေးအား ခေါ်လိုက်လေသည်။





ပျူလေးသည် ဘာမျှားလဲဟူသော မျက်နှာလေးနှင့် ခွာညိုဖြူအနား လာထိုင်ပြီး…

"ဘာလဲမမ…ပျူလေးကို ဘာပြောမလို့လဲ"

သူမဘာပြောမည်ကို ကြိုသိနေသလိုမျိုး မေးလိုက်သည့် ပျူလေးစကားကြောင့် ခွာညိုဖြူမှာ ပျူလေး၏ မျက်နှာလှလှလေးကို အပြုံးနှင့် ကြည့်လိုက်ရင်း…

"ပျူလေး…မမလို မိန်းကလေးပီပီသသ မဖြစ်ချင်ဘူးလားဟင်"

မမစကားကြောင့် ပျူလေး မျက်ခုံးလေးပင့်သွားရပြီး…

"ဟင့်အင်း…ပျူလေး အဲလိုမျိုးမဖြစ်ချင်ပါဘူး"

"ဒါဖြင့် တခြားမိန်းကလေးတွေလို ပျူလေးလည်း လှလှပလေး ဝတ်စားပြင်ဆင်ပြီး သူတို့လိုနေကြည့်ပါလား"

"ဟာ…အဲဒါက ပိုတောင်ဝေးသေးတယ်၊ ပျူလေးက ကိုယ့်ကိုယ်ကို မိန်းကလေးလို ပြင်ဆင်ဝတ်စားရမယ့် အလုပ်ကို အမုန်းဆုံးပဲ၊ ပျူလေးအတွက်တော့ အဲဒါတွေမလိုပါဘူး မမရာ၊ ပျူလေးအဖို့တော့ ဒီတီရှပ်ပွပွတွေနဲ့ ဂျင်းဘောင်းဘီတွေရှိနေရင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာပဲ”

သူမကို မိန်းကလေးတစ်ယောက်လို ပြင်ဆင်ဝတ်စားခိုင်းတာနှင့်ပင် တီကို ဆားနှင့်တို့သလို ဖြစ်သွားရသော ပျူလေးမှာ ထိုစကားများကို စိတ်ရှုပ်သလို နှာခေါင်းလေးရှုံ့ကာ ပြောလိုက်သည်။

“ဟင်း”

“ပျူလေးရယ်”

ခွာညိုဖြူမှာ သူမကို မိန်းကလေးတစ်ယောက်လို ဝတ်နေဖို့ ပြောလိုက်တာနှင့်ပင် ခေါင်းလေးတခါခါ ရမ်းလျှက် အကြောက်အကန် ငြင်းနေသော ပျူလေးကိုကြည့်ပြီး ရင်မော သက်မချလိုက်မိသည်။

သည်ပုံနှင့်ဆိုပါက ညီမဖြစ်သူကို မိန်းကလေးပီသဖို့ သူ အတော်ကြိုးစားရဦးမည်ဆိုတာကိုလည်း ခွာညိုဖြူ စိတ်မသက်သာစွာ သိလိုက်ရသည်။

ပျူလေးရယ်…မင်းလေးကို မမ ဘယ်လိုပြုပြင်ရမလဲကွယ်။





နုထွေးနေသော မျက်နှာဝင်းဝင်းဖန့်ဖန့်လေးနှင့် ချစ်စရာကောင်းသော ညီမဖြစ်သူ စောမင်းပျူကို ကြည့်ကာ ခွာညိုဖြူစိတ်ထဲ မချင့်မရဲညည်းညူမိလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ကျွန်တော်…အဲဒီအိမ်မှာသွားနေလို့ မရဘူးလား အဖေ"

"အေး…မရဘူးလို့ပဲ ပြောရမှာပဲသား၊ ဘာဖြစ်လို့လဲဆို တော့ အဖေ့သူငယ်ချင်း ဖေသက်ဟာ မင်း ရန်ကုန်မှာ ကျောင်း သွားတက်ကတည်းက သူ့အိမ်မှာ မင်းကို နေစေချင်ခဲ့တာ၊ ဒါပေ မယ့် သူကိုယ်တိုင်ကလည်း ဝန်ထမ်းတစ်ယောက်ဆိုတော့ ရန်ကုန် မှာ အခြေမမြဲခဲ့ဘူး၊ ကျေးရွာမြို့တွေမှာ တစ်လှည့်စီ တာဝန်ထမ်း ဆောင်ရင်း နေလာခဲ့တာ၊ အခုမှ သူလည်း ရန်ကုန်ကို ပြန်အခြေ ချမိတော့တယ်"





"အဖေ့သူငယ်ချင်း ဦးဖေသက်ဆိုတာ ရွာကို တစ်ခါက သူ့မိသားစုနဲ့အတူ လာဖူးသေးတယ်မဟုတ်လား"

"အင်း…ဖေသက်ကို မင်းလည်း မှတ်မိနေသားပဲ၊ ဟုတ်တယ် မင်း ဆယ်တန်းအောင်ပြီးခါစက ဖေသက် ရွာကို သူ့မိသားစုနဲ့အတူ လာဖူးသေးတယ်"

"ဟုတ်တယ်…ဟုတ်တယ်၊ အဲဒီတုန်းက ဦးဖေသက် မှာ မျောက်ရှုံးအောင်ဆော့တဲ့ သူ့သမီးတစ်ယောက်တောင် သစ်ပင် ပေါ် တက်ဆော့ပြီး ပြန်မဆင်းတတ်တော့လို့ဆိုပြီး ငိုလို့ အားလုံးရယ် ခဲ့ရသေးတယ်"

ကျော်ဒွန်းမှာ ဦးဖေသက်တို့ မိသားစု ရွာကိုလာစဉ်က မျောက်ရှုံးအောင်ဆော့ကာ လူကြီးများအလစ်တွင် သစ်ပင်ပေါ် တက်သွားခဲ့သည့် ကောင်မလေးအဖြစ်ကို ယခုထက်တိုင် မှတ်မိ နေသလိုမျိုး ဆိုလိုက်လေသည်။

"အဖေ…အဲဒီမျောက်မူးလဲလေးလည်း အခုချိန်လောက် ဆို ကြီးရောပေါ့နော်"

"အေးလေ…ဖေသက်တို့ ရွာကိုလာတုန်းက မင်းက



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်စ၊ အခု မင်းတောင် ကျောင်းပြီးသွားလို့ အင်ဂျင် နီယာကြီး ဖြစ်နေပြီ၊ မှန်းကြည့်ပေါ့ကွာ”

အဖေသည် ကွမ်းတမြုံ့မြုံ့ဝါးရင်းက ကျော်ဒွန်းကို ပြော လိုက်သည်။

အင်း…အဖေပြောမှ ကျော်ဒွန်းလည်း သတိထားမိတော့ သည်။ ကျန်ခဲ့သည့်နှစ်တွေက မနည်းတော့ပါလား။ ရွာကိုပါလ တုန်းက ချာတိတ်မလေးသာရှိသေးသော ထိုမျောက်မူးလဲမမသည် လည်း အခုဆို အရွယ်ရောက်၍ ဘယ်ပုံစံပင် ဖြစ်နေသည်မသိတ

ငယ်ငယ်တုန်းက မျောက်မူးလဲအောင် ဆော့ခဲ့သော ချာတိတ်မသည် အခု ကြီးလာတော့လည်း ငယ်ငယ်ကအတိုင်း လားမသိပါ။

ဒါထက် အရေးမကြီးပါ။ ကျောင်းပြီး၍ အင်ဂျင်နီယာ ဆိုသော အလုပ်နှင့် ရန်ကုန်တွင် တာဝန်ပြန်ကျသော ကျော်ဒွန်း အဖေသည် ထိုအိမ်တွင် သွားနေရမည်ဆိုသောအခါ ကျော်ဒွန်းသည် အမှန်ပင် စိတ်ရှုပ်သွားခဲ့ရလေသည်။

ရန်ကုန်တွင် သူကျောင်းတက်ခဲ့တုန်းကတောင် ဘယ်အိ





မှာမှမနေဘဲ အဆောင်ကနေ ကျောင်းတက်ခဲ့သော ကျော်ဒွန်းကို အဖေသည် ယခု ဘာကြောင့် အဖေ့သူငယ်ချင်းဆိုသည့် ဦးဖေသက် အိမ်မှာနေခိုင်းလာရသည်မသိပါ။

ကျော်ဒွန်းမှာ သူသိချင်သည့်ကိစ္စကို အဖေ့အား မေးလိုက် လေသည်။

“အဖေ”

“ဘာလဲကွ”

“အဖေက ဘာဖြစ်လို့ ကျွန်တော့်ကို အဲဒီအိမ်မှာ သွားနေ ခိုင်းရတာလဲ၊ ကျောင်းတက်တုန်းကတောင် အဆောင်ကနေ တက် လာပြီးမှ အခု ဘာကြောင့် ကျွန်တော်က အဖေ့သူငယ်ချင်းအိမ်မှာ သွားနေရမှာလဲအဖေ”

ကျော်ဒွန်းစကားကြောင့် အဖေသည် ကွမ်းဝါးနေရင်းက ပြုံးလိုက်ရင်း…

“မင်းကို အဲဒီအချိန်တုန်းကတည်းက ဖေသက်က သူ့အိမ် မှာနေခိုင်းနေတာ၊ ဒါပေမယ့် အဖေ စောစောကပြောသလို ဖေသက် ကိုယ်တိုင်က အလုပ်တာဝန်နဲ့ နယ်ကိုရောက်နေတာ၊ ခု သူ ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်နေပြီး အားလုံးလည်း အခြေတကျဖြစ်ပြီဆိုတော့ အလုပ်တာဝန်နဲ့ ရန်ကုန်မှာရှိနေမယ့် မင်းကို ဖေသက်က သူ့အိမ်မှာလာနေခိုင်းတာ ဘာဆန်းလဲကွာ၊ ဘာဖြစ်လို့လဲဆိုတာကတော့ အဖေ့ကျေးဇူးက တစ်ချိန်က သူ့အပေါ်မှာ ရှိခဲ့တာမို့ ဖေသက်က အဲဒီကျေးဇူးကို အဖေ့ကိုယ်စား သားကို ပြန်ဆပ်ချင်တဲ့သဘောပေါ့သားရယ်''

ကျော်ဒွန်း၏ဖခင် ဦးသာခင်မှာ သူ့ကို ဘာကြောင့် ဦးဖေသက်တို့အိမ်တွင် နေခိုင်းရသည့်အကြောင်းကို ကျော်ဒွန်းအား ရှင်းပြလိုက်လေသည်။

''ဖေသက်စိတ်ကို အဖေအသိဆုံးပဲ၊ သူဟာ အဖေ့အပေါ် ကျေးဇူးမဆပ်ရခြင်း ဘယ်လိုမှနေတတ်မယ့်ကောင် မဟုတ်ဘူး၊ ဒါကြောင့် အဖေ့ရဲ့သားဖြစ်တဲ့ မင်းကို ဖေသက်ဟာ အဖေ့ကိုယ်စားကျေးဇူးဆပ်ချင်လွန်းလို့ သားကို သူတို့အိမ်မှာနေခိုင်းတာပဲ၊ ဒါကို မင်းက လက်မခံဘဲ သူတို့အိမ် သွားမနေဘူးဆိုရင် ဖေသက်ဟာ အဖေ့ကို ကျေးဇူးမဆပ်စေချင်လို့ သူထင်သွားလိမ့်မယ်၊ ဒါကြောင့် သားကို အဖေက ဖေသက်အိမ်မှာ နေခိုင်းရတာပဲသား''





တစ်ရွာတည်းနေ သူငယ်ချင်းများဖြစ်သော ဦးဖေသက်သည် တစ်ချိန်က သူ့အပေါ်ရှိခဲ့သည့် အဖေ့ကျေးဇူးများကို ဆပ်ချင်တာနှင့် သားဖြစ်တဲ့သူ့ကို သူတို့အိမ်မှာနေခိုင်းခြင်းက အဖေ့ကျေးဇူးများကို သားဖြစ်သူအား ပြန်၍ ကျေးဇူးဆပ်ချင်လို့ဆိုတာ ကျော်ဒွန်းသိရတော့ ဦးဖေသက်၏ ကျေးဇူးသိတတ်မှုအပေါ် ကျော်ဒွန်းအံ့သြရလေသည်။

ဘာပဲပြောပြော ကျေးဇူးရှင်ကို ပြန်၍ ကျေးဇူးဆပ်ချင်သည့်စိတ်ကပင် ဦးဖေသက်ကို ချီးကျူးရမည်ဖြစ်သည်။

ကျော်ဒွန်းသည်လည်း အဖေ၏ တစ်ချက်လွှတ်အမိန့်နှင့်ပင် ရန်ကုန်ကို ထွက်လာခဲ့ရသည်။

သို့သော်...

သူ့စိတ်ထဲမှာတော့ဖြင့် သမီးမိန်းမပျိုလေးတွေရှိသည့် ဦးဖေသက်အိမ်တွင် မနေချင်ခဲ့ပါ။

သူ့ကြောင့် သူများကို အနှောင့်အယှက် မပေးချင်သလို၊ သူမတို့ကြောင့်လည်း ကျော်ဒွန်းသည် စိတ်အနှောင့်အယှက် မဖြစ်ချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါက ကျော်ဒွန်းအတွေးသာဖြစ်၏။ တကယ်တမ်းတော့ ကျော်ဒွန်းသည်လည်း အဖေ့စကားကို ဘယ်လိုမှ မငြင်းဆန်ရဲဘဲ [illegible]ကိုသာ လက်ခံခဲ့ရသည်။

ကျော်ဒွန်းအနေနှင့် အဖေ့စကားကို ငြင်းဆန်၍မဖြစ်သလို ငြင်းလည်းမငြင်းဆန်ရဲပါ။

အကြောင်းကား…

အဖေသည် အမေမရှိတော့သည့်နောက် သူ့ကို အမေလိုကော အဖေလိုပါ မေတ္တာပေး၍ သူ့အား ဒီအသက်အရွယ် ပညာတွေတတ်အောင် လယ်အလုပ်ဖြင့် ရှာဖွေကျွေးမွေးပြုစု ပညာသင်ပေးခဲ့သူဖြစ်သည်။

အမေဆုံးပြီးနောက် အရွယ်ရှိသေးသော အဖေသည် တစ်ပင်လဲမှ တစ်ပင်ထူဆိုသလို မလုပ်ဘဲ သူ့စိတ်အာရုံအားလုံးကို သားဖြစ်တဲ့သူ့ထံတွင်သာ ထားလျက်နေခဲ့သူဖြစ်သည်။

များလှစွာသော လယ်များ ကိုင်းများကို ကိုယ်တိုင်ဝင်၍ လုပ်တတ်သေးသော အဖေသည် ရွာ၏လူကြီးတစ်ယောက်လည်း ဖြစ်သည်။





အသက်ကြီးသော်လည်း ခေတ်အမြင် ခေတ်အတွေးရှိသော အဖေသည် သူကိုယ်တိုင်က သူ့ရွာကြီးကို ခေတ်မီတိုးတက်စေချင်သလို သူ့ရွာသားတွေကိုလည်း ခေတ်နောက်မကျစေရန်နှင့် အတွေးအခေါ်များကို ခေတ်နှင့်အညီ တွေးခေါ်ရန်လည်း ဆိုဆုံးမတတ်သူဖြစ်သည်။

အဖေ၏ ဒီလို အမြင်ကျယ်မှုကြောင့်ပဲလားတော့ မသိပါ။ ရွာလူကြီးလုပ်ကာ အဖေအုပ်ချုပ်နေသော သူတို့ရွာလေးသည် ရွာသူရွာသားအချင်းချင်း စည်းစည်းလုံးလုံးနှင့်ရှိကာ ခေတ်နှင့်အမီ တိုးတက်လေ၏။

ရွာတွင် စာသင်ကျောင်း၊ ဆေးပေးခန်းတို့နှင့် လမ်းပန်း ဆက်သွယ်ရေးကောင်းသော သူတို့ရွာလေးသည် အေးအေးချမ်းချမ်း သာသာယာယာနှင့် တကယ့်ကို နေချင့်စဖွယ်ကောင်းသည့် ရွာလေး ဖြစ်သည်။

ကျော်ဒွန်းသည် ကိုယ့်ရွာမို့ ကိုယ်ပြောရသည်မဟုတ်ပါ။ [illegible]အနေနှင့် ငယ်ငယ်ကတည်းက ကြီးပြင်းခဲ့ရသော ဒီရွာလေးကို [illegible]သည် သံယောဇဉ်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မတတ်သာလို့ မြို့မှာ ကျောင်းသွားတက်ကာ ရွာကိုခွဲရ ပေမယ့် သူ့အနေနှင့်ကတော့ ရွာကို တစ်ရက်မှမေ့လို့မရခဲ့ပါ။

ဟော…အခု သူကျောင်းပြီးပြန်တော့လည်း သူ၏အလုပ် တာဝန်က ရန်ကုန်တွင် ကျသည်မို့ ကျော်ဒွန်းမှာ ရွာကိုခွဲရပြန်လေ သည်။

ရွာမှမခွဲမီအဖေသည် ကျော်ဒွန်းအား စိတ်မကောင်းသလို ကြည့်ရင်းက…

"သား မင်းဟိုရောက်ရင် ကျန်းမာရေးကို ဂရုစိုက်နော် ပြီးတော့ အမေ့ဆီလည်း မင်း စာရေးဖို့မမေ့နဲ့၊ အဖေ အလူးမှာချင်တာ ကတော့ မင်း ဖေသက်တို့အိမ်ကလွဲပြီး ဘယ်မှာမှမနေဖို့ပဲ၊ အဖေ့ စကားကို မင်း သေချာမှတ်သွားနော်သား"

ဟူသည့် အဖေ့စကားနှင့်ပင် ကျော်ဒွန်းတစ်ယောက် ဦးဖေ သက်ရှိရာအိမ်ကို ရောက်လာခဲ့ရတော့သည်။



## အခန်း (၃)

အဖေပေးလိုက်သည့် လိပ်စာအတိုင်း ကျော်ဒွန်းသည် ဦးဖေသက်ပိုင်ဆိုင်ရာ ခြံကြီးရှေ့ကို ရောက်ရှိခဲ့ရပြီဖြစ်သည်။

'သက်ရိပ်မြုံ'။ အနက်ခံပေါ်တွင် အဝါရောင်စာလုံးကြီး များဖြင့် ရေးထားသည့် ခြံရှေ့တွင် ရပ်ရင်း ကျော်ဒွန်းတစ်ယောက် ခြံထဲကို လှမ်းကြည့်လိုက်သည်။

အင်း…အဖေပေးလိုက်တဲ့ လိပ်စာအတိုင်းဆိုရင်တော့ ဦးဖေသက်ရဲ့ ခြံဟာ ဒီခြံကြီးတော့ သေချာနေပြီ၊ ဒါပေမယ့် ခက်တာကလည်း ခြံထဲမှာ လူရိပ်လူယောင်ဆိုလို့ တစ်ယောက်မှ ခုချိန်ထိ မတွေ့ရသေးဘူး၊ တိုက်ထဲမှာ လူတွေမှရှိပါရဲ့လား မသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။

ကျော်ဖွန်းသည် သံတံခါးကြားမှ ခြံထဲကို လှမ်းကြည့်ရင်းက တွေးလိုက်လေသည်။

"ဟင်"

ပျူလေး အံ့သြသွားရသည်။

ခြံရှေ့တွင် ကားရပ်သံကြားသဖြင့် ပျူလေးသည် ခြံထဲတွင် သတင်းစာဖတ်နေရာမှ သူမအကြည့်များက ခြံရှေ့သို့ ရောက်သွားရတော့ ခြံရှေ့သံတံခါးကြားမှနေ သူမတို့တိုက်ကြီးထဲသို့ လှမ်းကြည့်နေသည့် လူတစ်ယောက်။

ချည်ချောပုဆိုးကွက်ပြာ လုံချည်ခပ်တိုတိုနှင့် စပို့ရှပ်အဖြူဝတ်ထားသော ဒီလူသည် ဘယ်သူများပါလိမ့်။

ထို့အတူ…

သည်လူသည် ဘာကြောင့်များ ပျူလေးတို့ခြံထဲကို ဒီလောက် သည်းသည်းမည်းမည်းကြီး ကြည့်နေရတာပါလိမ့်။

ပျူလေး ကြည့်နေရင်းက ရင်ထဲ သံသယစိတ်များ ပိုကြီးထွားလာရသည်။





ဘုရား…ဘုရား…။

သည်လူ ဒီလူ…သူမတို့အိမ်ကို မဟုတ်တာကြံဖို့များ ရောက်လာရသည်လား။

ထိုအတွေးကဝင်လာတော့ ပျူလေးရင်ထဲ စိုးရိမ်ထိတ်လန့်မှုများ ကြီးသွားရသည်။

ပြောလို့ရသည်မဟုတ်ပါ။ ဖေဖေသည် ဟစ်နေကုန် အလုပ်သွားနေတတ်သည်မို့ အိမ်တွင်မရှိတတ်သလို ရတနာပွဲစားဖြစ်သည့် မေမေသည်လည်း အိမ်တွင်မရှိပါ။

ဖေဖေ မေမေနည်းတူ မမခွာညီဖြူကလည်း ကျောင်းသို့သွားသည်မို့ အခုအိမ်တွင်မရှိ။

ရှိသည့်လူဆို၍ ပျူလေးနှင့် ထမင်းချက်အဒေါ်ကြီးရှိလေသည်။ အဒေါ်ကြီးကလည်း နောက်ဖက်မီးဖိုထဲတွင် သူလုပ်စရာရှိသည့်အလုပ်များကို လုပ်နေသည်မို့ ပျူလေးသည် တစ်ယောက်တည်း ပျင်းပျင်းနှင့် ခြံထဲဆင်းကာ သတင်းစာဖတ်နေခြင်းဖြစ်သည်။

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင်လို့ပင် ပြောရမည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမခြံထဲတွင် စာထိုင်ဖတ်နေတုန်း ခြံထဲ ဒီလူကြည့်နေသည်ကို ပျူလေးသည် တွေ့လိုက်ရခြင်းဖြစ်သည်။

သူမထိုင်နေသည့်နေရာနှင့် ခြံရှေ့ ဒီလူရပ်နေသည့်နေရာက ခပ်လှမ်းလှမ်းကျသည်မို့ သူ့ရုပ်သွင်ကို သေချာစွာ မမြင်ရပေမယ့် ခပ်လှမ်းလှမ်းကနေ သူမလှမ်းမြင်ရသည့် သူ့ပုံစံကတော့ အသား မဖြူမညို၊ အရပ်မြင့်မြင့်၊ ဆံပင်ထူထူတိုတို၊ နှာတံပေါ်ပေါ်၊ မျက်ခုံးကြီးထူထူနှစ်ဖက် ထင်းနေသည်ကတော့ ပျူလေး အဝေးကပင် လှမ်းမြင်နေရပြီဖြစ်သည်။

အင်း…ဒီလူကြီးပုံစံက အဝေးကကြည့်ရပုံကတော့ မဆိုး ပါဘူး။ ဒါပေမယ့် ခက်တာက သူ ဘာကိစ္စနဲ့ ခြံရှေ့ရောက်နေရတာ ဝဲ၍လိမ့်။

မျက်မှောင်လေးကုတ်ကာ ပျူလေးစဉ်းစားရင်း သူမခြေလှမ်းများက ထိုလူ့အနားသို့ တိုးကပ်လာခဲ့သည်။

ထိုအချိန်ထိ ကျော်ဒွန်းသည် ပျူလေးကို မမြင်မိသေး တိုက်ထဲကထွက်လာမည့် သူကိုသာ ကျော်ဒွန်းသည် ကြည့်နေလေသည်။





ပျူလေးနှင့် ကျော်ဒွန်းမှာ တစ်ယောက်နှင့် တစ်ယောက် သိပ်မကွာဝေးသည့်အနေအထားကို ရောက်သည့်အခိုက်မှာတော့…

"ဟင်"

"ဟာ"

အသံနှစ်ခုက မမျှော်လင့်ပါဘဲ တိုက်ဆိုင်စွာ ထွက်သွားရလေသည်။

သို့သော်…

အကြည့်တွေကတော့ မတူပါပေ။

ကျော်ဒွန်း၏အကြည့်တွေက ပျူလေးကို မြင်လိုက်ရသည့်အတွက် အားတက်သွားရသလိုအကြည့်မျိုး။ ပျူလေးအကြည့်ကမြန်တော့ ကျော်ဒွန်း၏ ရုပ်သွင်ကို ယခုလို အနီးကပ်တွေ့လိုက်ရသဖြင့် အံ့သြသွားရသလိုမျိုး အကြည့်ဖြစ်သည်။

ပျူလေး အံ့သြသွားရသည်ကလည်း တခြားကြောင့်တော့ ပင် မဟုတ်ပါပေ။

အဝေးက မြင်ခဲ့ရသည့် ဒီလူ၏ ရုပ်သွင်ကို ဒီလောက် ယောကျ်ားပီပီသသနှင့် တည်ကြည်ခန့်ညားလိမ့်မည်လို့ ပျူလေး



www.burmeseclassic.com

www.burmeseclassic.com



မထင်ခဲ့သမျှ ယခုလို မထင်မှတ်ဘဲ သူ့ရုပ်သွင်ချောချောကြီးကို အနီးကပ်တွေ့လိုက်ရသောအခါ ပျူလေးသည် အံ့သြသွားရခြင်းဖြစ်သည်။

"ဟေး…ညီလေး"

"အင်"

ထိုလူနှုတ်မှ သူမကိုခေါ်လိုက်သံကြောင့် ပျူလေးမှာ ကိုယ်လေး ဆတ်ခနဲတွန့်သွားရခြင်း ဖြစ်သည်။

ကြည့်စမ်း…

ပျူလေးကို ခေါ်လိုက်တာများ ဟေးညီလေးတဲ့လား။ ဒီအခေါ်ကိုတော့ ပျူလေး ကြိုက်ပါသည်။

နဂိုကမှ ယောကျ်ားလေးစိတ် ဝင်နေပါသည်ဆိုတဲ့ကြား က ကျော်ဒွန်း၏ ခေါ်လိုက်သံကြောင့် ပျူလေးစိတ်မှာ သဘော တကျနှင့် သူမအကြိုက် ဖြစ်သွားရပေမယ့် ထိုလူသည် ဘယ်သူဆို တာကိုဖြင့် ပျူလေးမသိသေးသည်မို့ မျက်နှာလေးကို တည်တည် တင်းတင်းလေး ထားလိုက်ရင်းက…

"ခင်ဗျားဘယ်သူလဲ…ဘာကိစ္စလဲ၊ ပြီးတော့ ဘယ်သူ့





တွေ့ချင်လို့လဲ"

မျက်ခုံးထူထူနက်နက်လေးကို ကုတ်ကွေးကာ မေးခွန်းတွေ တရစပ်ကြီး မေးချလိုက်ပါသော သူ့ရှေ့က ချာတိတ်လေးကိုကြည့် ပြီး ကျော်ဒွန်းသည် နှုတ်ခမ်းကိုပင် ပြန်မစေ့နိုင်တော့အောင် အံ့သြ သွားရသည်။

ကြည့်ပါဦး…

ညီလေးလို့ သူခေါ်လိုက်သည့် ချာတိတ်လေးသည် သူဘယ်လိုမှ မထင်မှတ်ထားသည့် မိန်းကလေးဖြစ်နေပါလား။

မထင်ခဲ့ပါ။

သည်ချာတိတ်ကို သူသည် မိန်းကလေးတစ်ယောက် ဖြစ်လိမ့်မည်လို့ ကျော်ဒွန်း နည်းနည်းလေးမှ မထင်ခဲ့ပါ။

တကယ်တော့ သူမထင်သည်ကလည်း မထင်စရာပင်ဖြစ် သည်။ သူမလေး၏ ပုံစံသည် ဝတ်ထားသည်ကအစ စကားပြော သည်အဆုံး မသိပါက တကယ့်ယောကျ်ားလေးတစ်ယောက်လိုပင် ဖြစ်သည်။

သို့သော်…



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာလေးကို အခုလို သေချာအနီးကပ်တွေ့ရပြန်တော့လည်း သူ့ရှေ့က ချာတိတ်က အလိုလို မိန်းကလေးဆိုတာ ဝန်ခံနေရသည်။

ကြည်စင်ရွှန်းစိုသော မျက်ဝန်းလေးအစုံနှင့် ဖူးဥနုထွေးနေသော မျက်နှာဝင်းဝင်းလေးက ဘာဆိုဘာမှ လိမ်းခြယ်မထားပါဘဲ ပြောင်ရှင်းဝင်းစိုနေကာ မျက်တောင်ရှည်ထူထူကော့ကော့ကြီးများနှင့် ဒီချာတိတ်သည် တော်တော်လှသည့် မိန်းကလေးပင်ဖြစ်သည်။

အနီးကပ်ကြည့်လေ သူမလေးအလှက ပို၍ထင်ရှားရလေမို့ ကျော်ဒွန်းသည် သူမလေးကို ဘာရယ်မဟုတ်ပါဘဲ ခပ်စိုက်စိုက်လေး ကြည့်မိသွားရသည်။

အင်း…အသက်ကတော့ အလွန်ဆုံးရှိမှ ဆယ့်ခုနစ်၊ ဆယ့်ရှစ်နှစ်ကျော်မည် မထင်သေးပါ။ ကျော်ဒွန်းနှင့်ကွာလှ ခုနစ်နှစ် ရှစ်နှစ်လောက်တော့ ငယ်မည်ထင်။

ဝတ်ထားသည်ကလည်း ကြည့်ဦး၊ မိန်းကလေးဆိုတာ အနီးကပ်မြင့်ရသည့် မျက်နှာလေးကိုကြည့်၍သာ ယုံရပါသည်။ သူမပုံစံက တစ်စက်လေးမှ မိန်းကလေးပုံစံမရောက်။





ဂျင်းဘောင်းဘီ ခပ်နွမ်းနွမ်း တီရှပ်ပွပွဖားဖားနှင့် ဆံပင်တိုခပ်အုပ်အုပ်က ကြည်စင်နုထွေးသော သူ့မမျက်နှာလေးထက် ကပိုကရိုဝဲကျကာ သူ့အား မျက်ဝန်းစူးစူးလေးနှင့် စူးစမ်းသလိုကြည့်နေသော သူမလေးသည် ဘယ်သူပါလိမ့်။

အဖေပြောလိုက်သည့် အဖေ့သူငယ်ချင်း အန်ကယ်ဦးဖေသက်ရဲ့ သမီးနှစ်ယောက်အနက်က အကြီးလား အငယ်လားဆိုသည်ကို ကျော်ဒွန်း မျက်မှောင်ကြီးကုပ်ကာ စဉ်းစားနေမိသည်။

ဖူးလေးမှာလည်း သူမမေးသည်ကို မဖြေဘဲ သူမမျက်နှာဆိုသာ မျက်မှောင်ကြီးကြုတ်ကာ တွေတွေကြီး စိုက်ကြည့်နေသည့်သူမနှင့် သံတံခါးကြီးခြားနေသော လူကြီးကို ကြည့်ပြီး နှုတ်ခမ်းသားက အလိုလို စူချင်လာရသည်။

ထို့အတူ…

လူကလည်း စိတ်တိုလာရသည်မို့…

"ဟော့လူကြီး"

"ဟင်"

ကျော်ဒွန်း ဆတ်ခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း…မိန်းမ မဟုတ် ယောကျ်ားမဟုတ်နှင့် ဒီချာတိတ် သူ့ကို ဘယ်လိုခေါ်လိုက်တာပါလိမ့်။

လူကပင် အချိုးမပြေသည်လား အောက်မေ့ပါသည်။ သူ့အား ခေါ်ပုံခေါ်နည်းကလည်း နည်းနည်းလေးမှ အချိုးမပြေ။

အတွေးနှင့် ကျော်ဒွန်းတစ်ယောက် မျက်ခုံးထူထူကြီး ပိုတွန့်ကြုတ်သွားရပြီး…

"အမိက ကျုပ်ကိုခေါ်တာလား"

"ဘာဗျ"

သူ့စကားကြောင့် ပျူလေးမှာ ဒေါသဖြစ်သွားရသလို လူက ရှုံးရှုံးရှားရှားဖြစ်သွားရကာ…

"ခင်ဗျားနော်…လူကို ဘယ်လိုခေါ်တာလဲ"

"ကျုပ်ခေါ်တာ ဘာမှားလို့လဲ"

ကျော်ဒွန်းမှာ သူမအဖြစ်ကို နားမလည်ရသလိုမျိုး မေးလိုက်တော့ ပျူလေးသည် သူမကို ဒီလူကြီးသည် အရွဲ့တိုက်သည်ထင်ကာ ဒေါသတွေ ပိုလို့ဖြစ်သွားရပြီး…

"ဘာမှားလို့လဲဟုတ်လား၊ ခင်ဗျားခေါ်တာကိုက မှားနေ





တာဗျ"

ပြောရင်းက ပျူလေးသည် သူမရှေ့က လူကြီးကို နှုတ်ခမ်းဖူးဖူးလေး ခပ်တင်းတင်းစေ့ပိတ်ရင်းက မကျေမနပ်လေး စိုက်ကြည့်ကာ ပြောလိုက်သည်။

"ဟ…ကျုပ်ခေါ်တာ ဘာမှားလို့လဲ၊ မင်းက မိန်းကလေးမို့ မင်းကို အမိလို့ခေါ်တာ၊ ကျုပ်မှားလား"

"မှားတယ်ဗျ…မှားတယ်၊ ကျွန်တော့်ကို ခင်ဗျားမိန်းကလေးလို့ မပြောနဲ့"

ရော်…ခက်ချေပြီ။

မိန်းကလေးမြင်လို့ မိန်းကလေးလို့ ပြောသည်ကိုပင် ဒီချာတိတ်မက သူ့စကားကို တူးတူးခါးခါးဖြစ်ရသည့်အဖြစ်။

ကျော်ဒွန်းမှာ ဖြစ်ရလေခြင်းဆိုတဲ့ အတွေးနှင့် သူ့ရှေ့က ချာတိတ်မကိုကြည့်ကာ လူက ပြုံးချင်ချင် ဖြစ်သွားရသည်။

ဒါကိုပင် ပျူလေးသည် အမိအရ မြင်တွေ့လိုက်ဟန်နှင့် သူ့အား ဂျစ်ကန်ကန်လေးကြည့်လာကာ…

"ခင်ဗျား…ခင်ဗျား ဘာပြုံးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ယောဗျာ…မင်းလေးရှေ့မှာ ကျုပ်ဘာသာကျုပ်တောင် မပြုံးရတော့ဘူးလား"

ပျူလေးမှာ သူမကိုကြည့်ပြီး မျက်နှာကြီး မချိုမချဉ်နှင့် ပြုံးစိစိဖြစ်နေသော လူကြီးကို ကြည့်မရစွာ ပြန်ကြည့်ရင်း…

"ခင်ဗျားဘာသာ ခင်ဗျား ပြုံးရင်တော့ ဘာအရေးလဲ၊ ခုဟာက ခင်ဗျားကြီး ကျွန်တော့်ကိုကြည့်ပြီး ပြုံးတာမဟုတ်လား"

အဟွန်း…ဒီလိုဆိုတော့လည်း ဒီချာတိတ်မ သူ့ကိုယ်သူ သိနေပါလားဆိုသည့် အတွေးနှင့် ကျော်ဒွန်းသည် မလုံမလဲဖြစ်နေသည့် သူ့ရှေ့က ချာတိတ်မအဖြစ်ကို ပို၍ပြုံးချင်သွားရကာ…

"နေပါဦး မင်းက အခု မင်းကိုယ်မင်း မလုံမလဲဖြစ်နေတာလား"

"ဟင်…ခင်ဗျား…ခင်ဗျားကြီးနော်"

ကြည့်မရပါဘူးဆိုမှ ပို၍ကြည့်မရစွာ ပြောလိုက်သည့် လူ့ခွစာကြီးစကားကြောင့် ပျူလေး မျက်နှာရဲသွားကာ လူကလည်း ရှက်ကိုးရှက်ကန်းဟန် အခံရခက်ခက်ကြီးနှင့် ဒေါသတွေဖြစ်ပြီးရင်း ဖြစ်သွားရသည်။





သို့ပေမယ့်…

ကျော်ဒွန်းကတော့ဖြင့် သူမအဖြစ်ကို ဂရုမစိုက်မိပါပေ။ အဝေးကလာရသည့်လူကို ခရီးဦးကြိုမကြိုသည့်အပြင် ရောက်ရောက်ချင်းမှာပင် သူနှင့် ဘုနှင့်ဘောက် ဖြစ်နေရသည့် ချာတိတ်ကိုသာ ကျော်ဒွန်းသည် ပိရိတိကျသော နှုတ်ခမ်းအစုံကို တင်းတင်းစေ့လျက် ကြည့်လိုက်တော့ ပျူလေးသည်လည်း သူ့ကို ဒေါသတွေနှင့် ကြည့်နေသည်မို့ သူတို့နှစ်ဦးမှာ မထင်မှတ်ဘဲ အကြည့်ချင်းဆုံသွားရသည်။

အို…။

ကျော်ဒွန်းရင်ထဲတွင်တော့ ဘယ်လိုဖြစ်သွားသည်မသိပါ။ ပျူလေးရင်ထဲမှာတော့ဖြင့် ကျော်ဒွန်း၏အကြည့်စူးစူးကြီးကြောင့်လည်း ရင်ခုန်သံတွေ ဘယ်လိုဖြစ်ကုန်ရသည်မသိတော့။

ထို့အတူ…

စောစောက သူ့အပေါ် ဖြစ်နေရသည့် ဒေါသများသည်လည်း ပျူလေးရင်ထဲကနေ ဘယ်လို လွင့်စင်ပျောက်ကွယ်သွားရမှန်း မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့တွင်ရှိနေသည့် သူမအဖြစ်ကိုပင် ပျူလေးသည် သူမကိုယ်သူမ မလုံမလဲဖြစ်လာရကာ မျက်နှာရဲရဲလေးနှင့် နှုတ်ခမ်းလေးဖိကိုက်လိုက်ပြီး...

"ခင်ဗျားကြီး ဒီခြံရှေ့ကို ဘာကိစ္စရောက်နေရတာလဲ"

"ကျုပ် ဒီခြံမှာနေဖို့ ရောက်လာတာ"

"ဘာဗျ"

"ခင်ဗျား...ခင်ဗျား ဘာပြောတာလဲ၊ ဒီခြံမှာနေဖို့ ရောက်လာတာဟုတ်လား"

ပျူလေးမှာ ခရီးဆောင်အိတ်ကြီး ဘေးချကာ ဒီခြံမှာနေဖို့ ရောက်လာတာပါဟု ပြောနေသော လူ့ခွစာကြီးကို ကြည့်ပြီး မျက်လုံးလေးပြူးကြည့်လျက် တအံ့တသြဖြစ်နေရသည်။

အင်း...ချောတာကတော့ ဒီလူပုံစံက ယောကျ်ားပီပီသသ နဲ့ တကယ့်ကို ချောသည့်လူပါလား။

ညိုသော်လည်း စိုပြေသောအသားအရေနှင့် မျက်နှာအ[illegible] သေသပ်လှပကာ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်နှင့် စူးရှသ[illegible] မျက်ဝန်းများကို ပိုင်ဆိုင်ထားသော သူသည် ဝိရိတိကျ[illegible]





နှုတ်ခမ်းများဖြင့် တည်ကြည်ခန့်ညားကာ ယောကျ်ားပီသသူ ဖြစ်သည်ကိုတော့ဖြင့် ငြင်း၍မရပါ။

သည်လူကြည့်ရတာ စကားကို အပျော်အပျက် ခပ်ပေါ့ ပေါ့ပြောတတ်သူမျိုးတော့ဖြင့် မဟုတ်။

ဒါဖြင့် သူ စောစောက ပြောလိုက်သည့် စကားများသည် [illegible]ကယ်ပင် ပြောလိုက်ခြင်းပေပဲလား။

ဒီခြံမှာနေဖို့ ရောက်လာသည်ပြောရအောင် သူဘယ်သူ [illegible]းပါလိမ့်။ သူမတို့အသိထဲတွင် ဒီလိုရုပ်ရည်နှင့်လူမျိုးကိုဖြင့် [illegible]လေး တစ်ခါမှ မမြင်မတွေ့ဖူးခဲ့ပါ။

နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်လျက် စူးရှသော မျက်ဝန်း[illegible]နှင့် ကြည့်နေသောသူသည် မမခွာညိုဖြူတို့နှင့် သက်တူရွယ်တူ [illegible]ောက်ပင် ဖြစ်ပါလိမ့်မည်။

ဒါဖြင့် သူသည် မမခွာညိုဖြူ၏ အသိမိတ်ဆွေများလား။ [illegible]အင်း...ဒါလည်းမဖြစ်နိုင်။

မမခွာညိုဖြူသည် ယောကျ်ားလေးမိတ်ဆွေ ထားတတ်သူ [illegible]။ တက္ကသိုလ်မှ ဆရာမဟူသော ဂုဏ်နှင့်အညီ မမခွာညိုဖြူ



www.burmeseclassic.com

www.burmeseclassic.com



သည် ဣန္ဒြေသိက္ခာကြီးမားကာ အေးဆေးတည်ငြိမ်စွာ နေတတ်သ
ဖြစ်သည်။

မမစ္စာညိုဖြူဘဝတွင် သူမနှင့် စေ့စပ်ထားသည့် ကိုရ
နိုင်လတ်မှလွဲ၍ ဘယ်ယောကျ်ား တစ်ဦးတစ်ယောက်နှင့်မှ ရင်းန
ပတ်သက်ခဲ့ခြင်းမရှိခဲ့။

ယခုလိုမျိုး ယောကျ်ားတစ်ယောက် အိတ်ဆွဲအိမ်လိုက်လ
သည့် အသိမိတ်ဆွေမျိုးဆိုတာ မမစ္စာညိုဖြူအတွက် သာ၍ဝေး
တော့မည်။

ပျူလေးသည် ထိုသူကိုကြည့်ကာ သို့လော သို့လော
စဉ်းစားနေသလို ကျော်ဒွန်းမှာလည်း သူ့ကို ခုချိန်ထိ အိမ်ထဲ
ဝင်ခွင့်ပေးဖို့နေနေသာသာ ခြံတံခါးကိုပင် ခုချိန်တိုင် မဖွင့်ပေးသေ
သည့်အဖြစ်ကြောင့် နဂိုကမှ သိပ်စိတ်မရှည်ရသည့်ကြား လူ
စိတ်ကသိကအောက် ဖြစ်လာရပြီး…

"ဒီမှာအမိ…ကျုပ်ကို ဒီအတိုင်းထားတော့မှာလား"

"ဟင်"

ကျော်ဒွန်းစကားကြောင့် ပျူလေးမှာ မျက်တောင်ရှည်





တဖျတ်ဖျတ်ခတ်လိုက်တော့ ကျော်ဒွန်းရင်ထဲ လှိုက်ခနဲဖြစ်သွားရ
သည်။

ဒီချာတိတ်မ၏ ရိုးစင်းသောမျက်နှာလေးနှင့် ကြည်စင်
က်မှောင်သော မျက်ဝန်းလေးကို မြင်မြင်ချင်းမှာပင် ကျော်ဒွန်း
င်မင်စိတ်ဝင်ခဲ့မိပါသည်။

သို့သော်…

လူနှင့်မလိုက် ဝတ်တာစားတာက အချိုးမပြေလွန်းလှ
လို စကားပြောတာလည်း နည်းနည်းလေးမှ ထောင့်မကျိုးသည့်
လေးကို ကျော်ဒွန်းသည် အသည်းယားယားကြီးနှင့် မချင့်မရဲ
ည်း ဖြစ်ရသည်မို့ မျက်မှောင်ကြီး တွန့်ခနဲနေအောင် ကြုတ်လိုက်
…

"ဒီအိမ်က ဦးဖေသက်နဲ့ ဒေါ်သက်ထားတို့အိမ်တော့
က်ပါတယ်နော်"

ဘုရားရေ…။

ဖေဖေနှင့်မေမေ နာမည်ကို မေးနေသော လူ့ခွစာကြီး
ကြောင့် ပျူလေးသည် မျက်နှာလေး ပင့်တက်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်…

"ဖေဖေနဲ့ မေမေ့ကို ခင်ဗျားသိလို့လား"

"မသိဘူး"

"ဘာဗျ"

"နေဦး…ကျုပ်က မသိပေမယ့် ကျုပ်အဖေကတော ခင်ဗျားလေးအဖေနဲ့က သိတယ်"

"ခင်ဗျားအဖေက ဘယ်သူမို့လို့လဲ"

"သာယာစမ်းရွာက ရွာလူကြီး ဦးသာခင်ဆိုရင် ခင်ဗျ အဖေသိတယ်"

"ဟင်"

ပျူလေး အံ့ဩသွားရသည်။ သာယာစမ်းရွာမှ ဦးသာ သည် ဖေဖေ့အပေါ် ကျေးဇူးတွေရှိကြောင်း အမြဲသတိတရ ပြောတတ်သည်မို့ မေမေအပါအဝင် ပျူလေးတို့ ညီအစ်မနှစ်ယော သည် သာယာစမ်းရွာမှ ဖေဖေ့ကျေးဇူးရှင် ဦးသာခင်၏ နာမည် တော့ သူမတို့ ရင်းရင်းနှီးနှီးကြီး သိနေရပြီဖြစ်သည်။

တစ်နေ့ကြုံလျှင် ဖေဖေသည် သူ့ကျေးဇူးရှင် ဖြစ်သေ





ဦးသာခင်ကို ကျေးဇူးပြန်ဆပ်ရမည့်အကြောင်း အမြဲပြောဆိုတတ်သူ မို့ ပျူလေးတို့ ညီအစ်မသည်လည်း ဦးသာခင်ကို ဖေဖေ့ကျေးဇူးရှင် တစ်ယောက်အနေနှင့် စိတ်မှာ အသိအမှတ်ပြုထားခဲ့လေသည်။

တလောကတော့ ဖေဖေသည် သူ့ကျေးဇူးရှင်ဖြစ်သော ဦးသာခင်၏သားကို အိမ်တွင်ခေါ်ထားမည့်အကြောင်း ပြောပေမယ့် ပျူလေးသည် ကလေးပီပီ အမှုမဲ့အမှတ်မဲ့သာ နေခဲ့ပါသည်။

ဦးသာခင်၏သားသည် ဘယ်သူဘယ်ဝါ ဘာအလုပ် အကိုင်နှင့် သူတို့အိမ်တွင် နေမည်ဆိုတာကိုတော့ ပျူလေး ဘာမှ မသိခဲ့။

ပျူလေးဆိုသည့် သူမကလည်း အလုပ်ကိစ္စကမှလွဲလျှင် ချွန်သည့်ကိစ္စကို သိပ်ပြီးစိတ်ဝင်စားတတ်သူတော့ဖြင့် မဟုတ်ပါ ပေ။

ဒါကြောင့်လည်း ဦးသာခင်သား ဘယ်သူဘယ်ဝါဆိုတာ ကို ပျူလေး ကောင်းကောင်းမသိခြင်းဖြစ်သည်။

သိသည့် ဖေဖေနှင့် မေမေ မမခွာညိုဖြူကြပြန်တော့လည်း အိမ်မှာမရှိကြ။



www.burmeseclassic.com

www.burmeseclassic.com



ခက်ပြီ၊ အခုမှခက်ရပြီဟူသော အသိနှင့် ပျူလေးသည် စိတ်ရှုပ်သလို ဆံပင်တိုတိုထူထူလေးထဲ လက်ကို ခပ်ဖွဖွထိုးသွင်း ဖွလိုက်မိသည်။

သူမရှေ့ သံတံခါးဝတွင် ရပ်နေသော လူ့ခွစာကြီးသည် တကယ်ပဲ ဖေဖေ့ကျေးဇူးရှင်ရဲ့သား ဖြစ်နေလေသည်လား။

ဒါမှမဟုတ် အိမ်တွင် မိန်းမသားတွေပဲရှိနေသည်ဆိုကာ သူမတို့အား လာ၍လိမ်ညာနေသည့် လူလိမ်လူညာပေပဲလား။

သူ့ပုံစံကတော့ဖြင့် ပျူလေး စိတ်မှာ သံသယဖြစ်ရသလို မျိုး မဖြစ်နိုင်ပါ။

တည်ကြည်ခန့်ညားသောရုပ်သွင်နှင့် ယောကျ်ားပီသလွန်းသော သူ့မျက်နှာချောချောကြီးမှာ ရိုးသားဖြောင့်မတ်မှုတွေ မြင်တွေ့နေရသည်ပဲလေ။

ဒီလူသာ တကယ်ပဲ သာယာစမ်းရွာမှ ဦးသာခင်၏သား ဖြစ်နေရင်တော့ ပျူလေး သူ့ကို ဒီအတိုင်းထားခြင်းသည် အလွန်အားနာ မျက်နှာပူဖို့ပင် ကောင်းပါတော့သည်။

သို့ပေမယ့်လည်း ခက်သည်က ပျူလေးသည် သူ့ကို





တစ်ကြိမ်တစ်ခါမှ မမြင်တွေ့ဖူးသည်မို့ သူ့စကားကိုယုံကာ ဘယ်လိုနည်းနှင့် တံခါးဖွင့်ပေးရမှာသည်တဲ့လဲ။

မတတ်နိုင်ပါ။

ဖေဖေ မေမေနှင့် ခွာညိုဖြူတို့ ပြန်မလာချင်းတော့ ပျူလေးသည် ဒီလူကို ခြံရှေ့တွင် ဒီအတိုင်းပင်ထားရဦးမည်ဖြစ်သည်။

ဒါကိုမှ ပျူလေးကို ဧည့်ဝတ်မကျေရကောင်းလားဆိုကာ ထင်ရင်ဖြင့်လည်း ပျူလေး မတတ်နိုင်တော့ပါ။

ဘာပဲပြောပြော ယောကျ်ားလေးစိတ် ဘယ်လိုပင် ဝင်ပါသည်ဆိုဆို ပျူလေးသည် လူဆိုးသူခိုးများကိုတော့ အမှန်ပင် ကြောက်သည်မဟုတ်ပါလား။

“ဟေး...ဖွင့်လေကွာ ခြံတံခါး”

“အို...မဖွင့်နိုင်ပါဘူး”

“ဘာကွ”

သူ့အား မေးမြန်းပြီး ခြံတံခါးဖွင့်ပေးမည်ထင်နေသော မျက်ခွန်းမှာ တကယ်တမ်း သူထင်သလို ခြံတံခါးကို ဖွင့်မပေးသာအခါ လူက ဒေါသတွေထိန်းမရချင်တော့ဘဲ ခြံတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်နိုင်းလိုက်လေသည်။

သို့သော်...

သူ့ရှေ့က ချာတိတ်မသည် ခြံတံခါးကို မဖွင့်ပေးသည့် အပြင် သူ့အား မယုံသလို သံသယမျက်လုံးနှင့် ကြည့်လာသည် မို့ ကျော်ဒွန်း မခံချင်စိတ်နှင့် မျက်နှာကြီး တည်ခနဲဖြစ်သွားရ၏။

"မင်းကဘယ်သူလဲ...ဒီခြံရဲ့ခြံစောင့်လား"

ကျော်ဒွန်းမှာ သူ့ရှေ့က ချာတိတ်မကို တမင် အမြင်ကတ် ကတ်နှင့် မေးလိုက်တော့ ပျိုလေးသည် နှုတ်ခမ်းစူသွားရပြီး...

"လူကို သေချာကြည့်ပြီးမှ ပြောပါ၊ ခြံစောင့်ရပ်လား ဆိုတာ"

"အေး...ကျုပ်ကြည့်မိရသလောက်ကတော့ မင်းဟာ ဒီခြံ ရဲ့ခြံစောင့် ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် ဒီခြံရဲ့မာလီပဲဖြစ်ရမယ်"

"ဘာဗျ...ခင်ဗျားကြီး...ခင်ဗျားကြီး"

ပျိုလေးတစ်ယောက် ဒေါသတွေနှင့် ဆွေ့ဆွေ့ခုန်သွားရ သည်။

ကျော်ဒွန်းကတော့ သူမအဖြစ်ကို ဂရုမစိုက်ပါ။ စိတ်ထဲ





ခပ်ချဉ်ချဉ်ရှိသမျှ ပြောလိုက်ရသည်ကိုပင် လူက ကျေနပ်သလို ရှိသွားရကာ...

"ခင်ဗျားကြီး လုပ်မနေနဲ့၊ ဘယ်မလဲ မင်းရဲ့အလုပ်ရှင် တွေ၊ သွားခေါ်လိုက်၊ ဒါမှမဟုတ် သာယာစမ်းရွာက ဦးသာခင်ရဲ့ သား အင်ဂျင်နီယာကျော်ဒွန်း ရောက်နေတယ်လို့ မင်းသွားပြော လိုက်"

တောက်...ကြည့်စမ်း လူကိုများ ရာရာစစ ဒီအိမ်မှာ ခိုင်းဖို့ခေါ်ထားသည့် သူ့အလုပ်သမားများ မှတ်နေသည်လားမသိပါ။ လူကိုများ ပြောလိုက်လို့ပင် သင်းက စီးစီးပိုးပိုး ခိုင်းနေသေး၏။

ပြီးတော့ သူ့ကိုယ်သူ သာယာစမ်းရွာက ဦးသာခင်၏ သား ကျော်ဒွန်း ရောက်နေသည်လို့ ရိုးရိုးမပြောဘဲ သူ့ဂုဏ်ပုဒ်ကို အစီးအပိုး အညွှန်းကြီးနှင့်ပင်ထည့်ကာ အင်ဂျင်နီယာကျော်ဒွန်းပါလို့ ပြောလိုက်သည်ကတော့ ဒီလူ အလကားနေ ဘဝင်မြင့်နေသည့်လူပဲ ဖြစ်မည်။

ဖြစ်နိုင်သည်။ ပုံစံကိုကြည့်ပါလား ပညာလေးတတ်ကာ နုပ်ရည်လေး ကြည့်ကောင်းတာနှင့်ပင် သူ့ကိုယ်သူ အောက်ခြေ



www.burmeseclassic.com

www.burmeseclassic.com



လွတ်ကာ အလကားနေ ဘဝင်ကိုင်နေသည့်လူဖျင်း။

ပျူလေးမှာ ကျော်ဒွန်းကို ကြည့်မရစွာ စိတ်ထဲကနေ [illegible] စေဖန်နေတော့သည်။

ဒါကို ကျော်ဒွန်းကတော့ဖြင့် မသိပါပေ။ မျက်နှာတည် အည်ကြီးဖြင့်သာ သူမလေးကိုကြည့်ရင်း…

"ဟိတ်…သွားပြောလေကွာ၊ ဒီမှာ ကျုပ်ပြောနိုင်းတဲ့အတိုင်း မင်းရဲ့အိမ်ရှင်တွေကို"

လွန်ပြီ။ ဒီလူကြီး ဒါတော့ သိပ်လွန်နေရပြီဖြစ်သည်။ သူပြောနိုင်းတိုင်း ပြောရအောင် ပျူလေးက သူ့အလုပ်သမားမဟုတ်ဆိုတာ ဒီလူကြီး မစဉ်းစားမိဘူးတဲ့လား။

ပျူလေးမှာ တစ်ကိုယ်တည်း မကျေမနပ်တွေးဖြင့် နေရာကမရွေ့ ပေတူးတူးလေးရပ်နေရပြီး…

"ခင်ဗျားစကားကို ဆင်ခြင်ပြောရင်ကောင်းမယ်နော်၊ ကျွန်တော်က ခင်ဗျားခိုင်းတိုင်း လုပ်ရအောင် ခင်ဗျားအလုပ်သမားမဟုတ်ဘူး"

"ဒါပေမယ့် မင်း ဒီအိမ်ရဲ့ အလုပ်သမားတော့ ဟုတ်





တယ်မဟုတ်လား"

ပျူလေးသည် သူမကြိုက်သည့် စကားကိုပင် ပြောပြောနေသည့် လူ့ခွစာကြီးကြောင့် ဒေါသထောင်းခနဲဖြစ်သွားရပေမယ့် သူမဒေါသကို ရင်မှာမျိုသိပ်ကာ မျက်နှာလေးဖင့်ချိုလိုက်ရင်းက…

"ခင်ဗျားမသိရင်မှတ်ထား…ကျွန်တော်က ဒီသက်ရိပ်မြုံခြံကြီးရဲ့ အရှင်သခင် ဦးဖေသက် ဒေါ်သက်ထားတို့ အချစ်ဆုံးသမီးငယ် စောမင်းပျူဆိုတာ ကျွန်တော်ပဲ၊ ကဲ သိပြီလား"

သူမကို ဒီခြံရဲ့ အလုပ်သမားလို့ ပြောတာကိုပင် မခံချင်စိတ်နှင့် သူမကိုယ်သူမ ဦးဖေသက်နှင့် ဒေါ်သက်ထားတို့ရဲ့ သမီးငယ်ပါလို့ ကိုယ့်ကိုယ်ကို မိန်းကလေးအဖြစ် ခံယူကာပြောလိုက်သည့်အဖြစ်ကိုလည်း ပျူလေးသည် သတိမထားမိပါ။

သူမစိတ်ထဲတွင်တော့ သူမရှေ့က လူ့ဝှစာကြီးကို ထိုသို့ပြောလိုက်ရသည်ကိုပင် အားရကျေနပ်နေသလိုမျိုး မျက်နှာပေးနှင့် ခပ်မော့မော့လေးရှိနေရသည်။

ကျော်ဒွန်းသည်ကား ကလေးဆန်လွန်းသည့် သူ့ရှေ့က ဟိုမရောက်ဒီမရောက် ဝှကျကျ ချာတိတ်မကို ကြည့်ပြီး သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



စွာ ရယ်ချင်နေရသည်။

တကယ်တော့ ကျော်ဒွန်းသည် သူမလေးကို ဦးဖေသက် ငယ်မှန်း စောစောတည်းကပင် သိလိုက်ရပြီဖြစ်သည်။

မသိလို့ကလည်းမဖြစ်။

သူမ၏ ဝွကျကျပုံစံနှင့် ဝတ်တာစားတာ ကြည့်ရကတည်းကိုက သူ့ရှေ့က သူမလေးသည် တစ်ချိန်က ရွာကို ဦးဖေသက်တို့လာစဉ်က သစ်ပင်ပေါ်တက်ခဲ့သည့် မျောက်မူးလဲလို့ သူခေါ်ခဲ့သည့် ချာတိတ်မလေးမှန်း ကျော်ဒွန်းသည် သူမငယ်ရုပ်ကို ဖမ်းမိတာနှင့် သိလိုက်ရပြီဖြစ်သည်။ တကယ်လည်း သူထင်သည့်အတိုင်း သူမလေးသည် သူသိခဲ့သည့် မျောက်မူးလဲဖြစ်နေသောအခါ ကျော်ဒွန်း အံ့ဩခဲ့ရသည်။

ငယ်စဉ်တုန်းက မျောက်ရှုံးအောင် ဆော့ခဲ့သော မျောက်မူးလဲလေးကို ကျော်ဒွန်းသည် အခုလို အရွယ်ရောက်သည့်အခါ ခွတီးခွကျနှင့် ဟိုမရောက်ဒီမရောက် ချာတိတ်မလေးဖြစ်နေလိမ့်မည်လို့ မထင်ခဲ့ပါ။

သူ့စိတ်ထဲတွင် သူမလေးကို အရွယ်ရောက်နေသည့်





မိန်းကလေးများလို ရှိခဲ့လိမ့်မည်လို့ ထင်ခဲ့ပေမယ့် ယခုတော့ သူထင်တာနှင့် သူမလေးသည် တခြားစီ ဖြစ်နေခဲ့ရသည်။

သည်လို ဟိုမရောက်ဒီမရောက်နှင့် ဝွကျကျချာတိတ်မကို ကျော်ဒွန်းသည် မထင်မှတ်ပါဘဲ စကားတွေများစွာဆိုဖြစ်ရင်းက သူ့စိတ်ထဲတွင်လည်း သူမလေးနှင့် ရင်းနှီးသလို ရှိလာရ၏။

"ဩော်…မင်းက အန်ကယ်ဦးဖေသက်ရဲ့ သမီးငယ်ကိုး"

"ဟုတ်တယ်…ကျွန်တော်က ဖေဖေရဲ့သမီးငယ်ပဲ"

"အဟွန်း…ဒါဆို မင်းက ရွာကိုလာတုန်းက မျောက်ရှုံးအောင် ဆော့ခဲ့တဲ့ မျောက်မူးလဲပဲပေါ့"

"ဟင်…ခင်ဗျားနော်…ခင်ဗျား၊ ကျွန်တော့်ကို အဲဒီတုန်းက မျောက်မူးလဲလို့ခေါ်ခဲ့တာ ခင်ဗျားလား"

ဖူလေးသည် ထိုစဉ်ကအဖြစ်ကို ယခုမှ မှတ်မိသွားရသလိုမျိုး မျက်ဝန်းရူးရူးလေးနှင့် သူ့ကိုကြည့်ရင်းက မေးလိုက်သည်။

"အဟွန်း…ဟွန်း ကျုပ် အဲဒီတုန်းက မင်းကို မျောက်မူးလဲလို့ခေါ်တာလည်း မပြောနဲ့လေဗျာ၊ မင်းကိုယ်တိုင်က မျောက်မူး



www.burmeseclassic.com

www.burmeseclassic.com



လဲအောင် တကယ်ဆော့နိုင်တာကိုး''

''ခင်ဗျားကြီးနော်…ဒါ လူကိုသက်သက် နာမည်ဖျက်တာ ခင်ဗျားကြီးကို မကျေနပ်ဘူးသိလား''

''ကဲပါကွာ…ကျုပ်ကို မကျေနပ်လည်း မင်းနောက်မှဆက်ပြီးမကျေနပ်၊ ခုတော့ ကျုပ်အိမ်ထဲဝင်ပါရစေဦး''

ပြောရင်းက ကျော်ဒွန်းသည် သူ့အား အိမ်ထဲဝင်ခွင့်တောင်းလိုက်ပြန်၏။ ထိုအခါ ပျူလေး၏မျက်နှာသည် တင်းတင်းလေးဖြစ်သွားရပြီး…

''ခင်ဗျားကြီးကို ကျွန်တော် ဝင်ခွင့်မပြုနိုင်ဘူးလို့ ပြောပြီးပြီမဟုတ်လား''

''ဟေး…မင်းက ဘာကြောင့် ကျုပ်ကို အိမ်ထဲဝင်ခွင့်မပြုနိုင်ရတာလဲ၊ ကျုပ်ခြံရှေ့မှာ ဒီလိုရပ်နေတာ ကြာလှပြီ၊ လူတွေကလည်း ကျုပ်ကို ကြည့်သွားကြပြီ၊ ပြီးတော့ ကျုပ်ဟာ သာယာစမ်းရွာက ဦးသာခင်ရဲ့သားဆိုတာလည်း မင်းသိနေပြီ၊ ဒါနဲ့တောင် ကျုပ်ကို အိမ်ထဲပေးမဝင်ခိုင်းတာကတော့ မလွန်လွန်းဘူးလားကွ ချာတိတ်ရ''





''မလွန်ဘူး…မလွန်ဘူး၊ ခင်ဗျားကိုယ်ခင်ဗျား သာယာစမ်းရွာက ဦးသာခင်ရဲ့သားပါလို့ ဘယ်လိုပဲပြောနေဦး ကျွန်တော်က ခင်ဗျားပြောသမျှကို ယုံကြည်လို့ရပါ့မလား၊ မတော် အိမ်ထဲရောက်မှ အနှောက်အယှက်ပေးနေရင် ဘယ်လိုလုပ်မလဲ''

ပျူလေးသည် ထိုစကားကိုတော့ဖြင့် သူ့အား မခံနိုင်အောင် တမင်ပင် ပြောလိုက်ခြင်းဖြစ်သည်။

အကြောင်းကား…

သူမအား မျောက်မူးလဲပါလို့ နာမည်ဖျက်ခဲ့သော ဦးကျော်ဒွန်းဆိုသည့် ဒီလူကြီးကို ပျူလေးသည် သူမဘက်က နိုင်ကွက်ရတုန်း ပြန်၍အနိုင်ယူချင်သည်မို့ ထိုစကားဖြင့် သူ့အား မခံချင်အောင် ပြောလိုက်ခြင်းဖြစ်သည်။

သူမထင်သည့်အတိုင်း ကျော်ဒွန်းမှာ တကယ်ပင် ဒေါသတွေနှင့် ရှူးရှူးရှားရှား ဖြစ်သွားရရင်း…

''မင်းစကားတွေက ကျုပ်သိက္ခာကို သိပ်စော်ကားလွန်းနေပြီ၊ ကောင်းပြီ မင်း ကျုပ်ကို ဒီလောက်အယုံအကြည်မရှိမှတော့ ကျုပ်ဘာမှမပြောတော့ဘူး၊ မင်းအိမ်ထဲ ဝင်ခွင့်ပေးတဲ့အထိ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ဒီခြံအပြင်ဘက်မှာပဲ စောင့်နေမယ်"

ပြောပြောဆိုဆို ကျော်ဒွန်းသည် သူ့တွင်ပါလာသည့် အဝတ်အိတ်ကြီးကို ဘေးသို့ထိုးချလိုက်ပြီး သူကတော့ ခြံရှေ့အုတ်ခုံပေါ်တွင် ထိုင်နေလိုက်သည်။

ကျော်ဒွန်း အခုလို ထိုင်နေပြန်တော့လည်း ပျူလေးမှာ အားတုံ့အားနာဖြစ်လျက် မျက်စိမျက်နှာပျက်နေရတော့သည်။

မပျက်လို့ကလည်း မဖြစ်ပါ။

သာယာစမ်းရွာမှ ဖေဖေ့ကျေးရွာရှင် ဦးသာခင်၏သားဖြစ်သူ အင်ဂျင်နီယာ ဦးကျော်ဒွန်းတစ်ယောက် အခုလို သူ့ခြံရှေ့အုတ်ခုံပေါ်တွင်သာ ထိုင်နေသည်ကို သိပါက ဖေဖေသည် ပျူလေးအား ကြိမ်းသေပေါက် ဆူတော့မည်ဖြစ်သည်။

ကျန်တဲ့နေရာတွင် ဖေဖေသည် ပျူလေးအလိုကျ အားလုံးကို အလိုလိုက်သူဖြစ်ပေမယ့် သူ့ကျေးရွာရှင်ဖြစ်သည့် ဦးသာခင်နှင့် ပတ်သက်လာလျှင်တော့ ဖေဖေသည် ပျူလေးအား ဘယ်လိုမှ ခွင့်လွှတ်ပေးလိမ့်မည်မဟုတ်ပါ။

အခု ဗိုလ်ကျဆိုးသည်က ဦးကျော်ဒွန်းဆိုသည့် ဒီလူကြီးကို





ဖေဖေသည် သူ့ကျေးရွာရှင်၏သားအနေနှင့် သူ့အိမ်တွင်နေရန် ခေါ်ထားပြီးကာမှ ပျူလေးက သူ့အား ထိုသို့ဆက်ဆံသည်ကိုသိလျှင် ဖေဖေ ဒေါသတွေက ပျူလေးအပေါ် ဘယ်လောက်ထိအောင် ဖြစ်ရှာလိမ့်မည်မသိတော့။

ဖေဖေ့ဒေါသကိုတော့ ပျူလေးကြောက်ပါသည်။ ဖေဖေသည် ဒေါသဖြစ်ခဲသည့် လူတစ်ယောက်ဖြစ်သလို ဖေဖေဒေါသဖြစ်လာပြီဆိုရင်လည်း ကြောက်စရာကောင်းလွန်းသည်မို့ ပျူလေး ဖေဖေ့ဒေါသကိုတော့ ရင်မဆိုင်ရဲတာအမှန်ဖြစ်သည်။

အတွေးနှင့် ပျူလေးသည် ခြံရှေ့တွင်ထိုင်နေသည့် ဦးကျော်ဒွန်းကိုကြည့်လိုက်တော့ သူသည်ကား ပျူလေးကိုမကြည့်ဘဲ အကြည့်များကို လွှဲထားလေသည်။

အင်း...ပျူလေးစိတ်နဲ့သာ ဒီလူကြီးကို ဒီအတိုင်းသာ ပြစ်ထားလိုက်ချင်ပါတော့သည်။

သို့သော်...

သူမစိတ်ထင်တိုင်း လုပ်၍မဖြစ်သေး။ ဖေဖေ့မျက်နှာက ရှိသေးသည်မို့ ပျူလေးသည် သူမကိုယ်သူမ စိတ်လျှော့လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဒီ…ဒီမှာလူကြီး"

ပျူလေး၏ မဝံ့မရဲအသံလေးကြောင့် ကျော်ဒွန်း၏အကြည့်များက ပျူလေးထံ ဖျတ်ခနဲ ရောက်ရှိလာရကာ…

"ဘယ်သူ့ကိုခေါ်တာလဲ အမိ"

ကြည့်…ဒီလူကြီး ဘယ်လောက်များ အမြင်ကပ်ဖို့ကောင်းလိုက်သည်လဲဆိုတာ။ ဒီနေရာမှာ သူနှင့်ပျူလေး နှစ်ယောက်တည်းရှိပါရက်နှင့် ပျူလေးက ဘယ်သူ့ကို ခေါ်ရဦးမည်တဲ့လဲ။

ဟန်မဆောင်တတ်သူပီပီ ပျူလေးအကြည့်စူးစူးလေးက သူ့ထံ စိုက်ခနဲရောက်သွားရပြီး…

"ဒီနေရာမှာ ခင်ဗျားကြီးနဲ့ ကျွန်တော် နှစ်ယောက်တည်းရှိတာ ခင်ဗျားကြီးကို မခေါ်လို့ ကျွန်တော် ဘယ်သူ့ကိုခေါ်ရဦးမှာလဲ"

"အဟွန်း…မသိဘူးလေကွာ၊ မင်းက စိတ်တော်တော်ရယ်၊ တော်ကြာ ကျုပ်ထူးလို့မှ ခင်ဗျားလေးက မခေါ်ဘူးဆိုရင် မခက်ပေဘူးလား"

သူ့အပြောကြောင့် ပျူလေး လွန့်ခနဲပြုံးမိသွားရသည်။





တော်တော်လည်း စကားကို ကပ်တီးကပ်ဖဲ့ပြောတတ်သည့် လူကြီးပါလား။

"ခင်ဗျားကြီးဟာ တကယ်ပဲ သာယာစမ်းရွာက ဦးသာခင်ရဲ့သားလား"

"ရော…ဒါကိုပဲ ထပ်မေးနေပြန်ပြီ၊ ဟုတ်ပါတယ်ဆိုတာ မင်းကို ကျုပ် ဘယ်နှစ်ခါပြောရမလဲ"

စိတ်မရှည်သလို သူ့စကား ခပ်ဆတ်ဆတ်ကြီးကြောင့် ပျူလေး နှာခေါင်းရှုံ့သွားရပြီး…

"ဟွန်း…ခင်ဗျားဟာ စိတ်တိုတတ်တာလည်း အလွန်ပါပဲလားဗျ"

"ကြည့်…ဖြစ်ရပြန်ပြီတစ်မျိုး၊ မင်းလေးပဲပြောတော့ ဟာတိတ်ရေ၊ ကျုပ်တော့ မင်းကို ဘာမှမပြောချင်တော့ဘူး"

တကယ်ပင် ဘာမှမပြောချင်တော့ဟန်နှင့် မျက်နှာကြီး တည်တည်ဖြစ်သွားသော လူကြီးကို ပျူလေး တစ်ချက်ကြည့်လိုက်ချိန်က…

"ခင်ဗျား တကယ်ပဲ ကျွန်တော်နဲ့ စကားမပြောချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား''

''ကျုပ်က အလိုက်သိပေးနေတာပါ''

''ခင်ဗျားနာမည်နော် ဦးကျော်ဒွန်းနော်''

''ဟုတ်တယ်...အားလုံးကတော့ ကျုပ်ကိုကျော်ဒွန်း လို့ပဲခေါ်ကြတာပဲ''

ပျူလေးမှာ သူ့အပြောကြောင့် မပြုံးမိအောင် သတိထား လိုက်ရသည်။ နာမည်ပြောတာတောင်မှ စကားကို အပေါ်စီးကြီးနှင့် ပြောလိုက်ရမှ ကျေနပ်တတ်သည့်လူ။

တော်တော်လည်း မုန်းဖို့ကောင်းသည့်လူပါလား။

ကျော်ဒွန်းမှာ သူ့ကို မျက်လုံးလေးပြူးကာ ကြည့်နေသော စောမင်းပျူဆိုသည့် သူ့ရှေ့က ချာတိတ်မကို နှုတ်ခမ်းကို တင်းတင်း စေ့ပိတ်လျက် ပြန်စိုက်ကြည့်ရင်းမှ...

''ဘာလဲ...ကျုပ်နာမည်ကိုမေးပြီး ဘာလုပ်မလို့လဲ၊ ပြော လေ''

''အို...စကားကြီးကလည်း ခင်ဗျားနာမည်ကိုမေးပြီး ကျွန်တော်က ဘာလုပ်ရမှာလဲ''





''သိနိုင်ဘူးလေဗျာ...ကျုပ်ကို ခင်ဗျားလေးက သံသယ ဖြစ်နေတော့ ရဲစခန်းကိုများ ပို့မှာလားလို့ မေးကြည့်ရတာပေါ့''

''ကြဲကြဲဖန်ဖန်ဗျာ''

သူ ဒီလိုပြောလာပြန်တော့လည်း ပျူလေးသည် အားနာ သွားရသည်။ တကယ်တော့ သူပြောလည်း ပြောချင်စရာပင်ဖြစ် သည်။ ပျူလေး သူ့ကို သံသယစကားတွေ ဆိုခဲ့သည်မဟုတ်ပါ လား။

''ဒီမယ်...ခင်ဗျားကြီးက ဦးကျော်ဒွန်းအစစ်ဆိုရင် အိမ်ထဲ ကို ဝင်နိုင်တယ်''

''ဟင်''

ကျော်ဒွန်းမှာ ပျူလေးစကားကို အံ့သြသွားရသလိုမျိုး သူ့မ ျက်နှာကို ကြည့်လာပြီး...

''မင်း ကျုပ်ကို အိမ်ထဲဝင်ခွင့်ပေးနေတာ သံသယရော ကင်းလို့လား''

''ခင်ဗျားကြည့်ရတာ လူလိမ်လူညာတော့ မဖြစ်လောက် ဘူးလေ''



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း…ဒီလိုဆိုတော့လည်း မင်းလူကဲခတ်တတ်သား ပဲ"

ပြောရင်း သူ့အားက ခရီးဆောင်အိတ်ကြီးကိုယူကာ ပျူလေးဖွင့်ပေးသည့် ခြံတံခါးမှ အိမ်ထဲသို့ ဝင်လာခဲ့လိုက်သည်။

"ဒါနဲ့ လူကြီးတွေလည်း တစ်ယောက်မှမမြင်ပါလား ချာတိတ်"

ပျူလေးမှလွဲ၍ ယခုချိန်ထိ ခြံထဲတွင် တခြားတစ်ယောက် ကိုမှ မမြင်ရသေးသည်ကို ကျော်ဇွန်း သတိထားမိသည်မို့ မေးလိုက် ခြင်းဖြစ်သည်။

"ဖေဖေက ရုံးကိုသွားတယ်၊ မေမေက ကိစ္စတစ်ခု အပြင်သွားတာမရှိဘူး၊ မမကတော့ ကျောင်းကိုသွားပြီ"

"ဒါဆို…ခုအိမ်မှာရှိနေတာ ချာတိတ်တစ်ယောက်တည်း ပဲပေါ့"

"ခင်ဗျားနော်…ဘာလဲ အိမ်မှာ ကျွန်တော်တစ်ယောက် တည်းရှိတယ်ဆိုပြီး မဟုတ်တာကြံမလို့လား"

လှမ်းလက်စခြေလှမ်းလေးကို တုံ့ခနဲရပ်ကာ စိုးရိမ်





သူ့အားကြည့်မေးလာသည့် ပျူလေးစကားကို ကျော်ဇွန်းသည် ဘာမှ မဖြေဘဲ ပြုံးနေလိုက်တော့ ပျူလေးရင်ထဲ စိုးရိမ်မှုများ ပိုသွားရကာ..

"ဟေ့လူကြီး…မေးတာဖြေလေ၊ ခင်ဗျားစိတ်ထဲမှာ မဟုတ်တာတော့ ကြံမယ်စိတ်မကူးနဲ့နော်၊ ကျွန်တော်က သိုင်းတို့၊ ကရာတေးတို့တတ်တဲ့သူဗျ"

"အဟွန်း…ဟွန်း…ဟွန်း ဟုတ်လား၊ ဒါဆိုရင်တော့ မင်းကို ကျုပ်သတိထားရလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က ဘာမှမတတ်လို့ကွ"

"နေဦး"

"ဟင်"

"ခင်ဗျားကို နေဦးလို့ပြောတာ"

သူသွားနေသည့်ရှေ့တွင် ပိတ်ရပ်ကာ တားလာသည့် ချာတိတ်မကို ကျော်ဇွန်း နားမလည်သလို မျက်မှောင်ကြီးကြုတ်ကာ ကြည့်လာရင်း…

"ဒါက ဘာဖြစ်ရပြန်ပြီလဲ"

"ဘာဖြစ်ဖြစ် ခင်ဗျားမရှည်ပါနဲ့၊ ခင်ဗျားမှတ်ပုံတင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုပြ"

"ဟောဗျာ...နေရင်းထိုင်ရင်း အကောင်းကြီးက ဘယ်လို ဖြစ်သွားရတာလဲ"

"ခင်ဗျားကြီး လျှာမရှည်ပါနဲ့၊ ကျွန်တော်တောင်းတဲ့ မှတ်ပုံတင်ကိုသာ ခင်ဗျားပြပါ"

"ကောင်းပြီလေ...ပြဆိုတော့လည်း ပြရတာပေါ့၊ အင်း...ကျုပ်လည်း ခုမှပဲ စစ်ဆေးရေးနဲ့ လာတွေ့နေတော့တယ်"

ခရီးဆောင်အိတ်ကြီးကိုချကာ သူ့အင်္ကျီအိတ်ထဲက မှတ်ပုံတင်ကို ယူလိုက်တော့ ပျူလေးသည် ဖျတ်ခနဲဆိုသလို ကျော်ဒွန်း လက်ထဲက သူ့မှတ်ပုံတင်ကို ဆတ်ခနဲ ယူကြည့်လိုက်လေသည်။

အမည်၊ အသက်၊ အလုပ်အကိုင်နှင့် အဖအမည်။ အားလုံး သူပြောသလိုမှန်နေသည်မို့ ပျူလေးသည် အခုမှ စိတ်ချလက်ချရှိ သွားရသလို သက်မတစ်ချက်ကို ချလိုက်ရင်းက သူမလက်ထဲက သူ့မှတ်ပုံတင်ကို ပြန်ပေးလိုက်ပြီး...

"ခင်ဗျားက တကယ်ပဲ သာယာစမ်းရွာက ဦးလေးဦးသာ ခင်ရဲ့သားကိုး"





"ဘာလဲအမိက ကျုပ်ပြောတာကို မယုံလို့ မှတ်ပုံတင်ကို ယူကြည့်တာပေါ့လေ ဟုတ်လား"

ကျော်ဒွန်းစကားကြောင့် ပျူလေးမျက်နှာ ချက်ချင်းပင် ပုပ်ပုပ်လေးဖြစ်သွားရကာ...

"ခင်ဗျားနော်...လူကို စကားပြောရင် အမိ အမိလို့ ဆည့်ထည့်မပြောပါနဲ့၊ မှတ်ပုံတင်ကို ယူကြည့်ရတာလဲ၊ ခင်ဗျား ပြောတာကို မယုံလို့မဟုတ်ဘူး ကျွန်တော့်ဘက်က ပိုပြီးသေချာ ချင်လို့ကြည့်တာ"

"အဟွန်း...ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ကျုပ်ကလည်း ခင်ဗျားလေးကို ဘာပြောနေလို့လဲ၊ ကဲ ခုဘယ်လိုလဲ သေချာသွား ပြီလား"

"အင်း"

ပျူလေးသည် အကြည့်လေးလွှဲလျက် ခေါင်းညိတ်ပြလိုက် တော့ ကျော်ဒွန်းသည် မျက်မှောင်ယောင်ယောင်ကြီး တွန့်သွားရ ပြီ...

"တကတည်းဗျာ...မလွယ်ပါလား၊ လူကို အမိထဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဝင်ဖို့အရေး စစ်ဆေးလိုက်တာလည်း လွန်ပါရော၊ ဒီလိုမှန်း သိရင် အဖေ့စကားကို နားမထောင်ခဲ့ပါဘူး''

''ဘာလဲ…ခင်ဗျားက လာမိတာမှားပြီဆိုပြီး နောင်တရနေတာလား''

ပျူလေးမှာ မခံချင်စွာ ပြောလိုက်သည်။

ထိုအခါ…

ကျော်ဒွန်းသည် ပျူလေးကို မျက်ဝန်းရူးကြီးနှင့် ကြည့်လာပြီး…

''ကျုပ် နောင်တရတော့ကော ဘာထူးမှာမို့လို့လဲ၊ အဖေက ကျုပ်ကို ဒီအိမ်ကလွဲပြီး တခြားဘယ်နေရာမှ မနေရဘူးလို့ ကျုပ်ရွာက ထွက်လာပြီးကတည်းက မှာလိုက်ပြီးသား''

''သြော်…ဒါဆို ခင်ဗျားက သားလိမ္မာပေါ့''

''ကျုပ်ကိုယ်ကျုပ်တော့ ဒီနေ့ချိန်ထိ အဲလိုထင်တာပဲလေ''

''ဟွန်း…ကိုယ့်ဘက်ကိုယ်ယက်တတ်တဲ့ ကမ္ဘာ့လိပ်ကြီး လာတွေ့နေတာပါလား''

''ဟေး…မင်း ကျုပ်ကိုဘာပြောတယ်ကွ''





''ဘာမှမဟုတ်ဘူး၊ ခင်ဗျားကြီးကို အိမ်ထဲဝင်ထိုင်ပါလား ပြောတာ''

မချိုမချဉ် မျက်နှာလေးနှင့် စကားလွှဲသွားသော ပျူလေးကို ကျော်ဒွန်း မချင့်မရဲကြီး ကြည့်ရင်း သူမပြောသလို အိမ်ထဲသို့ ဝင်လာခဲ့လိုက်သည်။

''ခဏထိုင်ဦးနော်…ကျွန်တော် ခင်ဗျားအတွက် အအေး တစ်ခု သွားယူလိုက်ဦးမယ်''

ပြောရင်းက အနားက လှစ်ခနဲထွက်သွားသည့် ချာတိတ်မကို ကျော်ဒွန်း ဘာမှတားချိန်မရလိုက်ပါ။

ချာတိတ်မလေးသည် လူသာငယ်ပေမယ့် အခုလိုဆိုပြန်တော့လည်း ဧည့်သည်ကို ဧည့်ဝတ်ကျေတတ်ပါလားဆိုသော အသိနှင့် စောစောက မကြည်မလင်ဖြစ်ရသော စိတ်များ အနည်းငယ် ပြန်၍ကြည်လင်သွားရသည်။

ထိုစဉ်…

အအေးဗန်းလေးကိုကိုင်လျက် ပျူလေး ထွက်လာသည်။

''သောက်လိုက်ပါဦး…ခင်ဗျားလည်း ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရတာနဲ့ တော်တော်မောသွားရောပေါ့"

သူ့ရှေ့ အအေးခွက်လေးချပေးရင်းက ပျူလေး ဆိုလိုက်သည်။ ကျော်ဒွန်းမှာလည်း အမှန်တကယ်ပင် သူမပြောသလို စကားပြောနေရသည်မှာ မောသည်မို့ သူမချပေးသည့် သူ့ရှေ့က အအေးခွက်ကို ဟန်ပင်မဆောင်နိုင်တော့ဘဲ သောက်လိုက်သည်။

သောက်ပြီးသည်နှင့် အအေးဖန်ခွက်ကို သူ့ရှေ့ပြန်ချလိုက်ပြီး…

"ကျေးဇူးပဲကွာ"

"ရပါတယ်၊ ကျွန်တော်ကလည်း ခင်ဗျားကို မောအောင် လုပ်ခဲ့မိတာကိုး၊ ဒါနဲ့ ခင်ဗျားကို တစ်ခုမေးရဦးမယ်"

"မေးလေ…ဘာလဲ"

"ဪ…ခင်ဗျားက ဒီမှာ ကျွန်တော်တို့နဲ့ အတူနေဖို့ ရောက်လာတာမဟုတ်လား"

"အဖေကတော့ အဲလိုမှာလိုက်တာပဲ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကြီး ကျွန်တော်တို့အိမ် မှာနေရင်တော့ ဘာအပြစ်ပဲတွေ့တွေ့ ကျွန်တော့်ကို မဆူရဘူး





ပေါက်ရဘူးနော်"

"ဟောဗျာ"

ကျော်ဒွန်းမှာ သူမလေး ဘာများပြောမလို့ပါလိမ့်ဟု တွေးသမျှ ယခု မထင်မှတ်သည့်စကားကြောင့် သူ ဟန်မပင်မဆောင်နိုင်တော့ဘဲ နှစ်နှစ်ခြိုက်ခြိုက်ကြီး ရယ်မောမိလိုက်သည်။

စိတ်ထဲ၌လည်း ဪ…တော်တော်လည်း ကလေးဆန်သည့် ချာတိတ်မပါလားလို့ သဘောတကျ တွေးမိသွားရသည်။

တစ်ဆက်တည်း ချာတိတ်မနှင့် သူသည်လည်း စကားပြောအဆင်မပြေ။ ဘုနှင့်ဘောက်ဖြစ်ခဲ့ရာမှ မထင်မှတ်ဘဲ နှစ်ဦးသား ပိုရင်းနှီးသလိုလည်း ဖြစ်လာခဲ့ရသည်။

ပြောရမည်ဆိုလျှင် ကျော်ဒွန်းဘဝတွင် ယခုလို မိန်းကလေးမဟုတ် ယောကျ်ားလေးမဟုတ် ငကျိုကျို ချာတိတ်မမျိုးနှင့် တွေ့လိုလက်ရ စကားပြောဆိုမိသည်က သူ့အတွက် ဒါပထမဦးဆုံးအကြိမ်သာ ဖြစ်ပါသည်။

ကျောင်းတက်ခဲ့စဉ်တုန်းကလည်း ကျောင်းတက်ခဲ့စဉ် အလျောက် ကျော်ဒွန်းသည် မိန်းကလေးများနှင့် ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကင်းရှင်းခဲ့သူဖြစ်သည်။

သူ့ဘဝတွင် ဘယ်မိန်းကလေးနှင့်မှ ရင်းနှီးပတ်သက်ခဲ့ခြင်းမရှိပါ။

သို့ပေမယ့် ယခု မထင်မှတ်ဘဲ ဒီချာတိတ်မလေးနှင့်မှ သူ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေးကြီး စကားတွေ ဆိုဖြစ်နေသည့်အဖြစ်။

"ခင်ဗျားကြီး ကျွန်တော်ပြောတာ ကြားရဲ့လား၊ ဘာတွေ စဉ်းစားနေတာလဲ"

"ဟင်…အင်း ဘာလဲ ချာတိတ်၊ ကျုပ်ကို ဘာပြော လိုက်တာလဲ"

"ခင်ဗျားကြီး ကျွန်တော့်ကို မဆူမငေါက်ဘဲ အလိုလိုက်မယ်မဟုတ်လား မေးနေတာ"

အငယ်ဆုံးမို့ တစ်အိမ်လုံး အလိုလိုက်ခံရသူပီပီ ပျူလေးသည် ယခုလည်း သူမတို့အိမ်တွင် လာနေပါမည်ဆိုသော ဦးကျော်ဒွန်းဆိုသည့် လူကြီးကို အခုကတည်းက သူမအား အလိုလိုက်ရန် ပျူလေး တောင်းဆိုနေလိုက်သည်။





ဒါကိုပင် ကျော်ဒွန်းမှာ သူမလေး၏ ကလေးဆန်မှုကို ဆိုတ်၍ သဘောကျရပေမယ့် အပြင်ပန်း သူ့ပုံစံကတော့ဖြင့် မျက်နှာ တည်တည်ကြီးနှင့် ရှိနေပြီး…

"အဲဒါကတော့ ကျုပ်စဉ်းစားရဦးမယ်ထင်တယ်"

"ဟင်…ဘာဖြစ်လို့လဲ"

"ခင်ဗျားလေးအကြောင်းကို မသိသေးဘဲနဲ့ ကျုပ်က ခန်းပြီး အလိုလိုက်မယ်ပြောပြီးမှ တော်ကြာ ခင်ဗျားလေးက သိပ်ဆိုးနေတဲ့ ချာတိတ်ဖြစ်နေရင် ကျုပ် မခက်ပေဘူးလား၊ ဒါကြောင့် မင်းလေးစကားကို ကျုပ် စဉ်းစားဦးမယ်လို့ပြောတာ"

"ဟွန်း…ကြီးကျယ်လိုက်တာဗျာ၊ ခင်ဗျားပြောပုံက ကျွန်တော်ကပဲ သိပ်ဆိုးနေတဲ့သူလိုလို၊ တော်ပြီ…ခင်ဗျားကြီး အလိုလိုက်ရင်လည်းနေ၊ ခင်ဗျားကြီးကိုတော့ ကျွန်တော် အောက်ကျ ခံနိုင်တော့ဘူး သိလား"

ပျူလေးမှာ သူ မဖြစ်စေချင်သလို မဖြစ်ရဘဲ သူ မကြားချင်သည့်စကားကို မကြားရသောအခါ မျက်နှာလေး ပုပ်သိုးသိုး ဖြစ်သွားရပြီး နေရာမှ ထသွားမည်အလုပ်…



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဖေဖေ"

ပျူလေးသည် ဆင်ဝင်ရှေ့တွင် ထိုးရပ်လာသည့် ကား ပေါ်မှဆင်းလာသော ဖခင်ဖြစ်သူကိုကြည့်ပြီး အိမ်ထဲမှ အပြေး လေး ထွက်ကြိုလိုက်လေသည်။

"ဖေဖေ…ဒီနေ့ ရုံးဆင်းတာ စောသားပဲ"

"အေးကွ…ဒီနေ့ ဖေဖေ စောစောနားချင်လို့ ပြန်လာ တာ"

ပြောပြီး သားအဖနှစ်ယောက် အိမ်ထဲရောက်လာခဲ့တော့…

"ဟင်…ပျူလေး ဒီသူငယ်က"

ဦးဖေသက်က အိမ်ထဲဝင်လိုက်သည်ဆိုရင်ပဲ သူ့အား ထိုင်ရာမှထကာ ကြိုနေသည့် ကျော်ဒွန်းကို မြင်ရလိုက်သဖြင့် ပျူလေးဘက် လှည့်ကြည့်ကာ မေးလိုက်သည်။

"သူက ဖေဖေ့မိတ်ဆွေ သာယာစမ်းရွာက ဦးလေး ဦးသာခင်ရဲ့သား"

"ကျွန်တော် ကျော်ဒွန်းပါ အန်ကယ်"

ပျူလေး စကားမဆုံး ကြားဖြတ်ကာ သူ့ကိုယ်သူ





မိတ်ဆက်လိုက်သည့် ကျော်ဒွန်းကြောင့် ဦးဖေသက်မှာ ချက်ချင်း လို မျက်နှာကြီး ဝင်းပသွားရပြီး…

"ဟာ…မောင်ကျော်ဒွန်း ကြည့်စမ်းကွာ၊ အန်ကယ် မင်းကို မနည်းကြည့်ယူရတယ်၊ ထွားလာလိုက်တာကလည်း လွန်ပါရောကွာ၊ အေးလေ…တို့ မတွေ့ကြတဲ့ နှစ်တွေကလည်း မနည်းတော့ဘဲကိုး၊ ဒါနဲ့ မောင်ကျော်ဒွန်း ဘယ်တုန်းကရောက် နေလဲ၊ လာမယ့်ရက်ကို အန်ကယ်တို့ဆီ ကြိုဖုန်းဆက်ရင် အန်ကယ် တို့ မောင်ကျော်ဒွန်းကို လာကြိုမှာပေါ့ကွာ"

ဦးဖေသက်မှာ ကျော်ဒွန်းကိုကြည့်ကာ အားနာစကား ဆိုလိုက်သည်။

"အဟွန်း…ရပါတယ် အန်ကယ်ရယ်၊ ကျွန်တော်က အန်ကယ်တို့ကို ပြန်ပြီးအားနာရမှာပါ"

"အို…မဟုတ်တာ မောင်ကျော်ဒွန်းရယ် ကဲ…လာ… …လာ…ထိုင်၊ ပျူလေး သမီးအစ်ကိုအတွက် အခန်းစီစဉ်ပြီးပြီ လား"

"ဟုတ်ကဲ့ ဖေဖေ၊ ဦးကျော်ဒွန်းအတွက် အခန်းက ကြို



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖြင်ဆင်ပြီးပါပြီ"

"အေး…အေး…ဒါနဲ့ မောင်ကျော်ဒွန်းဖခင်ရော ကျန်းမာရဲ့လားကွဲ့"

"ဟုတ်ကဲ့…အဖေကတော့ ခုထိ လယ်ထဲကိုင်းထဲ ဆင်းတုန်းပါပဲ အန်ကယ်၊ အဖေ့ကို နားပါတော့လို့ပြောလည်း မရဘူး တစ်ခုမဟုတ်တစ်ခု လုပ်နေရမှ အဖေက စိတ်ကျေနပ်တဲ့သူမို့ ကျွန်တော်လည်း အဖေ့ကို ဘာမှမပြောတော့ဘဲ ဒီအတိုင်းပဲ ကြည့်နေရတော့တယ်"

"အေးလေ…မင်းအဖေ သာခင်ကတော့ ဟိုအရင်က အတိုင်းပါပဲ၊ စိတ်မြန်ကိုယ်မြန်နဲ့ ဘယ်အလုပ်ဖြစ်ဖြစ် သူကိုယ်တိုင်လုပ်ရမှ ကျေနပ်တတ်တဲ့သူဆိုတာ အန်ကယ်အသိဆုံးပါပဲ"

"သြော်…မောင်ကျော်ဒွန်း ဒီကိုလာတာ ခရမ်းလမ်းယ်ရော အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့…ပြေပါတယ် အန်ကယ်၊ ဒီရောက်တော့လည်း…"

"ဒီရောက်တော့လည်း ဘာဖြစ်လဲ မောင်ကျော်ဒွန်း





အဆင်မပြေတာများ တစ်ခုခုရှိနေခဲ့လို့လား"

ကျော်ဒွန်းမှာ ဦးဖေသက်ကို ပြန်မဖြေသေးဘဲ သူ့အကြည့်တည်တည်စူးစူးကြီးများက ပျူလေးထံ ရောက်သွားရတော့ ပျူလေးသည် စိုးရိမ်ဟန်နှင့် ဖေဖေ့ရှေ့တွင် သူမအကြောင်း ဘာမှမပြောရန် ကျော်ဒွန်းအား မျက်ရိပ်ပြလျက် တားနေလေသည်။

မျက်နှာလေး ဖြူဖျော့သွားကာ စိုးရိမ်သလို ကြည့်နေသော ပျူလေးကိုကြည့်ပြီး ကျော်ဒွန်းမှာ သူမလေး အခုလိုဆိုတော့လည်း ကြောက်တတ်ပါလားဟု စိတ်မှာ မချင့်မရဲတွေးကာ ကျိတ်ပြုံးလိုက်ရင်းက…

"အဟွန်း…မဟုတ်ပါဘူး အန်ကယ်၊ ဒီရောက်တော့မှပဲ ကျွန်တော်လည်း စိတ်အေးလက်အေး နားရတော့တယ်ဆိုတာ ပြောတာပါ"

"သြော်…အန်ကယ်က ဘာများလဲလို့၊ အေး…အေး…မောင်ကျော်ဒွန်း စိတ်ချမ်းသာရင် ပြီးတာပါပဲကွယ်၊ အန်ကယ်တို့ ဒီမှာတော့ မောင်ကျော်ဒွန်း ဘာမှအားမနာနဲ့၊ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး လွတ်လွတ်လပ်လပ်သာနေ၊ လိုတာရှိလည်း



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်တို့ကို ပြောလို့ရတယ်၊ အားလုံး ကိုယ့်မိသားစုလို့ အားနာစရာမလိုဘူး၊ ပြီးတော့ ဟောဒီက မင်းညီမကိုလည်း မောင်ကျော်ဇွန်း နိုင်းစရာရှိရင် နိုင်းနိုင်တယ်၊ ဒီသမီးငယ်က အငယ် ဆုံးပီပီ နည်းနည်းအလိုလိုက်ထားတော့ ဆိုးချင်တယ်''

ဦးဖေသက်မှာ ပျူလေးဘက်လှည့်ကာ အပြုံးနှင့်ပြော လိုက်ပေမယ့် ပျူလေးခမျာမှာတော့ သူမအလိုကို မလိုက်နိုင်သည် ဦးကျော်ဇွန်းရှေ့တွင် ဆိုးပါသည်လို့ သူမကို အပြောခံလိုက်ရတာ ကြောင့် မျက်နှာလေးမဲ့သွားရသည်။

ဒါကိုပင် ဦးဖေသက်မှာ ပျူလေးအဖြစ်ကိုကြည့်ကာ သဘောကျသလို တဟားဟားရယ်လိုက်ပြီး...

''တွေ့လား မောင်ကျော်ဇွန်း အဲဒါသာကြည့်တော့ မင်းညီမက အန်ကယ်ပြောရင်းနဲ့ ဆိုးချင်နေတာ၊ သူ့ကိုတော့ မောင်ကျော်ဇွန်း နည်းနည်းသည်းခံရလိမ့်မယ်ကွနော်''

သမီးငယ်၏ ချစ်စရာကောင်းသည့် ဆိုးနွဲ့မှုကို ဦးဖေသက် သည် အပြစ်မမြင်ရက်သလို ချစ်စနိုးနှင့် ပျူလေးခေါင်းလေးကို ခပ်ဖွဖွပုတ်ကာ ပြောလိုက်တော့ ကျော်ဇွန်းမှာ စိတ်ထဲတွင်





ဦးဖေသက်အား အန်ကယ်ရဲ့ ဟိုမရောက်ဒီမရောက် ဗွကျကျသမီး ကို ကျွန်တော် နည်းနည်းခံခဲ့ရတာ မဟုတ်ပါဘူး၊ များများကြီး သည်းခံခဲ့ရတာပါလို့သာ စိတ်မှာ ပြောနေလိုက်တော့သည်။

''မင်းအန်တီနဲ့ သမီးကြီးကတော့ ပြန်မလာကြသေးဘူး ကွ၊ မောင်ကျော်ဇွန်းလည်း ခရီးကလာတာ ပန်းလာရောပေါ့ နား လိုက်ဦး''

''ပျူလေး''

''ဗျာ...ဖေဖေ''

''ဒီမှာ သမီးအစ်ကိုကို သူ့အတွက်ပေးထားတဲ့ အခန်းကို ခိုက်ပို့လိုက်ပါဦးကွယ်၊ မောင်ကျော်ဇွန်းလည်း ခရီးဝေးက လာ တာ နားချင်ရောပေါ့''

''ဟုတ်ကဲ့ ဖေဖေ...လာ ဦးကျော်ဇွန်း၊ ခင်ဗျားအခန်း ကို ကျွန်တော်လိုက်ပြမယ်''

ပြောပြောဆိုဆို ရှေ့ကနေထွက်သွားသည့် ပျူလေး နောက်မှ ကျော်ဇွန်းသည် သူ့အဝတ်အိတ်ကြီးကိုဆွဲကာ လိုက်လာ ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်သို့ ခြေလှမ်းများလှမ်းနေရင်းက ကျော်ဒွန်းသည် ဒီလောက်ဆိုးလွန်းသည့် ချာတိတ်မနှင့်အတူ တစ်မိုးအောက်တွင် ဘယ်လိုနေရမည်ဆိုတာကို စဉ်းစားရင်း သူ့အခန်းဆီသို့ ရောက်ရှိခဲ့ရတော့သည် မဟုတ်ပါလား။



## အခန်း (၄)

ကျော်ဒွန်းတစ်ယောက် သက်ရိပ်မြုံကို ရောက်ခဲ့သည်မှာ ...လေးများပင် တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာခဲ့ရပြီဖြစ်သည်။

ထိုရက်များအတွင်း ကျော်ဒွန်းသည် သက်ရိပ်မြုံမှာနေရ ...ည်က သူ့အတွက် ဘာမှလိုသည်မရှိဘဲ ပျူလေးဆိုသည့် ...ရောက် ဒီမရောက် ဥကျကျ ချာတိတ်မကြောင့်လွဲရင် သူ ...တာအားလုံး စိတ်ချမ်းသာခဲ့ရပါသည်။ ထိုသို့ စိတ်ချမ်းသာ ...င်လည်း ဦးဖေသက်သာမက ဒေါ်ထားထားနှင့် ခွာညီဖြူ ...အစ သူ့အပေါ် ဂရုတစိုက်ရှိလွန်း၏။

ဦးဖေသက်မှာ ကျော်ဒွန်းရောက်လာသည်ကို စိတ်ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



နေ့ပဲမက ဦးဖေသက်၏ဇနီး ဒေါ်ထားထားကလည်း သားမရှိသည်မို့ ကျော်ဒွန်းကို သားတစ်ယောက်လို သဘောထားကာ ဂရုစိုက်ရှာလွန်းလေသည်။

ယခုလည်း ထမင်းဝိုင်းတွင် လူစုံမိသည်နှင့် ဦးဖေသက်မှာ ကျော်ဒွန်းပန်းကန်ထဲ သူကိုယ်တိုင် ဟင်းတွေခပ်ထည့်ပေးကာ...

''စားနော် မောင်ကျော်ဒွန်း ဘာမှအားမနာနဲ့၊ အန်ကယ်ကတော့ မောင်ကျော်ဒွန်းကို ကိုယ့်အိမ်ကိုယ့်ရာလို လွတ်လွတ်လပ်လပ် နေထိုင်စားသောက်တာကိုပဲ သဘောကျတယ်၊ အားနာစရာ မလိုဘူး၊ ကြားလား မောင်ကျော်ဒွန်း''

''အဟွန်း...ဟုတ်ကဲ့ပါ အန်ကယ်''

စိတ်ရင်းမနော သဘောဖြူစင်လှသည့် ဦးဖေသက်ကို ကျော်ဒွန်းစိတ်ထဲ ကိုယ့်ဦးလေး သွေးသားရင်းတစ်ယောက်လို ခင်မင်မိပါသည်။

ဟုတ်တယ်ကွဲ့ မောင်ကျော်ဒွန်းရဲ့၊ မင်းအန်ကယ်ပြောသလိုပဲ အန်တီတို့ဆီမှာ နေရတယ်ဆိုပြီး အနေကျဉ်းကြပ်မနေနဲ့





နော်၊ အားလုံး ကိုယ့်မိသားစုတွေပဲမို့ လွတ်လွတ်လပ်လပ်သာ ဝင်ထွက်နေ ဟုတ်လား''

ဒေါ်ထားထား စကားကို ကျော်ဒွန်းသည် အပြုံးနှင့် ခေါင်းညိတ်ပြလိုက်မိတော့သည်။

''မင်းအဖေ သားခင်နဲ့ အန်ကယ်ကတော့ ငယ်ပေါင်းကြီးဖော်တွေပဲ မောင်ကျော်ဒွန်းရေ၊ ငယ်ငယ်လေးကတည်းက အတူနေလာတာ ဆိုးတူကောင်းဖက် တစ်ယောက်အကြောင်းကို တစ်ယောက် အသိဆုံးပေါ့ကွာ အဟား..ဟား...ဟား''

ပြောလည်းပြော အန်ကယ်ဦးဖေသက်သည် သူ့စကားကို သူသဘောကျသလို တဟားဟားနှင့် ရယ်နေလေသည်။

''မင်းအဖေ သားခင်က တိုးတက်လိုစိတ်တော့ သိပ်ရှိတဲ့လူကွ မောင်ကျော်ဒွန်းရ''

မှန်ပါသည်။

အဖေ တိုးတက်လိုသည့်စိတ်ကို ကျော်ဒွန်း မျက်မြင်ကိုယ်တွေ့မို့ ဒီစကားကိုတော့ ကျော်ဒွန်း အကြွင်းမဲ့ယုံပါ၏။

''သားခင်ကိုတော့ အန်ကယ် ချီးကျူးတယ်၊ သားဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်မှုကို လိုလားရုံမကဘူး၊ သူ့ရွာတိုးတက်ဖို့ကိုလည်း သာခင်က သိပ်ပြီးကြိုးစားတဲ့လူပဲ၊ ဒါကြောင့်မို့လည်း သာခင်ရဲ့သား မောင်ကျော်ဒွန်းဟာ အခုလို အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဝညာတတ်တစ်ယောက် ဖြစ်ခဲ့ရတာကိုတော့ အန်ကယ် ချီးကျူးလို့ မဆုံးဘူး မောင်"

သူ့ရှေ့မှာပင် သူ့ကိုချီးကျူးနေသော ဦးဖေသက်၏ စကားကြောင့် ကျော်ဒွန်းတစ်ယောက် မနေတတ်အောင်ပင် ဖြစ်သွားရသည်။

ဒါကိုရိပ်မိသည့် ဒေါ်ထားထားမှာ ခင်ပွန်းသည်ဖြစ်သူကို အပြုံးနှင့်ကြည့်ရင်း...

"အဖေကြီးကလည်းကွယ် မောင်ကျော်ဒွန်း ထမင်းစားပါစေဦး၊ အဖေကြီးပြောတာနဲ့ မောင်ကျော်ဒွန်းက မနေတတ်အောင် ဖြစ်နေပြီ၊ သူ မနေတတ်အောင်ဖြစ်တာက အကြောင်းမဟုတ်ဘူး အဖေကြီးရေ၊ အဖေကြီးသမီး ပျိုလေးက အဖေကြီးတို့ စကားကောင်းနေတာကို အခွင့်ယူပြီး ဟင်းတွေတစ်ခုပြီးတစ်ခု နှိုက်စားနေတာ၊ ကြာရင် အဖေကြီးတို့အတွက် ကျန်မှာမဟုတ်တာတော့





သချာတယ် အဟင်း ဟင်း ဟင်း"

"ဟာ...မေမေကလည်း"

"အဟား..ဟား...ဟား"

"အဟွန်း...ဟွန်း"

ဒေါ်ထားထား စကားကြောင့် ဟင်းခွက်တစ်ခွက်ကို လှမ်းနှိုက်နေသော ပျိုလေး၏လက်မှာ အလိုလိုပင် အယောင်ယောင်အများများနှင့် ရပ်သွားလျက် နှုတ်ခမ်းလေးက အလိုလို သွားခဲ့ရပြီဖြစ်သည်။

ပျိုလေးအဖြစ်ကိုကြည့်ပြီး ဖခင် ဦးဖေသက်နှင့် ကျော်ဒွန်းတို့မှာ ပါးစပ်မစေ့နိုင်အောင်ပင် ရယ်မိကြသည်မို့ ပျိုလေး ပိုရှက်နေရတော့သည်။

မေမေတို့ကတော့လေ ပျိုလေးကိုဆို သူစိမ်းလူရှေ့မှာ ရယ်လို့လည်း မစဉ်းစားဘဲ ပြောချလိုက်တာတော့ ပျိုလေးသာ အကယ့်မိန်းကလေးစိတ် ဝင်နေသည့်သူဆိုလျှင် ရှက်တာနှင့်ပင် နေရာမှာ မေ့သွားနိုင်သည့်အဖြစ်...

ယခုတော့ ပျိုလေးဆိုတာက ဟိုမရောက် ဒီမရောက်

စိုးမိုး - တာပေ

www.burmeseclassic.com



စိတ်နှင့် ခိုးတာလေးမို့ မေမေစကားကြောင့် ကိုယ့်အဖြစ်ကို ကိုယ် နည်းနည်းရှက်မိသွားတာကလွဲပြီး နေရာမှာပင် ပုံစံမပျက် ဆက်၍ ထိုင်နေနိုင်သည့်သူ…

သို့ပေမယ့် သူမလက်ကတော့ ဦးကျော်ဒွန်းရှေ့တွင် ဟင်းခွက်နိုက်ရမည်ကို လက်တွန့်သွားခဲ့ရပြီးဖြစ်သည်။

"အန်ကယ်မှာလည်း ဒီသမီးနှစ်ယောက် ရှိပါတယ်၊ သမီးကြီးကတော့ မောင်ကျော်ဒွန်း သိပြီးတဲ့အတိုင်း အနေအထိုင် ရိုးရိုးအေးအေးနဲ့ စည်းစနစ်ကျတဲ့ ဆရာမ၊ ဟောဒီအငယ်ကတော့ တစ်ယောက်ဆို ဆိုသလောက်ပဲ ဆိုးလွန်းတာ၊ လှကသာ ကျောင်း ပြီးတော့မယ် နေတာငိုင်တာ ဝတ်တာစားတာကတော့ မောင်ကျော်ဒွန်း မြင်တဲ့အတိုင်းပဲကွာ၊ အန်ကယ်နဲ့ မင်းအန်တီလည်း သူ့ကို လက်မြှောက်ထားရတယ်"

"ဖေဖေနော်"

ဦးဖေသက် စကားအဆုံး ပျူလေးမှာ နှုတ်ခမ်းလေးစူသွား ရသည်။

"ဟောကြည့်…အဲဒါ သူ့ထုံးစံပဲလေ၊ သူ့ကိုဆိုးတယ်





လို့ပြောရင်လည်း နည်းနည်းမှမကြိုက်ဘူး၊ မဆိုးဘူးလားဆိုတော့ လည်း မဟုတ်ဘူး၊ မောင်ကျော်ဒွန်းရေ အန်ကယ်ကတော့ မင်းကို ခုတတည်းက မှာထားရဦးမယ်၊ မင်းညီမကို မင်းမှာ ဆုံးမပိုင်ခွင့် ရှိတယ်၊ တုတ်နဲ့သာ သူ့ကို နာနာလေးရိုက်ပစ်၊ အဟား…ဟား"

"ဟာ…ဖေဖေနော်၊ ဖေဖေ တော်ပြီဗျာ၊ ပျူလေးကိုပဲ ပြောနေတယ်၊ ဖေဖေတို့နားမှာ မနေတော့ဘူး"

ရိုက်၍ဆုံးမလို့ရပါသည်ဆိုတဲ့ စကားကိုပင် အပြုံးနှင့် သမီးဖြစ်သူကို ချစ်စနိုး စနောက်နေသော အန်ကယ်ဦးဖေသက် ၏ ဆိုးလွန်းသော သမီးဖြစ်သူအပေါ် ချစ်တတ်မှုကို ကျော်ဒွန်း အံ့သြရရင်းက ပျူလေးမျက်နှာကို သူသည် အပြုံးဟဟနှင့် စိုက် ကြည့်လိုက်မိသည်။

ပျူလေးမှာလည်း သူမဆိုးသမျှကို ဖောက်သည်ချကာ ပျူလေးအား ချစ်စနိုးနှင့်စနေသော မိဘများကြောင့် ကြာတော့ သူမ ဦးကျော်ဒွန်းရှေ့တွင် ရှိနေရသည်ကိုပင် ရှက်လာကာ ရှက်ရှက်နှင့် နေရာမှထရန် သူမနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ရှိနေသည့် ဦးကျော်ဒွန်းကို ကြည့်လိုက်တော့…



www.burmeseclassic.com

www.burmeseclassic.com



"အို"

ခပ်တိုးတိုးထွက်သွားသည့် ရှက်လန့်သံလေးက ပျူလေး ရင်ထဲမှာသာ ဖြစ်ပါသည်။

အပြင်ပန်း သူ့မျက်နှာလှလှလေးကတော့ ဖေဖေတို့ ပြောသမျှစကားကို နားထောင်ကာ သူမအား ဘယ်အချိန်ကတည်းက ပြုံးပြုံးကြီး စိုက်ကြည့်နေသည်မသိသည့် ဦးကျော်ဒွန်း၏အကြည့်များနှင့် ဆုံသွားရတာကြောင့် ပျူလေးသည် မျက်နှာရဲရဲလေးနှင့် သူ့အကြည့်များကို ရင်မဆိုင်ရဲအောင် ဖြစ်သွားကာ စားလက်စ ထမင်းကိုရပ်လျက် သူမလက်ထဲက ဇွန်းနှင့်ခက်ရင်းကို ချကာ နေရာမှ အပြေးလေး လှည့်ထွက်လာခဲ့သည်။

ဒါတောင် သူမနောက်ပါးတွင် ရယ်ကျန်ခဲ့သည့် သူ့ရယ်သံကို ပျူလေးသည် ကြားဖြစ်အောင် ကြားလိုက်ရတော့ ရင်မှာ မကျေနပ်သလိုလည်း ဖြစ်ခဲ့ရ၏။

ပျူလေးထွက်သွားပြီး မကြာမီ ခွာညီဖြူသည်လည်း ထမင်းစားခြင်းကိုရပ်ကာ မီးဖိုထဲတွင် ဒေါ်ကြီးနှင့်အတူ သူမ လုပ်စရာရှိတာများကို လုပ်နေသည်။





"ညီအစ်မနှစ်ယောက်သာဆိုတယ် စရိုက်ချင်းကတော့ ခင်းမြင်တဲ့အတိုင်းပဲ မောင်ကျော်ဒွန်း၊ သမီးကြီးကတော့ ရိုးအေးသလောက် သမီးငယ်ကတော့ မဟုတ်မခံ ဆတ်ဆတ်ကြဲပဲကွ၊ အန်ကယ်မှာလည်း ဒီသမီးနှစ်ယောက်ရှိပါတယ်၊ သမီးကြီးအတွက်တော့ စိတ်မပူပါဘူး၊ ကိုယ်တိုင်ကလည်း အနေအထိုင် အေးဆေးသလို မကြာခင်မှာပဲ သမီးကြီးက သူနဲ့စေ့စပ်ထားတဲ့ သူငယ်ရဲ့ လက်ထပ်ကြတော့မှာလေ၊ အဲ…အန်ကယ်စိတ်ပူပြီး စိုးရိမ်မိတာ ပျူလေးအတွက်ပဲ"

စေ့စပ်ထားသည့် ခွာညီဖြူသည် မကြာခင် လက်ထပ်တော့မည်ဆိုသဖြင့် ကျော်ဒွန်းစိတ်မှာ အနေရှင်းသလို ခံစားမှုဖြင့် ဝမ်းသာသလို ဖြစ်သွားရသည်။

ဘာပဲပြောပြော ခွာညီဖြူနှင့်သူ ဆိုတာက သက်တူ ရွယ်တူလောက် ရှိပါလိမ့်မည်။

ကိုယ်နှင့်သက်တူရွယ်တူ မိန်းကလေးတစ်ယောက်က ကိုယ်နှင့် တစ်မိုးအောက်မှာ အတူရှိနေသည်မို့ ကျော်ဒွန်းသည် သူ့ကြောင့် သူမ အနေခက်မည်ကို စိုးရိမ်ကာ အားနာသလိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပါ၏။

မကြာခင် လက်ထပ်တော့မည်ဆိုတာ သိရတော့ ကျော်ဒွန်းအဖို့လည်း အနေမခက်တော့။

အငယ်မ ပျူလေးကတော့ စိတ်ကလည်း ဟိုမရောက် ဒီမရောက်၊ လူကလည်း ကလေးသာသာ ဆိုးနွဲ့ချင်တုန်းမို့ သူ့အတွက် အနေခက်ရသည်မရှိပါ။

အဲ…အနေမခက်ပေမယ့်လည်း သူ့မကြောင့် စိတ်တော့ ညစ်ရပါသည်။

အကြောင်းကား…

စောမင်းပျူ ဆိုသည့် သူ့မလေးသည် တစ်ခါတစ်ရံ သူ မထင်သည့် ကိစ္စများဖြင့် သူ့စိတ်ကို အနှောင့်အယှက်ပေးတတ်လွန်းသောကြောင့်ဖြစ်သည်။

"သမီးငယ်ကိုတော့ အန်ကယ် မောင်ကျော်ဒွန်းလက်ထဲ အပ်ရမှာပဲ၊ သမီးက ငယ်သေးတော့ ဆိုးချင်တယ်၊ ပြီးတော့ အန်ကယ်တို့ ချစ်မှန်းသိလို့လည်း သူက သူလုပ်ချင်ရာကို တစ်ခါတလေ ဇွတ်လုပ်တတ်တယ်၊ အင်း…အဲဒါတွေအားလုံးဟာ





သူ့ကို ငယ်ငယ်ကတည်းက အလိုလိုက်ခဲ့တဲ့ အပြစ်တွေပေါ့ကွာ၊ အန်ကယ်မှာကလည်း အန်ကယ်အလုပ်နဲ့ အန်ကယ် မအားနိုင်သလို၊ အန်ကယ့်ဇနီးကျပြန်တော့လည်း စီးပွားရေးဘက်မှာ လုံးပန်းနေရတော့ သမီးကို ရင်အုပ်မကွာ မကြည့်နိုင်ခဲ့ဘူး၊ အဲ…ဒီအိမ်မှာ သူကြောက်တဲ့သူဆိုလို့ သမီးကြီးပဲရှိတယ်၊ ဒါပေမဲ့ ခု သမီးကြီးတလည်း မကြာခင် သူ့အိမ်ထောင်နဲ့သူ ဖြစ်တော့မှာဆိုတော့ သင်းလေးက အိမ်မှာ ပြောမယ့်ဆိုမယ့်လူမရှိ လွတ်လပ်ချင်တိုင်း လွတ်လပ်ပြီး ပိုဆိုးမှာတော့ သေချာတယ်"

ဦးဖေသက်မှာ သမီးဖြစ်သူအတွက် စိုးရိမ်သလို တွေးတွေးဆဆနှင့် ပြောလိုက်သည်။

"မစိုးရိမ်ပါနဲ့ အန်ကယ်ရယ်၊ သူလည်း သူ့အသက်အရွယ်နဲ့သူ သိသင့်သလောက်တော့ သိပါလိမ့်မယ်"

"သိတာလည်း သိတာပေါ့ မောင်ကျော်ဒွန်းရယ်၊ အန်ကယ်အနေနဲ့ကတော့ မိဘတစ်ယောက်အနေနဲ့ စိုးရိမ်မိတယ်၊ ဒါကြောင့် သမီးငယ်ကို မောင်ကျော်ဒွန်း အမြင်မတော်တာရှိရင် ဆိုဆုံးမပါ၊ ပြောလို့မရရင် နောက်ဆုံး ရိုက်ပြီးဆုံးမနိုင်တဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com



...မင်းကို သားရင်းတစ်ယောက်လို အားကိုးပါရစေ"

"စိတ်ချပါ အန်ကယ်...ပျူလေးလည်း အဲဒီလော...ဆိုးတဲ့ မိန်းကလေးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အန်ကယ်ပြော...သလို သူသိပ်ဆိုးနေရင် ကျွန်တော် ရိုက်ပြီးဆုံးမတဲ့အထိ သူ့...ကျွန်တော်တို့ လိုချင်တဲ့ပုံစံရတဲ့အထိ သွင်းယူကြတာပေါ့"

"ဟွန်း"

ပျူလေးသည် နှုတ်ခမ်းလေး ဖိကိုက်လျက် နှုတ်...မကျေနပ်သံလေး ထွက်သွားရသည်။

ကြည့်စမ်း...

သည်လူကြီး သူကများ ပျူလေးကို ရိုက်နှက်ဆုံးမပြ...သူလိုချင်တဲ့ပုံစံရအောင် သွင်းယူမယ်လေး ဘာလေးနဲ့ တော်တော်...လည်း မှန်းစရာကောင်းသည့် လူပါလား။

တွေ့မယ်..ပျူလေးဆိုတာ ဘယ်လိုလူလဲဆိုတာ ခင်ဗျား...ကြီးသိအောင် ကောင်းကောင်း အကြောင်းပြရသေးတာပေါ့။

ထမင်းစားခန်းထဲမှ ထွက်သွားသော ပျူလေးသည်...ခပ်ဝေးဝေးကို သွားသည်မဟုတ်ပါဘဲ ထမင်းစားခန်းဝတွင် သူ...





...ယ်လေး ကွယ်ရပ်လျက်က ဖေဖေတို့ သူမအကြောင်း ဘာများ...ပြောလေမလဲဆိုသည့် သိလိုစိတ်နှင့် လာရပ်၍ နားထောင်နေရာမှ...စကားများကို ပျူလေးသည် ကြားခဲ့ရခြင်းဖြစ်သည်။

ကြားရခိုက်တော့ ပျူလေးသည် ဒေါသတွေ ချက်ချင်း...ဆူဝေသွားခဲ့ရပေမယ့် ခဏချင်းပင် ပျူလေးသည် သူမကိုယ်...မ သတိနှင့်ပြန်ထိန်းချုပ်လိုက်ပြီး သူမအား ပုံစံသွင်းယူချင်သည့်...ကျော်ဒွန်းကို ပျူလေးသည် သူမဘက်ကပြန်၍ ဘယ်လိုပုံစံ...သွင်းရမည်ဆိုတာ စဉ်းစားနေတော့သည်။

ဦးကျော်ဒွန်းရယ်...ခင်ဗျားကြီးကပဲ ကျွန်တော့်ကို ပုံစံ...သွင်းယူနိုင်မလား၊ ကျွန်တော်ကပဲ ခင်ဗျားကိုပဲ ပုံစံပြန်သွင်းမလား...ဆိုတာ စောင့်ကြည့်ကြတာပေါ့ဗျာ ဟူ၍ ပျူလေးစိတ်မှာ ကျော်ဒွန်း...အား ကြိမ်းဝါးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"တူ…တူ…တူ"

ဖုန်းသံကြောင့် ပျူလေးသည် သူမအနီးမှ ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို…သက်ရိပ်မြုံက ပြောနေပါတယ်"

"ဟဲ့…ပျူလေး…ငါပါဟ"

"သြော်…ရှုးရှူး…ကဲဆို ဘာကိစ္စလဲ"

"အေး…ကိစ္စကတော့ ငါတို့တွေ ခုကျောင်းပြန်ဖွင့်တော့မယ်ဆိုတော့ ကျူရှင်လေးဘာလေး စုံစမ်းရအောင်လို့လေဟာ ဘာပဲပြောပြော ငါတို့တွေ ခုနောက်ဆုံးနှစ်ရောက်နေပြီဆိုတော့ အပြတ်ကြိုးစားမှဖြစ်မယ်ဟ၊ အဲဒါ နင့်ဆီ ငါလာရမလား၊ ငါ့ဆီ နင်လာမလား ပျူလေး"





အထက်တန်းမှာကတည်းက တွဲလာတဲ့ ရှားရှားပါးပါး ...နီးကလေးသူငယ်ချင်းဖြစ်တဲ့ ရှုးရှူးစကားကို ပျူလေးသည် ...န်းလေးကိုင် နားထောင်ရင်းက စဉ်းစားသလိုရှိနေပြီးမှ…

"ဒီနှစ်တော့ ငါ အပြင်က ကျူရှင်ယူဖြစ်လိမ့်မယ် မထင်...ဘူး ရှုးရှူး"

"ဟဲ့…ဘာဖြစ်လို့လဲ ပျူလေး၊ နင်က အပြင်က ကျူရှင်ယူဖြစ်ဘူးဆိုတော့ အထဲကကျူရှင် ရှိနေလို့လား"

"အေး…ရှိတယ်"

"ဘာ"

ရှုးရှူးမှာ သူမ၏ အရွဲ့တိုက်မေးလိုက်သည့်စကားကို ...ဟုတ်မှတ်ကာ ပြန်၍ဖြေနေသည့် ပျူလေးစကားကြောင့် အံ့သြ...သွားရသည်။

ပျူလေးစုတ် ဘာတွေပြောနေတာပါလိမ့်လို့လဲ ရှုးရှူး ...တ်မှာ တွေးလိုက်သည်။

အတွေးနှင့်အတူ ရှုးရှူးစိတ်မှာလည်း ပျူလေးစကားကို ...တ်ဝင်စားသွားရသည်မို့…



www.burmeseclassic.com

www.burmeseclassic.com



"ပြော့စမ်းပါဦး…နင့်ကျူရှင်ဆိုတာ ဘာလဲ ပျူလေး"

"ခု ငါတို့အိမ်မှာ ငါ့ကို စာသင်ပေးမယ့်လူ ရောက်နေ ပြီဟ"

"ဟင်…ဘယ်တုန်းကလဲ၊ ငါလာတုန်းက မတွေ့ပါ လား"

"အေး…ဘယ်တွေ့ပါ့မလဲ၊ နင်လာတုန်းက အဲဒီလူကြီး က အိမ်ကို ရောက်မှမရောက်သေးတာ"

"ချောလားဟဲ့၊ ပြီးတော့ ဘယ်ကလဲ၊ နင်တို့အမျိုး လား"

မေးခွန်းတွေများလွန်းသော ဖူးဖူးစကားကြောင့် ပျူလေး သည် နားခေါင်းရှုံ့သွားရပြီး…

"နင့်မေးခွန်းတွေကလည်း များလိုက်တာဟယ်၊ ငါတော ဘယ်က စဖြေရမှန်း မသိတော့ဘူး"

"ဟဲ့…ဟဲ့…ဆောရီးဟယ် ဆောရီး၊ ပထမ လူကြီး ချောလားဆိုတာ အရင်ဖြေ"

"ချောလားဆိုတော့ နင်မြင်ရင် ထိုင်ငိုသွားလိမ့်မေ





ဖူးရေ"

"ဟယ်…ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲဟ…ဒီလူကြီးက အညာရွာသား၊ ညာသားဆိုတော့ နင်သိတဲ့အတိုင်း နေကပူပူ ဖုန်ကထူထူဆို တော့ အသားကလည်း မီးသွေးလို မည်းနေတာပေါ့ဟယ်၊ ပြီးတော့ သေးတယ်ဟဲ့၊ သွားကလည်း ခေါလိုက်တာ ရှေ့ကို တစ်တောင် လောက် ထွက်နေတယ်၊ ဒီကြားထဲ မျက်စိကလည်းစွေသေး၊ လောက်ပြီး…."

"ဟို…ဟို..တော်ပါတော့ ပျူလေးရယ်၊ နင်ပြောတာ ကြားတာနဲ့ ငါတောင် ကြက်သီးထလာပြီ၊ ဒီလောက်ဆို နင့်အိမ် လူကြီးအကြောင်းက ပြည့်စုံနေပြီမို့ ငါ ဒီထက်လည်း ပိုမသိ င်တော့ပါဘူးဟယ်"

"နေပါဦး ဖူးဖူးရယ်၊ ငါ့စကားက ဆုံးအောင် နင် ထောင်လိုက်ပါဦး"

"ကျေးဇူးပါပဲ ပျူလေးရယ်၊ ဒါပေမယ့်လေ သူငယ်ချင်း ယ် ငါလေ ကိစ္စလေးရှိသေးလို့ နောက်မှ နောက်မှပဲ နားထောင်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်နော်"

"ဟယ်...ရှူးရှူးရယ် ခဏလေးပါဆို၊ ငါ့အိမ်က အဲ

လူကြီးက ဗိုက်ကလည်းပူ အစားကလည်းကြီး...ကြီး"

"ဟင်"

စပ်စုချင်လွန်းသည့် ရှူးရှူးကို ပျူလေးသည် နောက် မစ

ရဲအောင် အားပါးတရ ဦးကျော်ဒွန်း မကောင်းကြောင်းများ

ပြောနေဆဲ သူမနောက်မှ အသံကြားသောကြောင့် ပျူလေးသည်

ဖုန်းပြောနေရင်းက လှည့်အကြည့်တွင် ဘယ်အချိန်ကတည်း

သူမနောက်နား ရောက်နေသည်မသိသော ဦးကျော်ဒွန်းကို တွေ့

လိုက်ရသောကြောင့် ပျူလေးမှာ မျက်နှာလေး ဖြူလျော်သွား

တဲ့အထိ လန့်သွားရသည်။

ထို့အတူ...

သူမလက်ထဲက ဖုန်းလေးကလည်း အလိုလိုကျသွား

၏။

"ဦး...ဦးကျော်ဒွန်း"

အခန်းနံရံကို ကိုယ်နှင့်မှီရပ်ကာ ပျူလေးအား မျက်





တည်တည်စူးစူးကြီးများဖြင့် ခပ်တည်တည် လက်ပိုက်ကြည့်နေ

သော ဦးကျော်ဒွန်း အကြည့်များကြောင့် ပျူလေးသည် သူ့ရှေ့

တွင် အပြစ်ရှိသူတစ်ယောက်လို အနေခက်သွားရကာ ပါးစပ်က

လည်း သူ့နာမည်ကို အလိုလိုခေါ်မိလျက်သား ရှိသွားရသည်။

ပျူလေး သူ့နာမည်ကိုခေါ်လိုက်ပေမယ့် ကျော်ဒွန်းက

တော့ သူမခေါ်သည်ကို မကြားသလို မျက်နှာတည်တည်ကြီးနှင့်

ပျူလေးကို မမြင်ဖူးသလို စိုက်ကြည့်နေသည်။

"အဟဲ...ဟို..ဦးကျော်ဒွန်း၊ ဘယ်..ဘယ်မှမသွားဘူး

လားဟင်"

သူ့မျက်နှာတည်တည်ကြီးကို ကြည့်တာနှင့် ဦးကျော်ဒွန်း

သည် သူမပြောစကားများကို ကြားသွားပြီဆိုတာ သိလိုက်ပြီမို့

သူ့ရှေ့တွင် သွားလေးပေါ်သည့်အထိ ရယ်ပြရင်း မျက်နှာချို့သွတ်

ဆက်လိုက်ပေမယ့် ဦးကျော်ဒွန်း သူကတော့ ခပ်တည်တည်ကြီး

ပင်။

ဟွန်း...ကြည့်စမ်း

ဒီလူကြီး သူ့ကို ပျူလေး နူတ်ဆက်နေတာသိရက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်၍ အသိအမှတ်ပြု နှုတ်ဆက်ဖော်မရဘဲ မျက်နှာကြီး တည်တင်း နေသည်က မုန်းစရာ။

နေပေါ့…ပျူလေး သူ့ကို နှုတ်ဆက်နေပါရက်နှင့် ပျူလေး ကို သူ နှုတ်မဆက်တော့ရော ပျူလေးက ဂရုစိုက်ရမှာတဲ့လား။

ကိုယ့်အပြစ်နှင့်ကိုယ်မို့သာ ပျူလေး သူ့ကို မျက်နှာချိ သွေးရပေမယ့် ပျူလေးဆိုတာကလည်း ဘယ်သူ့ကိုမှ သိပ်ပြီး ဂရုစိုက်တတ်သည့် သူ မဟုတ်။

သူ မခေါ်တော့ရော ဘာအရေးလဲဆိုသည့် မခံချင်သည့် အတွေးလေးနှင့် ပျူလေးသည် သူ့ရှေ့ကအဖြတ်…

"ဟိတ်…နေဦး"

"အမေ့"

"ဟင်"

အသံမာမာကြီးနှင့် တားလိုက်သည့် သူ့စကားကြောင့် ပျူလေးကိုယ်လေး တွန့်ခနဲ ဖြစ်သွားရသည်။

ဘုရားရေ…

သူ…ဦးကျော်ဒွန်း ပျူလေးကိုများ ဘာလုပ်မလို့ပါလိမ့်





ထိတ်ခနဲ လှုပ်ရှားသွားရသည့် ရင်အစုံကို ပြန်လည်ထိန်းချုပ်ရင်း က သူ့ရှေ့တွင် ဘာမှမဖြစ်သလို မျက်နှာတည်တည်လေးနှင့် နေလိုက်ခြင်းက ပျူလေး သူမကိုယ်သူမ ဟန်လုပ်လိုက်ခြင်းသာ ဖြစ်ပါသည်။

သို့ပေမယ့်…

ရင်တွေကတော့ တဒိတ်ဒိတ်နှင့် ခုန်နေရသည်မဟုတ် ပါလား။

"ထိုင်စမ်းပါဦး"

အနားမှာရှိသည့် ခုံပေါ်တွင် ထိုင်ခိုင်းလိုက်ကာ ပျူလေး ရင်ထဲ ပို၍ စိုးရိမ်စိတ်များ ဝင်သွားသည်။

မြတ်စွာဘုရား…

သေချာပါပြီ…ဒီလူကြီး သူမပြောနေသည့် စကားများ ကို အကုန်ကြားသွားရပြီဆိုတာ။

သူ့မျက်နှာထည်တည်ကြီးကို ပျူလေး ကြည့်လည်း ကြည့်ရဲသလို လူကလည်း ဟန်မဆောင်နိုင်အောင် ထိတ်လန့် သာရပြီမို့…



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်...ကျွန်တော် မအားဘူး၊ အလုပ်ရှိသေးတယ်"

ကြောက်ကြောက်ရွံ့ရွံ့နှင့် ပျူလေးသည် သူမပါးစပ်ထဲရှိရာ တွေ့သည့်စကား ပြောလိုက်သည်။

"အဟွန်း...ပြောချင်ရာတွေပြောပြီး အခုမှ မအားပါဘူး ဆိုပြီး ရှောင်ထွက်သွားလို့ရမလား"

"ခင်...ခင်ဗျား ဘာတွေပြောနေတာလဲ"

ပျူလေးသည် ဟန်ကိုယ့်ဖို့ဆိုသည့် စကားအတိုင်း မျက်နှာတည်တည်လေးနှင့် သူ့စကားကို နားမလည်သလို ပြန်မေးလိုက်သည်။

ထိုအခါ....

ကျော်ဒွန်း၏ မျက်ခုံးထူထူကြီးမှာ ပို၍တွန့်ကြုတ်သွားရပြီး...

"မင်းပုံစံကြည့်ရတာ လုပ်ရဲရင် ဝန်ခံရဲတဲ့ပုံပါပဲ၊ ဘာလဲ မင်းကြောက်နေလို့လား"

"ခင်ဗျားနော်"





သူ့စကားကြောင့် ပျူလေး မခံချင်ဖြစ်သွားရကာ သူမမာနလေးကလည်း အလိုလို ခေါင်းထောင်လာရသည်။

ပျူလေးဆိုတာက ကြောက်တတ်သူတော့ဖြင့် မဟုတ်ပါ။ သို့သော် ဒီလူကြီးနှင့် အရှည်အရှည် စကားမများချင်သောကြောင့် စကားကို ရှောင်လွှဲနေသည်ကိုပင် သူက ပျူလေးအား ကြောက်သည်ထင်လာသောအခါ ပျူလေး ဝန်မခံချင်စိတ်များက ပေါ်လာရပြီး...

"ဒီမှာ ခင်ဗျားသိထားဖို့က ကျွန်တော့်ဘဝမှာ ကြောက်ရမယ့်လူဆိုတာ မရှိသေးဘူး၊ ဒါကြောင့် ခင်ဗျားကိုလည်း ကျွန်တော် ဘာအကြောင်းနဲ့မှ ကြောက်စရာမရှိဘူး"

"အဟွန်း...သေချာလို့လားကွ"

"ဟင်...ဒါ...ဒါ..ခင်ဗျား ဘာစကားပြောတာလဲ"

မျက်ဝန်းစူးစူးတောက်တောက်လေးနှင့် နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ကာ ပျူလေး မေးလိုက်တော့ ကျော်ဒွန်းသည်လည်း ပျူလေးအား ပြန်၍ကြည့်လာကာ...

"ပြောစမ်းပါဦး...မင်း စောစောက မင်းသူငယ်ချင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်အကြောင်း ဘာတွေ မကောင်းပြောနေတာလဲဆိုတာ"

"ဘာ…ဘာပြောလို့လဲ"

ချက်ချင်းပင် ပျူလေးသည် သူမအကြည့်များကို သူ့ထံက လွှဲလိုက်ရင်းက စကားသံ အထစ်ထစ် အငေါ့ငေါ့နှင့် ပြန်မေးလိုက်သည်။

"အဟွန်း…ဟွန်း‥ဘာလဲ မေ့သွားပြန်ပြီပေါ့လေ"

"ဘာ‥ဘာမေ့ရမှာလဲ၊ ခင်ဗျား ဘာကြားလို့လဲ",

"မင်းသူငယ်ချင်းကို ပြောနေတာတွေအားလုံး ကျုပ်ကြားတယ်ဆိုရင်ရော"

"အို"

ပျူလေး မျက်နှာတစ်ပြင်လုံး ရဲရဲတွတ် နီမြန်းသွားရတော့သည်။ တစ်ဆက်တည်း သူမစိတ်ထဲတွင် သူမပြောသမျှကြားသွားပါသည်ဆိုသော ဦးကျော်ဒွန်းကို ရင်မဆိုင်ရဲလောက်အောင် ဖြစ်သွားရသည်။

"အညာသား…အသားမည်းမည်း၊ သွားခေါခေါ၊ ဗိုက်ပူပူ၊ ကဲ‥ဒီထက် မင်း ကျုပ်ကို မကောင်းပြောဖို့ ဘာကျန်သေးလဲ





ဆိုတာ စဉ်းစားပါဦး"

"ဟို…ဟို‥ကျွန်တော်…ကျွန်တော်"

"စောမင်းပျူ"

"ဟင်"

သူမနာမည် အပြည့်အစုံကို ခေါ်လိုက်သော ဦးကျော်ဒွန်း၏ စကားသံမာမာကြီးကြောင့် ပျူလေးအကြည့်များက သူ့ထံ ဖျတ်ခနဲ ရောက်ရှိသွားရသည်။

သူမကြည့်သလို သူကလည်း ပျူလေးကို အကြည့်စူးစူးရဲရဲကြီးများဖြင့် ကြည့်နေသောအခါ ပျူလေးရင်ထဲ စိုးရွံ့တာလား၊ ကြောက်ရွံ့သည်လား မသိတော့ဘဲ ရင်တွေ တဒိတ်ဒိတ် ခုန်မြန်လာရတော့သည်။

"ပြောစမ်း…မင်း ကျုပ်ကိုဘာရည်ရွယ်ချက်နဲ့ အဲဒီလိုပြောတာလဲဆိုတာ"

"ရည်ရွယ်ချက်‥ကျွန်တော့်မှာ ဘာရည်ရွယ်ရှိရမှာလဲ"

"ဒါဖြင့် မင်း ဒီစကားကို တမင်ပြောတာပေါ့လေဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဟု ပျိုလေး မငြင်းချင်တော့ပါ။ သူကိုယ်တိုင်က ပျိုလေးစကားတွေကို ကြားထားပြီးပြီမို့ ပျိုလေးသည် နှုတ်ခမ်းလေးကို ဖိကိုက်လိုက်ရင်း…

"ကျွန်တော့်စကားတွေဟာ ခင်ဗျားကို နစ်နာပါစေဆိုတဲ့ စိတ်နဲ့ ပြောတာမဟုတ်တာတော့ အမှန်ပဲ"

"ဒါဆို"

"ရှူးရှူးကို ကျွန်တော် စလိုက်တာ"

"ရှူးရှူးဆိုတာ"

"ကျွန်တော့်ရဲ့ မိန်းကလေးသူငယ်ချင်း၊ သူက ခင်ဗျားအကြောင်းကို စပ်စပ်စုစုနဲ့ မေးနေလို့ ကျွန်တော် တမင် သူ့ကို အဲဒီလိုစကားမျိုးပြောလိုက်တာ၊ ပြီးတော့လည်း…"

ပျိုလေးသည် ပြောရင်းက စကားရပ်သွားလေသည်။

"ပြီးတော့လည်း ဘာဖြစ်လဲ"

စကားဝင်ထောက်လိုက်သည့် သူ့ကို ပျိုလေးသည် မျက်လွှာလေးပင့်ကာ တစ်ချက်မော့ကြည့်ပြီး…

"ခင်ဗျားမရှိဘူးလို့ စိတ်မှာထင်လို့"





"အဟွန်း…အဲဒါနဲ့ပဲ ကျုပ်က အသားမည်းမည်း၊ သွားခေါခေါ၊ မိုက်ပူပူ ဖြစ်သွားရရောလား"

"ခစ်…ခစ်…ခစ်"

သူ့နှုတ်က ဒီလိုပြောပြန်တော့လည်း ပျိုလေးသည် မျက်နှာပူပူနှင့် အားနာရသည့်ကြားက ကလေးတစ်ယောက်လို ဟန်မဆောင်ဘဲ ရယ်မိသွားရသည်။

သူမ ဒီလိုရယ်သည်ကို ကျော်ဒွန်းမှာ မျက်မှောင်ကြီးကြုတ်ကာ ပြုံးစေ့စေ့မျက်နှာနှင့် ကြည့်လာပြီး…

"မင်းကြည့်ရတာ တစ်စက်လေးမှ အချိုးမပြေပါလား ပျိုလေး"

ပျိုလေးမျက်နှာလှလှက တင်းခနဲ ဖြစ်သွားရပြန်၏။

"ခင်ဗျားကြီးနော် အချိုးမပြေဘူးထင်ရင်လည်း မကြည့်နဲ့ပေါ့၊ ဘယ်သူက ခင်ဗျားကို ကြည့်နေခိုင်းလို့လဲ"

"အဟွန်း…ဟွန်း…ဟွန်း"

ရယ်သံခပ်သဲ့သဲ့က ပျိုလေးကို ပိုလို့မခံချင်စရာဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဒီလိုဆိုတော့လည်း မင်းက မိန်းကလေးပီသ သားဝဲ"

"ဘာဗျ"

"ဟိတ်..ဟိတ် နေဦး၊ မင်းက ဘာပြောပြော စိတ်ဆိုး ဖို့က အရင်၊ အဲဒီလိုစိတ်ဆိုးတာကိုက မင်းကိုယ်မင်း ငါ မိန်းကလေးပဲဆိုတာ ပြောနေတာပဲ"

နှုတ်ခမ်းထောင့်လေးတွေ တက်သွားအောင် သရော် တော်တော်အပြုံးနှင့် ဆိုလိုက်သည့် ဦးကျော်ဒွန်းစကားကြောင့် ပျူလေး စိတ်ထဲ ရှုတတကြီး ဖြစ်သွား၏။

"ခင်ဗျားကြီး…ခင်ဗျားကြီးကို ကျွန်တော် တကယ် စိတ်ဆိုးမိတော့မယ် သိလား"

"ဘာလဲ…ကျုပ်စကားက မင်းအတွက် မှန်သွားလို့ လား"

ပျူလေးမှာ ခေါင်းလေးဆတ်ခနဲထောင်လာရရင်း ရင်မှာ မခံချင်စိတ် ကြီးစိုးသွားရကာ…

"ကျွန်တော့်ဘာသာ ကျွန်တော် ဘယ်လိုဖြစ်ဖြစ် ခင်ဗျား





…မပါပါဘူး"

"ကျုပ်ကလည်း ကျုပ်ပူရတယ်လို့ မပြောပါဘူး"

"ခင်ဗျား"

ဒေါသတွေနှင့် ပျူလေးမှာ ရှေ့ဆက်ဘာပြောရမည်ကို …တော့ဘဲ မျက်ဝန်းအိမ်လှလှလေးတွင် မျက်ရည်ကြည်ဥကြီး … ခိုတွဲလာရသည်။

သူကတော့ အပြုံးမပျက်။

"မင်းဘယ်လိုလဲ ချာတိတ်၊ ကျုပ်အကြောင်းကို ကျုပ် …ယ်ရာမှာလည်း အတင်းအုပ်သေးတယ်၊ ပြီးတော့ ပြောတဲ့လူ …ဲ မျက်ရည်တွေနဲ့၊ တကယ်ဆို ကျုပ်က ခင်ဗျားကို"

"ဘာလဲ…ခင်ဗျားကြီးက ကျွန်တော့်ကို ဘာလုပ်ချင် …လို့လဲ"

အနိုင်မရရပ့်မလားဆိုကာ သူ့အပေါ် ဒေါသဖြစ်ချင်နေ …ာ ပျူလေးသည် မခံချင်စိတ်ဒေါသတွေနှင့် သူ့ကို မမှုသလို …လေး ခပ်မော့မော့နှင့် စိန်ခေါ်သလိုပြောလိုက်တော့ ကျော်ဒွန်း …ည် သူမအပြုအမူကြောင့် ပို၍ပြုံးသွားရပြီး…



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို နောက်တစ်ခါ မှတ်သွားအောင်လို့တော့ ဒ
ပေးရလိမ့်မယ်"

"ဟင်"

"ဟုတ်တယ်၊ ဒါမှ နောက်တစ်ခါ မင်း ကျုပ်အကြော
ကို ကျုပ်ကွယ်ရာမှာ မပြောရဲမှာ၊ ဘယ်လိုမိန်းကလေးလည်း
ပါဘူးကွာ၊ အကြီးကို အကြီးမှန်းမသိဘူး၊ တုတ်နဲ့ ခပ်နာနာ ရို
ပစ်ဖို့ပဲ ကောင်းတော့တယ်"

"အွန်"

လူကို သူ့တပည့်လက်အောက်ငယ်သားတစ်ယောက်
ခုပဲ တကယ်ပင် ထရိုက်တော့မည့်ပုံစံ မျက်နှာတည်တည်ကြီးနှ
ပြောနေသော ဦးကျော်ဒွန်းကြောင့် ပျူလေးတစ်ယောက် နှုတ်ခ
အလိုလို စူလာရသည်။

ဘယ်လိုလူကြီးမှန်း မသိပါ။

လူပုံက ခပ်တည်တည်ကြီးနှင့် ပြောလျှင်ပြောသ
လုပ်မည့်ပုံစံမျိုး။

ပျူလေး သူ့ကို ဂျစ်တူးတူး ပေကတ်ကတ်ဟန်လေး





မျက်လုံးလေးစွေကာ ကြည့်လိုက်ပြီး…

"ခင်ဗျားကြီးနော် လူကို ရိုက်ဖို့ကောင်းတယ်၊ ဘာလေး
ညာလေးနဲ့ ပြောနေရအောင် ခင်ဗျားကြီးက ကျွန်တော့်အဘလား"

"အေး…ကျုပ်က မင်းအဘထက် ပိုကြောက်ဖို့ကောင်း
တယ်"

"ဟင်"

တကယ်ပင် အတည်ပေါက်ဟန်ကြီးနှင့် ပြောနေသော
ဦးကျော်ဒွန်း စကားကြောင့် ပျူလေး လန့်လို့ပင်သွားရသည်။

"အဟွန်း…ဘာလဲ ကျုပ်က မင်းကို မရိုက်ရဲဘူးထင်လို့
လား၊ မင်းသိထားဖို့က မင်းကို အန်ကယ်ကိုယ်တိုင်က အမြင်
မတော်တာရှိရင် ရိုက်ပြီးဆုံးမဖို့ ပြောထားပြီးသား၊ ဒါကိုတော့
မင်းနားလည်ရဲ့လား"

နားမလည်ပါ။ ပျူလေးသည် ဘာတွေ ဘယ်လိုဖြစ်ကုန်
ရပြီကို တကယ်ကို နားမလည်ချင်တော့ပါ။

ဖေဖေသည် ယခုမှရောက်လာသည့် ဦးကျော်ဒွန်းကို
လုံးလုံးကြီးယုံကြည်ကာ သမီးဖြစ်တဲ့ သူ့မကိုပင် ရိုက်ပြီးဆုံးမ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါသည်လို့ သူ့လက်ထဲ ယုံယုံကြည်ကြည်နှင့် အပ်လေသော အခါ ပျူလေးအတွက် ဆိုဖွယ်မရှိတော့ပြီ မဟုတ်ပါလား။

သည်ပုံအတိုင်းဆို ပျူလေးသည် သူ့ကိုပင် ကြောက်ရ တော့မည်ဖြစ်သည်။

စိတ်ညစ်ပါသည်။ သိပ်စိတ်ညစ်ပါသည်။ ပျူလေးသည် သူမကို ဆုတတ်၊ ငေါက်တတ်သည့် မမခွာညိုဖြူတစ်ယောက် ရှိတာနှင့်ပင် လူက သေချင်လောက်အောင် စိတ်ညစ်နေရသည် ဆိုကာမှ ယခု မမခွာညိုဖြူနည်းတူ သူမကြောက်ရမည့် လန့်ရ မည့် သူတစ်ယောက် တိုးလာသောအခါ ပျူလေး တကယ်ပင် စိတ်ညစ်ရပြီဖြစ်သည်။

တစ်ဆက်တည်း သူ့အကြောင်းကို ရှုးရှုးအားပြောမိသည့် သူမပါးစပ်ကိုလည်း သူမ ပိတ်၍သာ ရိုက်ပစ်ချင်တော့သည်။

သူ့အကြောင်းကို ပျူလေးပြောတုန်းကတော့ ဘာရယ် မဟုတ်၊ ရှုးရှုးအား စရင်းနောက်ရင်း ပါးစပ်ကနေ ဆတ်ဆတ် ဆော့ဆော့ ပြောလိုက်တာဖြစ်ပေမယ့် တကယ်တမ်း ဦးကျော်ဒွန်း သူမပြောသမျှစကားတွေကို ကြားသွား၍ ရှင်းရပြန်တော့ ပျူလေး





သည်သာ ကြားကနေ သေချင်လောက်အောင် စိတ်ညစ်ရသည့် အဖြစ်။

တကယ်တော့ ပျူလေးသည် ထိုစကားကို ရှုးရှုးအား တမင်ပြောလိုက်ခြင်းဖြစ်သည်။

မပြောလို့ကလည်း မရပါ။

ရှုးရှုးဆိုသည့် သူငယ်ချင်းမသည် သူမနှင့် စရိုက်ချင်း တခြားစီ။ ခပ်ကဲကဲ၊ ခပ်သည်းသည်း နေတတ်သူဖြစ်သည်။

သူမသာ ဦးကျော်ဒွန်းကို ယောကျ်ားပီပီသသနှင့် တည် ကြည်ခန့်ညားချောမောသည့် လူတစ်ယောက်ပါလို့ အရှိအတိုင်း ပြောလိုက်ပါက ရှုးရှုး သူမအိမ်ကို ချက်ချင်းရောက်လာမည့် အဖြစ်။

သည်အဖြစ်ကို ပျူလေး သိ၍လည်း သူမ ထိုစကားမျိုး ရှုးအား ပြောလိုက်ခြင်းဖြစ်သည်။

ဒါကိုပင် ဦးကျော်ဒွန်းဆိုတဲ့ လူ့ခွစာကြီးက သူမပြော လိုက်သည့်စကားကို ကြားဖြစ်အောင်ကြားသောအခါ ပျူလေး အော်ဟစ်ပြီးသာ ငိုပစ်ချင်ပါတော့သည်။

မကြားစေချင်သည့် လူရှေ့မှာမှ ပျူလေး သူ့အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်ပြောမိနေရသည့်အဖြစ်။

ကဲ…ဘယ်လောက်များ စိတ်ပျက်ဖို့ ကောင်းလိုက်သည်လဲလေ။

"ဟင်း"

သက်ပြင်းတစ်ချက်ကို ပျူလေး ချလိုက်မိသည်။

ကြည့်လေ…ခု ဦးကျော်ဒွန်း သူမကိုပြောနေပုံက ဆရာတစ်ယောက်က တပည့်တစ်ယောက်ကို ဆူငေါက်နေသလိုမျိုး ရှိနေတာမို့ ပျူလွေးတစ်ယောက် စိတ်မှာ မကြည်လင်နိုင်တော့ပါ။

ကြည်စရာလည်း အကြောင်းမရှိတော့။

အဘယ်ကြောင့်ဆိုရသော်…

ဖေဖေသည် ဦးကျော်ဒွန်းဆိုသည့် ဒီလူကို နောက်ဆုံးနှစ်ကျောင်းသူတစ်ယောက်ဖြစ်သည့် သူမအား လိုအပ်သည့် ဘာသာရပ်များ စာပြပေးရန် အပ်ထားသည်ဆိုပေမယ့်လည်း ပျူလေးကတော့ သူ့ကို ဆရာရယ်လို့ မသတ်မှတ်ရသေးခင် သူမအား ခုကတည်းက ရိုက်ပြီးဆုံးမရန် ပြင်ဆင်နေသည့် သူမရှေ့က ဒီလူကြီးကို ကြည့်မရချင်တော့သည်က အမှန်ဖြစ်သည်။





သို့သော်…

သူ့အား ကြည့်မရချင်တော့၍ သူ့အနားက ထွက်သွားဖို့ ဆိုလည်း မဖြစ်သေး။

ဖေဖေပေးလိုက်သည့် အခွင့်အရေးကို ရတာနှင့် ပျူလေး မျက်နှာထားတည်တည်ကြီးနှင့် ဆိုဆုံးမလို့မပြီးနိုင်တော့သည့် ကျော်ဒွန်းကြောင့် ပျူလေး သူ့အနားက မသွားရဲအောင် ရှိနေရတော့သည်။

ပျူလေးမှာ မျက်နှာလေး မှုန်တေတေဖြင့် သူ ဆူငေါက်သမျှကို ဘာတစ်ခုမှ ပြန်မပြောရဲပါပေ။ နှုတ်ခမ်းလေးစူလျက် နေရာတွင်ရပ်နေခိုက်…

"ပျူလေးရေ၊ ဟင်…ဩော် ကိုကျော်ဒွန်း"

ဆရာမပီပီ ခွာညိုဖြူသည် ပျူလေးနှင့်ကိုကျော်ဒွန်းတို့ ကြည့်ကာ အခြေအနေကို ချက်ချင်းပင် သဘောပေါက်လိုက်၏။ ခွာညိုဖြူမှာ ညီမဖြစ်သူကိုကြည့်ကာ သဘောတကျနှင့် ပါတော့သည်။

ပျူလေးကတော့ မမခွာညိုဖြူရယ်သံကြောင့် မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲကာ ရှက်ရှက်နှင့် သူမအခန်းဆီသို့ အပြေးလေး ထွက်လာ
လိုက်ပါသည်။

"အဟွန်း…မဖြူညီမကို ကျွန်တော် ဆုံးမနေတာ"

"ကောင်းတယ်‥ကောင်းတယ် ကိုကျော်ဒွန်းရေ၊ သူ့
အဲဒီလိုလည်း ဆုံးမတဲ့လူရှိဦးမှပဲ၊ မဟုတ်ရင် ဒီကောင်မလေး
ဆိုးချင်တယ်၊ အဟင်း…ဟင်း ခုတော့ ကိုကျော်ဒွန်းနဲ့ ဟန်ကျပြီ"

မမခွာညိုဖြူမှာ သူ့အပြင် နောက်ထပ် ပျိုလေးအား ဆုံး
မည့် ဦးကျော်ဒွန်း ရောက်လာသည့်အတွက် အားတက်ရသလို
ပြောလိုက်သည်။

"ပျိုလေးက ကလေးဆန်တာပါ မဖြူ"

"အဲဒါတော့ဟုတ်တယ် ကိုကျော်ဒွန်း၊ သူ့ကို အငယ်
ဆုံးလေးမို့ တစ်အိမ်လုံးက ဝိုင်းပြီး အလိုလိုက်ထားကြတာလေ
ဒါပေမဲ့ ကျွန်မတော့ ယုံလိုက်ပြီ ကိုကျော်ဒွန်းရေ၊ ပျိုလေးဟာ
ကိုကျော်ဒွန်းနဲ့တွေ့ရင် လိမ္မာတော့မယ်ဆိုတာ"

"ဟာဗျာ…မဖြူကလည်း အဟွန်း‥ဟွန်း…ဟွန်း"

ခွာညိုဖြူစကားကြောင့် ကျော်ဒွန်းမျက်နှာကြီးရဲလျက်





အနေခက်သလို ရှိသွားရရင်းက ခပ်လွှန့်လွှန့် ရယ်လိုက်မိ၏။

တစ်ဆက်တည်း သူ့မျက်ဝန်းထဲတွင်လည်း သူ့အား
အကြည့်စူးစူးစိမ်းစိမ်းလေးနှင့် ကြည့်သွားသော ပျိုလေး၏ပုံရိပ်
က သူ့အာရုံမှာ ငြိခဲ့ရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ပျူလေးရေ...ပျူလေး"

သူမနာမည်ကို အောက်ထပ်ကနေ တစာစာခေါ်နေသံ ကိုကြားပေမယ့် ပျူလေး မထူးပါ။

ပျူလေးဆိုသည့် သူမကလည်း ရွှဲပြီဆို ဘာကိုမှ ဂရု မစိုက်တော့ဘဲ အရွဲ့တိုက်တတ်သူမို့ ယခုလည်း အောက်ထပ်ကနေ သူမအား လှမ်းခေါ်နေသည့် မမခွာညိုဖြူအသံကို ကြားပါရက်နှင့် တမင်မထူးဘဲ ပေနေလိုက်သည်။

"ကြည့်...ဒီကောင်မလေး မမ ဒီလောက်ခေါ်နေတာ မကြားဘူးနဲ့တူတယ်၊ ရှူးရှူးတို့ ခဏထိုင်ကြဦးနော်၊ မမ ရှူးရှူးတို့





ငယ်ချင်းကို ခေါ်ပေးမယ် သိလား"

အောက်ထပ်ကနေ ပြောနေသည့် မမစကားသံကို ပျူလေး သဲ့သဲ့ ကြားလိုက်သလို မမစကားထဲတွင် ရှူးရှူးဆိုတာ ပါလာ ည်မို့ ပျူလေးမှာ ရှူးရှူး အိမ်မှာရောက်နေပြီမှန်း သိလိုက်သည်။

ရှူးရှူးစုတ်၊ ဘာလာလုပ်တာပါလိမ့်။ စိတ်ထဲကဆိုရင်း လေးသည် အိပ်ရာထဲတွင် အိပ်မြဲဆက်အိပ်နေလိုက်သည်။

ရှူးရှူးဆိုတာက ခါတိုင်းလည်း အိမ်ကိုလာနေကျ ငယ်ချင်းဖြစ်ပါသည်။

သို့ပါရက်နှင့် ယခု ရှူးရှူး အိမ်ကိုလာသည်ကို ပျူလေး ဘာကြောင့် စိတ်တွေတိုနေရသည်လဲ။

တကယ်ဆို သူမအိမ်ကို ရှူးရှူးတို့ အခုလိုလာအောင် လေးပဲ ခေါ်ထားခဲ့တာဖြစ်သည်။

ဒါနဲ့တောင် ပျူလေးသည် စိတ်မှာ ဘာတွေမကြည်မလင် ဘယ်သူ့အပေါ် စိတ်တွေတိုနေရသည် မသိတော့ပါ။

သေချာသည်ကတော့ ပျူလေးသည် စိတ်ထဲမကြည်လင် အောင် ဖြစ်နေရခြင်းကတော့ အမှန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုလဲ။ မမကိုလား၊ ဦးကျော်ဒွန်းကိုလား။ ဒါမှ မဟုတ် ယခု အိမ်ကိုရောက်လာသည့် ဖိုးဖိုးတို့ကိုလား။

ပျူလေး ဘယ်သူ့ကို စိတ်တိုနေရသည်မသိ။

စိတ်တွေတို၊ ဒေါသတွေဖြစ်နေရတာကတော့ တကယ် ပင်ဖြစ်သည်။

"ပျူလေး…ပျူလေး၊ သြော်…ကိုကျော်ဒွန်း"

ကျောင်းသွားခါနီး ပျူလေးအား သူမသူငယ်ချင်းတွေ ရောက်နေသဖြင့် အပေါ်ထပ် ပျူလေးရှိရာ အခန်းသို့ တက်ခေါ် သော ခွာညိုဖြူမှာ အပေါ်ထပ် လှေကားထိပ်တွင် ကျော်ဒွန်းနှင့် မျက်နှာချင်းဆိုင် တွေ့မိတာမို့ နှုတ်ဆက်လိုက်လေသည်။

"မဖြူ…ကျောင်းမသွားသေးဘူးလား"

"သွားမယ် ကိုကျော်ဒွန်း၊ အောက်ထပ်မှာ ပျူလေး သူငယ်ချင်းတွေ ရောက်နေလို့ ပျူလေးကို ကျွန်မ တက်ခေါ်တာ"

"ဟုတ်လား…စောစောက ကျွန်တော် ပျူလေးကို ဝရန်တာမှာ တွေ့လိုက်သေးတယ်၊ မဖြူ ကျောင်းသွားဖို့ အချိန် နီးနေရင် သွားလေ၊ ကျွန်တော် ပျူလေးကို ခေါ်ပေးလိုက်ပါ့မယ်"





ကျောင်းသွားရန် လက်မှနာရီကို တကြည့်ကြည့်နှင့် ရှိ နေရသော ခွာညိုဖြူကိုကြည့်ပြီး ကျော်ဒွန်းသည် ကိုယ်ချင်းစာစွာ ပြောလိုက်သည်။

"ဒါဆိုရင်တော့ အတိုင်းထက် အလွန်ပဲ ကိုကျော်ဒွန်း ၊ ကျွန်မလည်း ဒီနေ့ ကျောင်းမှာ လုပ်စရာလေးတွေရှိလို့ စောစောသွားချင်နေတာ၊ ကဲ…ကိုကျော်ဒွန်းပဲ ပျူလေးကို သူ့ သူငယ်ချင်းတွေ အောက်ထပ်မှာရောက်နေတဲ့အကြောင်း ပြောပေး ပါနော်"

"စိတ်ချ မဖြူ၊ ကျွန်တော်ပြောလိုက်မယ်"

"ဒါဆို ကျွန်မ သွားပြီ ကိုကျော်ဒွန်း"

"ဟုတ်ကဲ့ မဖြူ"

ခွာညိုဖြူသည် ကျော်ဒွန်းကိုနှုတ်ဆက်ကာ အလုပ်သို့ သွားတော့ ကျော်ဒွန်းသည် ပျူလေးကို ရှာရပြန်လေ၏။

သူ စောစောတုန်းကတော့ ပျူလေးကို ဝရန်တာတွင် တွေ့ခဲ့ပါသည်။ အခု ဘယ်ကိုများ ရောက်သွားပါလိမ့်။

ကျော်ဒွန်းမှာ မျက်မှောင်ကြုတ်ကာ စဉ်းစားရင်းက သူ့



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာများ ရှိနေမလားဆိုသည့်အတွေးနှင့် ပျူလေးအခန်း တံခါးကို ခေါက်လိုက်မိသည်။

"ခေါက်…ခေါက်…ပျူလေး ပျူလေး အောက်မှာ မင်း သူငယ်ချင်းတွေ ရောက်နေတယ်၊ ထွက်တွေ့လိုက်ဦး"

ကြည့်စမ်း…ဒီလူတော့ ဒါ သူ့အလုပ်လား၊ ပျူလေး ဘာသာ ပျူလေး ထွက်တွေ့တွေ့ မတွေ့တွေ့ သူနဲ့ဘာဆိုင်လို့ လူကိုလာပြီး အမိန့်ပေးနေရတာလဲ။

ပျူလေးသည် အခန်းထဲက အသံပြန်မပေးဘဲ လူက ဆိတ်ဆိတ်ငြိမ်လျက် ကျော်ဒွန်းအား အသံတိတ် ရန်တွေ့နေလိုက် သည်။

ကျော်ဒွန်းကတော့ သူမအဖြစ်ကို မသိပါ။ သူမ မကြား ဘူးအထင်နှင့် အခန်းတံခါးကို ထပ်ခေါက်လိုက်ပြီး…

"ခေါက်…ခေါက်…ပျူလေး ကျုပ်ပြောတာကြားလား အိပ်နေလို့လား"

"မအိပ်ဘူး…မအိပ်ဘူး"

"ဟင်"





အခန်းထဲကနေ ခပ်စူးစူးထွက်လာသည့် ရန်တွေ့သံလေး ကြောင့် ကျော်ဒွန်း မျက်ခုံးကြီး ပင့်တက်သွားရသည်။

ဒီချာတိတ် နေရင်းထိုင်ရင်း ဘာဖြစ်ရပြန်ပြီလဲ။ အသံ ကလည်း မကြည်မသာနဲ့ တစ်ယောက်တည်း ဘာတွေ စိတ်တို နေရသည် မသိပါ။

အိုလေ…သူ့ဘာသာသူ ဘာတွေစိတ်တိုတို သူနဲ့ဘာ ဆိုင်တာမှတ်လို့။ သူမကို သူ့ဘက်က ပြောစရာရှိသည်ကို ပြောပြီး ပြီမို့ ကျော်ဒွန်းသည် သူ့တာဝန်ကျေသွားရသလို ပျူလေးအခန်း ရှေ့မှ ထွက်လာကာ အောက်ထပ်သို့ ဆင်းလာခဲ့၏။

ပျူလေးမှာ ဦးကျော်ဒွန်း သူမအခန်းရှေ့က ထွက်သွား သည့်အသံကိုရော အောက်ထပ်သို့ ဆင်းသွားသည့်အသံကို ပို နားစွင့်ထားသည်မို့ ကြားလိုက်ရသည်။

ထိုအခါ…

ပျူလေးသည် စိတ်ဝယ် အလိုမကျသလို မျက်ခုံးလေး ကုပ်ကွေးလျက် လူက ပို၍စိတ်တိုသွားရ၏။

ကြည့်လေ…သူမစိတ်မတိုဘဲ နေမည်တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်တွင် ရှူးရှူးတို့ ရောက်နေသည်ဆိုတာကို သူမ သိပြီးဖြစ်သည်။ ဒီကောင်တွေ ဘာကြောင့် အိမ်ကို အကြောင်းမဲ့ လာရသည်ဆိုတာကိုလည်း ပျူလေး သိသင့်သလောက်တော့ သိပါ၏။

မှန်သည်။

ရှူးရှူးတို့ ပျူလေးဆီလာသည့် ရည်ရွယ်ချက်က တခြား မဟုတ်ပါပေ။ သူမတို့အိမ်တွင် ရောက်နေသည့် ဦးကျော်ဒွန်းဆိုတဲ့ ဒီလူကြီးကို ဘယ်လိုပုံစံဆိုတာ ပျူလေးပြောတာကိုမယုံ၍ လာကြည့်ခြင်းဖြစ်သည်ကို ပျူလေး ကောင်းကောင်းသိပါသည်။

သိ၍လည်း ပျူလေးဒေါသတွေ ဖြစ်မိရခြင်းဖြစ်သည်။

အကြောင်းကား…

ပျူလေးသည် ဦးကျော်ဒွန်းနှင့် သူတို့ကို မဆုံစေချင်ပေ မယ့် အခု ဦးကျော်ဒွန်းက သူမ ဘာမှမတားဆီးရသေးခင် သူက အရင် သူမတို့ရှိရာ အောက်ထပ်ကို ရောက်သွားရပြီဖြစ်သည်။

ဒါကိုပင် ပျူလေး ပိုပြီး မကျေနပ်ဖြစ်ရခြင်းဖြစ်သည်။

ခုချိန်မှာ အိမ်တွင် ဘယ်သူမှမရှိ။ ဖေဖေ မေမေနှင့်





တို့မှာ ထုံးစံအတိုင်း အလုပ်သွားကြပြီဖြစ်သည်။ ခါတိုင်း ဆိုလျှင် ဦးကျော်ဒွန်းသည်လည်း အလုပ်သွားပြီဖြစ်ပါသည်။

သို့ပေမယ့်…

ဒီနေ့တော့ဖြင့် ဘာကြောင့် ခါတိုင်းလို အလုပ်မသွားဘဲ တွင် သူရှိနေရခြင်း မသိပါ။

သူ အိမ်မှာ အခုလိုရှိနေရခြင်းကိုက ရှူးရှူးတို့နှင့် တိုက် မှာ ကြုံသွားရခြင်းဖြစ်သည်။

သည်မိန်းမတွေကလည်း ကဲကိုကဲလွန်းပါသည်။ ကလေးဣန္ဒြေရယ်လို့ တစ်စက်မှမရှိကြ။ ကိုယ်မသိသည့် ကျားတစ်ယောက်ကို အခုလို အိမ်တိုင်ရာရောက် လာကြည့် ည်ဆိုတာ ဘယ်လောက်ရှက်ဖို့ကောင်းသည်လဲ။ ဒါကို သင်းတို့ တ်ကြဘူးတဲ့လား။

တွေးလေ ပျူလေးတစ်ယောက်တည်း ဒေါသတွေဖြစ် ရသည်မို့ နောက်ဆုံး သည်းမခံနိုင်တော့သည့်အဆုံးဝယ် ပျူလေး ည် အိပ်နေရာမှ ဆတ်ခနဲထကာ အောက်ထပ်သို့ ဆင်းလာ …



www.burmeseclassic.com

www.burmeseclassic.com



ရှူးရှူးနှင့်မာလာမှာ ယောက်ျားပီသသော ရုပ်ရည်နှင့် တည်ကြည်ခန့်ညား ချောမောသော ကျော်ဒွန်းကို အံ့ဩသလို မယုံကြည်နိုင်သည့် အကြည့်များဖြင့် ကြည့်ရင်း...

"ဟို...ဟို အစ်ကိုက ပျူလေးတို့အိမ်ရောက်နေတဲ့ ဧည့်သည်အစ်ကိုလားဟင်"

သူ့အား အံ့ဩသလို မျက်ဝန်းပြူးလေးတွေနှင့် လိုက်ကြည့်နေသော ဧည့်ခန်းအလယ်တွင် ထိုင်နေသည့် မိန်းကလေး တစ်ယောက်ကိုကြည့်ကာ ကျော်ဒွန်းသည် နှုတ်ခမ်းစေ့ပိတ်လျက် တစ်ချက်ပြုံးလိုက်ပြီး...

"အဟွန်း...ဟုတ်တယ်၊ ဒါနဲ့ မင်းတို့က ပျူလေးရဲ့ သူငယ်ချင်းတွေလား"

"ရှင်...ဟုတ်ပါတယ် အစ်ကို"

"ဟင်"

ကြားလိုက်ရသည့် အသံကြောင့် ပျူလေးသည် သူမ ခြေလှမ်းများကို အောက်သို့ဆက်မဆင်းသေးဘဲ လှေကားထစ်မှာပင် ရုပ်လျက် နှုတ်ခမ်းလေးစေ့ကာ နားထောင်နေလိုက်သည်။





"မင်းတို့ သူငယ်ချင်း ဆင်းလာပါလိမ့်မယ်"

"ဟုတ်ကဲ့ အစ်ကို"

အကြည့်များကို လှေကားထိပ်က နည်းနည်းမှမရွှေ့ဘဲ ပါးစပ်က ဟုတ်ကဲ့ချင်းထပ်နေသည့် ရှူးရှူးနှင့်မာလာကို ပျူလေး ကြည့်မရချင်တော့ပါ။

ကြည့်ပါဦး...ဦးကျော်ဒွန်းကို သူတို့ခေါ်သည်ကလည်း အစ်ကို အစ်ကိုနှင့် ပါးစပ်ဖျားက မချတော့...

အင်း...ဒီပုံနဲ့တော့ မဖြစ်တော့ပါဘူး။ ငါ အောက်ထပ်ကို မြန်မြန်ဆင်းမှဖြစ်မယ်။ တော်ကြာ ရှူးရှူးစုတ် ဦးကျော်ဒွန်းကို အစ်ကိုလို့ခေါ်နေရာကနေ ရှေ့ဆက် ဘယ်လို ဇာတ်လမ်းထွင်ဦး မလဲ မသိဘူး။

မဖြစ်ဘူး...မြန်မြန်သွားမှ။

ပျူလေးမှာ သူမကိုယ်သူမ ဘာတွေဖြစ်နေရသည်ကို လည်း သတိမထားမိတော့ဘဲ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အပေါ်ထပ်မှဆင်းလာသည့် ခြေသံကြောင့် ကျော်ဒွန်း၏အကြည့်များက ပျူလေးထံ ဖျတ်ခနဲ ရောက်ရှိသွားပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မင်းသူငယ်ချင်းတွေ"

"ဟုတ်ကဲ့"

သူ့စကားကို ပျူလေးသည် မရယ်မပြုံး မျက်နှာလေးနှင့် ခပ်တည်တည်ပင် ခေါင်းညိတ်ပြလိုက်တော့ ကျော်ဒွန်း၏ စူးရှတောက်ပလွန်းသည့် အကြည့်စူးစူးတွေက ပျူလေးထံ စိုက်ခနဲ ရောက်လာပြီးနောက် ချက်ချင်းပင် ပြန်၍ အကြည့်များလွှဲသွားလေသည်။

ပျူလေးမှာ သူ့အကြည့်များကို မသိဟန်ဆောင်ရင်း...

"လာကွာ...ခြံထဲ အေးအေးဆေးဆေး သွားစကားပြောကြတာပေါ့"

သူမအား အကဲခတ်သလိုကြည့်နေသည့် ဦးကျော်ဒွန်း အကြည့်များအောက်က ပျူလေးသည် မျက်နှာလေးခပ်မှုန်မှုန်ဖြင့် ရှောင်ထွက်လာခဲ့လိုက်သည်။

ခြံထဲသို့ ရောက်သည်ဆိုရင်ပဲ...

"ပျူလေးရယ်....နင့်မျက်နှာကြီးကလည်း နည်းနည်းပါးပါး ပြင်ပါဦးဟယ်၊ ဘာလဲ နင့်အစ်ကို ကိုလူချောကို ငါတို့က





တွေ့သွားပြီဆိုပြီး အထာပေးနေတာပေါ့လေ ဟုတ်လား"

ရှုးရှုး၏ မကျေနပ်သလို ဆိုသော စကားကြောင့် ပျူလေးသည် နှုတ်ခမ်းလေးတွန့်ကာ ခပ်မဲ့မဲ့လေး ဖြစ်သွားရပြီး...

"ရှုးရှုးနော်...လူကိုများ နင့်လိုမှတ်နေလား၊ ဦးကျော်ဒွန်းကို နင်တို့တွေ့တာနဲ့ ငါက ဘာကို အထာပေးရမှာလဲ"

"သိနိုင်ဘူးလေ...နင်များ ငါတို့ကို ယောက်မတော်ရမှာကြောက်ပြီး အထာပေးနေတာလားလို့"

"ဟွန်း...ဝေးပါသေးတယ်၊ နင်တို့ဘာသာ သူ့ကို ကြိုက်ရုံမကလို့ လူကိုပဲ အပိုင်သိမ်းသွားသွား ငါနဲ့မဆိုင်ပါဘူး"

"တကယ်နော်"

"ဘာလဲ"

"သြော်...နင်နဲ့မဆိုင်ဘူးဆိုတာ တော်ကြာမှ"

"ရှုးရှုးနော်"

မချိုမချဉ်အပြုံးလေးနှင့် လူကို တရားခံဖမ်းသလို လုပ်နေသော ရှုးရှုးစကားကြောင့် ပျူလေးမျက်နှာလေး ရဲသွားရပြီး ရှက်ရှက်နှင့် ရှုးရှုးအား အော်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ…

လူကလည်း စိတ်တွေအရမ်းတိုလာရပြီဖြစ်သည်။ နဂိုကမှ ဦးကျော်ဒွန်းနှင့်ပတ်သက်ပြီး ရင်မှာ မကျေမနပ်ဖြစ်နေရသည့် ပျူလေးတစ်ယောက် ယခုလို ရှူးရှူးစကား ကြားသည့်အခါမှာတော့ ဒေါသတွေက ပိုဖြစ်သွားရသည်ကိုတော့ သူမသာ သူမ အသိဆုံးဖြစ်ပါ၏။

မှန်သည်။

ပျူလေးတစ်ယောက်က သူမကို ဟိုတစ်နေ့က ဆူထားသည့်ကိစ္စနှင့်ပတ်သက်ပြီး ဦးကျော်ဒွန်းအပေါ် စိတ်မှာ တအုံနွေးနွေးကြီးဖြစ်လျက် မကျေနပ်နိုင်အောင် ရှိခဲ့ရသည်။

ထို့ကြောင့်လည်း ပျူလေးသည် သူ့ကို စိတ်တိုတာနှင့် ပေါင်းပြီး အိမ်ရှိ လူအားလုံးနှင့်ပါ ဒီရက်ပိုင်းအတွင်း စကားသိပ်မပြောဖြစ်ခဲ့ဘဲ ရှိနေခဲ့သည်။

ဒါကိုပင် သူမအဖြစ်ကို တစ်အိမ်လုံးက မသိဟန်ပြုလျက် သူတို့အားလုံး၏ ပါးစပ်ဖျားတွင် ဦးကျော်ဒွန်းမှ ဦးကျော်ဒွန်း ဖြစ်နေသောအခါ ပျူလေးစိတ်မှာ ပို၍ပင် အခံရခက်ရပေတော့





သည်။

အဘယ်ကြောင့်ဆိုရသော်…

ခါတိုင်း ပျူလေး စိတ်ဆိုး စကားမပြောဘူးဆိုတာနှင့် စ်အိမ်လုံး ပျာယာခတ်ဖြစ်နေသော လူများသည် ခုတော့လည်း လေးအဖြစ်ကို မသိဟန်ပြုနေလျက် သူတို့ပါးစပ်ဖျားမှ ကျော်ဒွန်းကိုမချ အရေးပေးနေသောအခါ ပျူလေးဒေါသတွေ ါက်ကွဲရတော့သည် မဟုတ်ပါလား။

ထိုသို့ ဒေါသတွေပေါက်ကွဲပါသည်ဆိုမှ မရှေ့ရှူးရှူးက ကျော်ဒွန်းနှင့်ပတ်သက်ကာ သူမကို စိတ်တိုအောင် ဆိုလာသော ါ ပျူလေး ဟန်မဆောင်နိုင်တော့ပါ။

“ဟယ်…ဘာဖြစ်သွားတာလဲ ပျူလေးရယ်၊ ငါက နင့် စတာပါ”

“မစနဲ့ကွာ…ငါ မကြိုက်ဘူး”

“မကြိုက်လည်း ပြောရဦးမှာပဲ ပျူလေးရေ၊ နင် အစက တိုပြောတော့ နင့်အိမ်ရောက်နေတဲ့ ဧည့်သည်က အသားမည်း း သွားခေါခေါ ဗိုက်ပူပူဆို”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲ"

"ဟဲ့…ပျူလေး နင်မို့လို့ ဒီလောက်ယောက်ျားပီသပြီး ချောတဲ့လူကို ရက်ရက်စက်စက် ပြောရက်တယ်၊ ဘာလဲ နင် ငါတို့ကို စိတ်မချလို့ လျှို့ထားတာပေါ့လေ ဟုတ်လား"

ဖူးဖူးမှာ ထိုစကားကိုပင် မကျေနပ်သလိုမျိုး ပျူလေးအား စကားနာထိုးနေတော့သည်။

ကြာတော့ ပျူလေး စိတ်မရှည်တော့သည်မို့…

"ကောင်စုတ်တွေနော်..နင်တို့ ဘယ်လိုဖြစ်နေကြတာလဲ အဲဒီလောက်တောင် ဖြစ်နေရင်လည်း ဦးကျော်ဒွန်းကို နင်တို့အ သာ ခေါ်သွားလိုက်တော့"

"ဟဲ့…ဟဲ့…နေပါဦး ပျူလေးရဲ့၊ သူ့နာမည်က ဦးကျော်ဒွန်းတဲ့လား"

ဖူးဖူးမှာ သူမကိုပြောသည့် စကားကိုပင် စိတ်ဆိုးပုံမ ဘဲ ဦးကျော်ဒွန်း နာမည်ကိုသာ မေးနေသည်မို့ အမြင်ကတ်လာ ရကာ…

"ဟုတ်တယ်…ဟုတ်တယ်၊ ကဲ ပြီးတော့ရော ဘာသိ





ချင်သေးလဲ"

"အဟင်း…ဟင်း…ပျူလေးကလည်းဟယ် လိမ္မာရဲ့ သားနဲ့"

လိုတာထက်ပိုပြီး မျက်နှာကြီးတင်းနေသော ပျူလေးကို ဖူးဖူးသည် မျက်နှာချိုသွေးလိုက်လေ၏။

သို့သော်…

ပျူလေးကတော့ မျက်နှာမလျှော့ပါ။

"ပျူလေး နင်ဘာဖြစ်နေတာလဲဟယ်"

"ဘာဖြစ်ရမှာလဲ၊ နင်တို့ကို အမြင်ကတ်နေတာဟဲ့၊ အမြင် ကတ်နေတာ၊ တကတည်း မိန်းကလေးတွေတဲ့ နည်းနည်းပါးပါး မိန်းကလေးဣန္ဒြေ ထိန်းပါဦးတော့လား၊ ငါ မပြောလိုက်ချင်ဘူး"

ပျူလေးမှာ မမန္တာညီဖြူဝင်ရွှေ လည်ရှိပြီဖြစ်သည်။ သူထက်ပို၍ဆိုးသော ဖူးဖူးနှင့် သူမနှင့်ပတ်သက်ကာ ခင်မင်ခဲ့ရ သည့် မာလာကိုပါ ပျူလေးသည် မမန္တာညီဖြူလေသံနှင့် ပြော နေရသောကြောင့်ဖြစ်သည်။

ဒါကိုပင် မိန်းမတွေက နာရကောင်းမှန်းမသိဘဲ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုးမသေသည့် မျက်နှာတွေနှင့် ပြုံးစိစိလုပ်နေသေးသည်မို့ . . .

"ကဲ . . . နင်တို့တွေ့ချင်တဲ့လူ သိချင်တဲ့လူကို သိခဲ့ရပြီ မဟုတ်လား၊ ပြီးရင် ပြန်တော့"

"ဟယ် . . . နင်ကလည်း ငါတို့ကို အဲဒီလိုမပြောပါနဲ့ဟယ်၊ ငါတို့လာတာ နင့်ကိုတွေ့ချင်တာလည်း ပါပါတယ်"

"ဟွန်း . . . ပြောတာပဲ"

ပျူလေး နှာခေါင်းရှုံ့လျက် ခပ်မဲ့မဲ့လေးပြောလိုက်သည်။

ဒါကိုပင် ရှုးရှုးမှာ ပျူလေးအထာကို သိနေသလိုမျိုး ပျူလေးအား ချော့လိုက်ပြီး . . .

"တကယ်ပြောတာပါဟယ်၊ ဒါနဲ့ အဲဒီဦးကျော်ဒွန်းက ဘာအလုပ်လုပ်တာလဲဟင်"

ပြောနေရင်းကကို သူ့အကြောင်း ဆက်မေးနေသည့် ရှုးရှုးကို ပျူလေးမှာ မမှတ်သေးပါလားဆိုသောအကြည့်ဖြင့် ကြည့်လိုက်ရင်း . . .

"သူ့အလုပ်အကိုင်က အင်ဂျင်နီယာ၊ ပြီးတော့ သူက လူပျို၊ နောက် သူက သာယာစမ်းရွာက ရွာလူကြီးရဲ့ တစ်ဦးတည်း





သောသား၊ နောက်ပြီး"

"ဟို . . ဟို တော်ပါတော့ မယ်မင်းကြီးမရယ်၊ ဦးကျော်ဒွန်း အကြောင်း ဒီလောက်ဆို ပြည့်စုံပါပြီ၊ အင်း . . လူကလည်း ယောကျ်ားပီပီသသနဲ့ ချောလည်းချော ပညာကလည်းတတ်၊ ရွာလူကြီး ပိုက်ဆံရှိတဲ့ တစ်ဦးတည်းသောသားဆိုတော့"

စကားကိုရပ်ကာ ပျူလေးကိုကြည့်လာသော ရှုးရှုးကြောင့် ပျူလေးသည် သူမကိုယ်သူမ မလုံမလဲလေးဟန် အနေခက်ခက်ကြီး ဖြစ်သွားရပြီး . . .

"ဘာဖြစ်လဲ၊ အဲဒါ လူကို ဘာကြည့်နေတာလဲ"

"သြော် . . . နင်နဲ့ဆို"

"ရှုးရှုးနော် . . . ငါနဲ့ဆို ဘာဖြစ်လဲ၊ ဟွန်း . . . ဒီမှာ နင်တို့ သိအောင် ငါပြောလိုက်ဦးမယ်၊ အဲဒီ ဦးကျော်ဒွန်းဆိုတဲ့ လူကြီး ဟိုလည်း ငါ နည်းနည်းလေးမှ ကြည့်လို့မရဘူး သိလား"

"ဘုရားရေ"

"နင်က"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်ဒွန်းကို"

"ဟုတ်ပါတယ်ဆို"

"အံ့ပါရဲ့ဟယ်…ဒီလောက်အနေတည်ပြီး ချော့တဲ့လူ
နင်မို့ ကြည့်မရဘူးပြောသေးတယ်၊ နင်နေရာ ငါနဲ့သာ လဲလို
ချင်တော့တယ်"

"အေး…လဲ…လဲ…ငါကတော့ သူ့ကိုကြည့်လို့မရတဲ့အ
မုန်းတောင်မုန်းမိသေးတယ် သိလား"

ဦးကျော်ဒွန်းအကြောင်းကို မျက်နှာလေးမဲ့ကာ ရွံ့
ပြောနေသော ပျူလေးကိုကြည့်ကာ ဖူးဖူးနှင့် မာလာမှာ ရယ်
သာ နေတော့သည်။

"နေပါဦး ပျူလေး၊ ငါ မရှင်းလို့ မေးစမ်းပါရစေ
နင်က ဦးကျော်ဒွန်းကို ဘာကြောင့် ဒီလိုမျိုး ကြည့်လို့မရဘဲ
နေရတာလဲ"

"ဘာဖြစ်ရမှာလဲဟ…နင်တို့စဉ်းစားကြည့်လေ၊ သူ့
အခွင့်အရေး ပေးလိုက်တာနဲ့ ဆရာကြီးလုပ်ပြီး ငါ့ကို တစ်ချိန်
ဆူငေါက်နေတော့တာပဲလေ၊ သူရောက်လာတာ ငါ့အတွ





…တယ် အနေကြပ်တယ် သိလား"

"အဲဒီလိုလည်း ဟုတ်မယ်မထင်ပါဘူးဟယ်၊ ဦးကျော်ဒွန်း
…နင့်ကို ကောင်းစေချင်လို့ ဆုံးမတာနေမှာပေါ့"

"အို…သူ အဲဒီလို ဆုံးမရအောင် ငါက ဘာဖြစ်နေလို့
…ပြီးတော့ ငါ ကလေးလား၊ လူကိုအပြစ်ရှာတဲ့မျက်လုံးနဲ့ အမြဲ
…ည့်နေတဲ့လူက ငါ့ကိုကောင်းစေချင်လို့ စေတနာထားတယ်ဆို
… ငါ ဘယ်လိုယုံရမှာလဲ"

ဦးကျော်ဒွန်းနှင့်ပတ်သက်ကာ သူမရင်ထဲ တကယ်ပဲ
…ချက်ရှိသလို ပြောနေသော ပျူလေးကို ဖူးဖူး ဘာပြောရမည်
…တော့ပါ။

ပျူလေးကတော့ သူမစိတ်ထဲရှိသမျှ သူငယ်ချင်းများကို
…ွင့်တန်သလောက် ရင်ဖွင့်လိုက်ရပြီမို့ စိတ်သက်သာသွားသည့်
…နှင့် ရင်အစုံမှာ ပေါ့ပါးသလိုရှိသွားရသည်။

ဖူးဖူး၏အကြည့်များကတော့ မျက်နှာနုနုထွေးထွေးလေး
…သိပ်လှသော ပျူလေး၏ မျက်နှာလှလှလေးကိုသာ ငေးခနဲ
…ည့်မိသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဪ…သိပ်လှလွန်းသော ပျူလေးကို မိန်းကလေးအဖြစ်နှင့် မြင်ကြည့်တာနှင့်ပင် သူမလေးအလှသည် သူမတို့ပင် လိုက်မမီကြောင်းကိုလည်း ရှုးရှုးသိပါသည်။

သိသော်လည်း ပျူလေးကိုတော့ဖြင့် ရှုးရှုးသည် မိန်းကလေးလို လှလှပပလေး ဝတ်စားထားတာမျိုးကိုတော့ မြင်ကြည့်ချင်ပါသေး၏။

သို့သော်…

ထိုအဖြစ်က ရှုးရှုးအတွက် မြင်ခွင့်တွေ့ခွင့်ရဖို့ရာ အလွန်ခက်ခဲလွန်းသည်ကိုလည်း ရှုးရှုးသိနေရပါ၏။

ဦးကျော်ဒွန်း ပျူလေးကို ဆိုဆုံးမနေခြင်းဆိုတာကလည်း ပျူလေးကို မိန်းကလေးတစ်ယောက်အဖြစ် မြင်တွေ့ချင်သည့် စေတနာလည်း ပါလိမ့်မည်ဆိုတာကိုတော့ ရှုးရှုးစိတ်မှာ ခံစားသိနားလည်လိုက်ရတော့သည်။



အခန်း (၆)

ကြားရတာ နားထဲ မပြေပြစ်လွန်းသည့် ခေါ်သံနှင့်အတူ …ားသို့ရောက်လာသော စောမင်းပျူကြောင့် ကျော်ဒွန်း၏ အကြည့် …က သူမထံသို့ စိုက်ခနဲရောက်ရှိသွားရသည်။

ထိုအခါ…

မျက်တောင်ရှည် စင်းစင်းလေးများကို စင်းချရင်းက …ားကြည့်နေပါသော ပျူလေး ခေါ် စောမင်းပျူ။

ပုံစံကတော့ ထုံးစံအတိုင်းပင် တီရှပ်ပွပွ ဂျင်းဘောင်းဘီ …နှင့်…

ကျော်ဒွန်းမျက်စိထဲ ဘယ်လိုလှည့်ကြည့်ကြည့် ကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်က တစ်စက်ကလေးမှ အချိုးမပြေပါ။

"ဟင်း"

အကြည့်ကိုလွှဲရင်းက ကျော်ဒွန်း သက်ပြင်းချလိုက်သည်။

ကြာကြာ သူမကိုဆက်ကြည့်မိလျှင် ကျော်ဒွန်း စိတ်မှာ အနှောင့်အယှက်သာ ပိုဖြစ်တော့မည်။ အမြင်မတော်လို့ သူမကို ပြောပြန်လည်း ပျူလေးဆိုတဲ့ ဒီချာတိတ်မက ကြက်ခေါင်းဆိတ် ထိမခံ နည်းနည်းလေးဖြစ်ဖြစ် သူ့ကို ပြန်ပြောလိုက်ရမှ ကျေနပ်သည့် မိန်းကလေး။

အမှားကိုမြင်လို့ အမှားပါလို့ ထောက်ပြရင်လည်း ဒီချာတိတ်မက ကြိုက်တတ်သူမဟုတ်ပေ။

တစ်အိမ်လုံး အလိုလိုက်၍ ဆိုးနေသော သူမသည် မှန်တယ်ထင်လျှင် ဇွတ်လုပ်တတ်ပုံနှင့် ခေါင်းမာကာ ဂျစ်ကျပုံကတော့ အရိုးစွဲနေရပြီထင်။

သင်းလေးသာ သူ့ညီမလေးဆိုရင်ဖြင့် ကျော်ဒွန်းအတွက် ဘာအရေးလဲ။ ပါးစပ်နဲ့ ပြောဆိုဆုံးမလို့ မရလျှင် လက်ပါပါပြီး ရိုက်နှက်ဆုံးမလို့ရသေးသည်။





ခုဟာက သူမလေးကို ထိုသို့ စိတ်ရှိတိုင်း ရိုက်နှက် ဆုံးမဖို့ဆိုတာကလည်း မဖြစ်သေး။

သူမပုံစံက ရိုက်မည်လို့မှ လက်မရွယ်ရသေး သံကုန် ခြစ်ကာ အာပြဲအောင်ငိုမည့် မိန်းကလေးမို့ ကျော်ဒွန်း သူမလေး ကိုကြည့်ပြီး စိတ်ပျက်ရသည်ကလည်း အခါခါ။

မဖြူနှင့်များတော့ ညီအစ်မရင်းလို့သာဆိုသည်၊ ဆီနှင့်ရေ လို ကွာခြားလွန်းလှသည်ပဲ။

မဖြူသည် ပညာရေးကလည်း ပြောစရာမရှိ တော်သလို အိမ်မှုကိစ္စနှင့် မိန်းကလေးပီသမှုကလည်း တစ်အိမ်တည်း အနီး တပ် နေတော့မှ မဖြူ၏စည်းစနစ်ကျပုံ၊ လိမ္မာယဥ်ကျေးပုံနှင့် အိမ်မှု ကိစ္စကို အကွက်စေ့စေ့ မလစ်ဟင်းစေရဘဲ လုပ်ကိုင်တတ်ပုံတို့က ကျော်ဒွန်းပင် မချီးကျူးဘဲ မနေနိုင်ပါ။

မဖြူသည် မိန်းကလေး ပီသလွန်းသလောက် မဖြူနှင့် ဆန့်ကျင်ဘက် ရှိနေရသူက ပျူလေးပင်ဖြစ်သည်။

မှန်သည်။

အငယ်ဆုံးဆိုသော အခွင့်အရေးနှင့် ပျူလေးသည် ဆိုး



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းဆွတ်သူဖြစ်သည်။

လူကသာ မိန်းကလေးလို့ပြော၍ ယုံရပါမည်။ နေး ထိုင်ပုံနှင့် ဝတ်စားပုံတွေကတော့ မိန်းကလေးနှင့်တူတာ သူမတွင် တစ်စက်မှမရှိ။

ကြည့်လိုက်တိုင်း ကျော်ဒွန်းမျက်စိထဲတွင် အမြဲကိုးယို့ ကန့်လန့်နှင့် အပေါက်အလမ်းတည့်တည့် ဘယ်တော့မှမရှိခဲ့။

တကယ်တော့ နဂိုကမှ သိပ်စိတ်မရှည်။ လူဖြောင့်စိတ် သမားကြီးဖြစ်သော ကျော်ဒွန်းသည် အန်ကယ်နှင့် အန်တီတို့ ပျိုလေးအား အမြင်မတော်တာရှိရင် ဆုံးမပါ၊ စောင့်ရှောက်ပါ သာ ပြောနေပေမယ့် သူမအပေါ် သူ သိပ်တော့ စိတ်ရှည်လှသည် မဟုတ်ပါ။

အန်ကယ်နှင့်အန်တီ မျက်နှာကြောင့်သာ ကျော်ဒွန်း သူ လေးအပေါ် သည်းခံနေရပါသည်။ သူမလုပ်နေတာတွေကတော့ ဖြင့် သူ့မျက်စိထဲ ကြည့်ရသည်မှာ ထောင့်နေလေသည်။

သူမကို သူကြည့်၍လည်း စိတ်မောခဲ့ရသည်က အခါခါ

ကျော်ဒွန်းစိတ်ထဲတွင် သူမလေးသည် သူပြုပြင်၍ ရပ်





ဦးမလားလို့လည်း စိတ်မှာ အခါခါတွေးနေမိရသည်။

သို့ပေမယ့် ရှိစေတော့။ ကျော်ဒွန်းသည် အန်ကယ်နှင့် အန်တီ မျက်နှာကိုကြည့်ကာ သူမအပေါ် သည်းခံစိတ်နှင့် တဖြည်းဖြည်း ပြုပြင်ယူမည်ဟူ၍လည်း ကျော်ဒွန်း ဆုံးဖြတ်ထားလေသည်။

ခုချိန်မှာတော့ သူလိုချင်သည့်ပုံစံကို သူမလေးက ချက်ချင်း ပြောင်းယူ၍ မရသေးဆိုတာ ကျော်ဒွန်းလည်း ရိပ်မိတန်သလောက်တော့ ရိပ်မိပါသည်။

ထို့ကြောင့်မို့လည်း ကျော်ဒွန်းသည် ပျိုလေးဆိုသည့် ချာတိတ်မကို မျက်နှာသာမပေးဘဲ သတိနှင့်သာ ပြောဆိုဆက်ဆံခဲ့လေသည်။

ဒါကိုပင် သူမလေးသည်ကလည်း သူ့ကို ကြည့်မရဖြစ်နေဟန်တူပါသည်။

သို့ပေမယ့်...သူ ဂရုမစိုက်ခဲ့။

သူ့အပေါ် ဂျစ်တူးတူး ပေကတ်ကတ်နှင့် မထီမဲ့မြင်ပြု လုပ်တတ်သော သူမလေးကို ကျော်ဒွန်းသည် ခုချိန်မှာတော့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိစေတော့ဆိုသည့်စိတ်ဖြင့် လွှတ်ထားလိုက်သည်။

တစ်နေ့ တစ်နေ့မှာတော့ ပျူလေးသည် သူဖြစ်စေချင်သည့်အတိုင်း ဖြစ်လာရမည်လို့လည်း ကျော်ဒွန်း ဆုံးဖြတ်ခဲ့သည်။

ခုတော့ ကျော်ဒွန်းသည် သူ့အား သူမလေး ရွံ့သလိုကြောက်သလို လုပ်နေသည်ကို မသိဟန်ဆောင်ထားသည့်ကြားက ခုလည်း သူ့အား နာမည်ခေါ်လာပြီး ဘာမှမပြောဘဲရှိနေသည်မို့ ကျော်ဒွန်းမှာ မနေသာတော့ဘဲ…

"ကျုပ်ကို ဘာပြောမလို့လဲ ပျူလေး"

ထိုအခါမှ ပျူလေးသည် မျက်တောင် သုံးလေးချက်ဆင့်လိုက်ပြီး…

"ခင်ဗျားကြီးကို မမက ခဏလာပါဦးတဲ့"

"ဘာကိစ္စတဲ့လဲ"

"ဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး"

သူ့အမေးကို စိတ်မရှည်သလို နှုတ်ခမ်းလေး စူလာသည့် ပျူလေးကိုကြည့်ပြီး ကျော်ဒွန်းမှာ မရှည်ရွယ်ပါဘဲ သူ့လေးကို ရင်မှာ စချင်လာရသည်မို့…





"အိမ်မှာနေပြီး ဘာကိစ္စလဲဆိုတာတောင် မသိတာတော့ ခင်းညံ့တာပဲ ပျူလေး"

ပြောလိုက်ပါသည့် သူ့မျက်နှာက ခပ်တည်တည်။ ကျော်ဒွန်း ထင်ထားသည့်အတိုင်း ပျူလေးသည် ချက်ချင်းလို ရှုံ့မဲ့ရှုံ့ရှားရှား ဖြစ်သွားရပြီး…

"ခင်ဗျားကြီး ကျွန်တော့်ကို ဘာပြောတာလဲ"

"ညံ့တယ်၊ မင်းကိုညံ့တယ်လို့ ပြောတာ"

"ဟင်…ခင်ဗျားနော်၊ ကျွန်တော်က ဘာညံ့လို့လဲ"

"အဟွန်း…ညံ့တာပေါ့ကွ၊ ကိုယ့်အိမ်မှာ ဘာဖြစ်လို့ ဖြစ်မှန်းမသိ၊ ဘာကိစ္စနဲ့ ကျုပ်ကို ခေါ်ခိုင်းလို့ ခေါ်ခိုင်းမှန်းမသိ အဲဒါတွေဟာ မင်းညံ့တာတွေပဲပေါ့"

သူ့စကားကြောင့် ပျူလေးမျက်နှာ ရဲခနဲ ဖြစ်သွားရသည်။

ဒါကို သတိထားမိလိုက်သည့် ကျော်ဒွန်းမှာ စိတ်မှာ ချောင်ချင် ဖြစ်သွားရသည်။

ကြည့်လေ၊ ဒါ သူမလေး သူ့ကို စိတ်ကောက်သွားတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဒွန်းမှာ ပျူလေးအဖြစ်ကို သတိမထားမိလေဟန်၊ မသိဟန်ပြုလျက် နေလိုက်တော့··

"ဒီမှာ"

"ဟင်"

"စောစောက စကားက ခင်ဗျား ဘာပြောတာလဲ"

"အေးဗျ···ဒါတော့ မင်းဘာသာမင်း တွေးကြည့်ပေါ့"

"ခင်ဗျားဗျာ"

မချင့်မရဲဟန်ကြီးနှင့် ဖြစ်သွားရသည့် ပျူလေးကိုကြည့်ပြီး ကျော်ဒွန်း သူ့ကိုယ်သူ မရယ်မိအောင် ထိန်းထားလိုက်ရင်း သူမအနားက ထွက်လာခဲ့လိုက်သည်။

စိတ်ထဲမှာတော့ သူမလေးကို ဆွေ့ဆွေ့ခုန်အောင် စခဲ့ရသည့်အဖြစ်ကို ကျော်ဒွန်းသည် ကျေနပ်ရသလိုနှင့် ပျော်နေမိတော့သည်။

"ဟော···ကိုကျော်ဒွန်း လာ"

ညှော်ခန်းထဲရောက်လာသည့် ကျော်ဒွန်းကို ခွာညိုဖြူသည် ထရပ်ရင်း အပြုံးလေးနှင့် ကြိုလိုက်သည်။





ကျော်ဒွန်းမှာ ခွာညိုဖြူဘေးတွင် ရှိနေသော လူရွယ်ကို စ်ချက်လှမ်းကြည့်ရင်းက ထိုင်လိုက်၏။

"အဟင်း···ကိုကျော်ဒွန်းကို မဖြူ မိတ်ဆက်ပေးမလို့ ခိုင်းလိုက်တာ၊ ဒါ မဖြူနဲ့ မကြာခင် လက်ထပ်တော့မယ့် ရဲ့ခင်ပွန်းလောင်း ကိုနိုင်လတ်တဲ့၊ ကိုနိုင် သူက ဖြူ ပြောပြော ဲ့ ဖေဖေ့မိတ်ဆွေရဲ့သား ကိုကျော်ဒွန်းလေ"

ရုက်ပြုံးလေးနှင့် မိတ်ဆက်ပေးနေသော ခွာညိုဖြူစကား ကြောင့် ကျော်ဒွန်းသည် ခွာညိုဖြူဘေးမှ အမျိုးသားအား ရင်းရင်း ပင် ပြုံးပြနှုတ်ဆက်လိုက်လေသည်။

"ကျွန်တော် ကျော်ဒွန်းပါ ကိုနိုင်လတ်၊ မဖြူရဲ့အမျိုးသား ် အခုလိုသိရတဲ့အတွက်လည်း ဝမ်းသာပါတယ်"

ယဉ်မွန်သောအပြုံးနှင့် ခန့်ထည်သော ရုပ်သွင်က မဖြူ နေနှင့်လ ရွှေနှင့်မြပမာ လိုက်ဖက်လွန်းနေရသည်။

"အေးဗျာ···ကျွန်တော်လည်း ဝမ်းသာပါတယ်၊ ော်ဒွန်း အကြောင်းကိုတော့ ဖြူက ကျွန်တော့်ကို အမြဲပြော ဲ့ သိသင့်သလောက်တော့ သိပြီးပါပြီ၊ ပြီးတော့ ကိုကျော်ဒွန်း



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာနေတယ်ဆိုလို့လည်း ကျွန်တော်က ဝမ်းသာနေရတာ''

''ဗျာ''

ကျော်ခွန်းမှာ ကိုနိုင်လတ်စကားကို နားမလည်သလို ရှိသွားရသည်။

''ဟွန်း…ဒီလိုပါဗျာ၊ တခြားကြောင့်တော့ မဟုတ်ပါဘူး ပျူလေးကြောင့်ပါ''

''ခင်ဗျာ''

ကိုနိုင်လတ်စကားကို ကျော်ခွန်း ပို၍နားမလည်ဖြစ်ရတော့ သည်။ ခွာညိုဖြူကို ကြည့်လိုက်တော့လည်း သူမသည် ဘာ မပြော ပြုံး၍သာနေလေသည်။

ကိုနိုင်လတ်မှာ ကျော်ခွန်းအား ခင်မင်ဖွယ်ကောင်းသော အပြုံးနှင့်ကြည့်လာပြီး…

''ကိုကျော်ခွန်း ကျွန်တော့်စကားကို နားရှုပ်သွားပြီ တူတယ်၊ ဒီလိုပါဗျာ အခုဆို ကျွန်တော်နဲ့ဖြူက မကြာခင် လက်ထ ကြတော့မှာလေ၊ ဒါပေမဲ့ ဖြူက အိမ်အတွက် နောက်ဆံမအေးဘူး ဖြစ်နေတာ၊ ဒါပေမဲ့ အခု ကိုကျော်ခွန်းရှိနေပြီဆိုတော့ ဖြူ





စိတ်ချလက်ချ ရှိနေနိုင်ပြီလေ''

''သြော်''

ကိုနိုင်လတ်ဆိုလိုရင်းကို ကျော်ခွန်းသည် အခုမှ တဖြည်းဖြည်း သဘောပေါက်လာရတော့သည်။

''ဟုတ်ပါတယ် ကိုကျော်ခွန်းရယ်၊ ဖြူမှာလည်း လက်ထပ်ပြီးလို့ ကိုနိုင်နောက်ကိုသာ လိုက်သွားရမှာ စိတ်ကတော့ ဖေဖေ မေမေနဲ့ ပျူလေးအတွက် ဘယ်လိုမှ စိတ်မချနိုင်ဘူးလေ၊ အထူးသဖြင့် ပျူလေးအတွက်ပေါ့ ကိုကျော်ခွန်းရယ်''

ကိုယ်ချင်းစာပါသည်။ မဖြူ စိတ်မချနိုင်ဘူးဆိုလည်း ပျူလေးအတွက်က စိတ်မချချင်စရာပင်ဖြစ်သည်။

အကြောင်းကား…

စောမင်းပျူဆိုသည့် ပျူလေးသည် စိတ်ချနိုင်လောက်သည်အထိ အားကိုးရသော မိန်းကလေးမဟုတ်သောကြောင့် ဖြစ်သည်။

''ပျူလေးက သူ့ကို ယင်ယင်ကတည်းက အားလုံး အလိုလိုက်ထားတော့ ဆိုးချင်နေတာ၊ မဖြူတို့လည်း သိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဒွန်းရယ်၊ ဒါပေမဲ့ ငယ့်ငယ်ကတည်းက စွဲခဲ့တဲ့ သူ့အကျင့်ကိုပျောက်အောင် ဖျောက်ဖို့ဆိုတာလည်း ရုတ်တရက်တော့ မလွယ်လှဘူးမဟုတ်လား၊ ပြီးတော့''

ခွာညိုဖြူသည်' ပြောရင်းက စကားရပ်သွားရတော့ ကိုနိုင်လတ်မှာ ခွာညိုဖြူကို အပြုံးနှင့်ကြည့်လာရင်း စကားဆက်လိုက်လေသည်။

''ဒီလိုကိုကျော်ဒွန်းရေ…ပျူလေးက မိန်းကလေးသာဆိုတယ်၊ ငယ်ငယ်ကနေ အခုချိန်ထိ သူ့ဘဝမှာ မိန်းကလေးပီပီ ဝတ်စားနေထိုင်ခဲ့တာ တစ်ခုမှမရှိဘူးလေ၊ ဒါကို ဖြူက စိုးရိမ်တယ်၊ ကျွန်တော်ကတော့ ဖြူမြင်သလို မမြင်ဘူး၊ ဘာလို့လဲဆိုတော့ ပျူလေး ခပ်နုံနုံ ခပ်အအ မိန်းကလေးမှမဟုတ်ဘဲ၊ တစ်နေ့ သူ့ဘဝမှာ ဘယ်သူမှမတိုက်တွန်းဘဲ သူ့အလိုလို စိတ်ကနေ မိန်းကလေးတစ်ယောက်လို နေချင်တဲ့စိတ်ကူးအတွေးမျိုး ဖြစ်လာမှာပဲ၊ ဒါကို ကျွန်တော်တို့က စိတ်ရှည်ရှည်နဲ့တော့ စောင့်ရလိမ့်မှာပေါ့၊ ခုတော့ သူ့ အရှိန်ရှိတုန်း ဒီအတိုင်းပဲ လွှတ်ထားပါလို့ ဖြူကို ကျွန်တော် ပြောနေရတယ်''





''ခက်တာက မေမေပဲ ကိုကျော်ဒွန်းရယ်''

''ဟင်''

''ဟုတ်တယ်…မေမေက ပျူလေး အခုလို နေထိုင်တာကို သူ့မှာ တစ်မျိုးစိတ်အေးရပါပြီဆိုပြီး ကျေနပ်နေတာလေ''

''ဟူး''

နားထောင်ရင်းက ကျော်ဒွန်းတစ်ယောက် မသိမသာ ...က်မချလိုက်မိရသည်။ ကြဲကြဲဖန်ဖန်အန်တီရယ် ကိုယ့်သမီးလေး ...ို ဟိုမရောက်ဒီမရောက်စိတ်နဲ့ ဝကျကျဖြစ်နေရသည်ကိုပဲ ကျေနပ် ...ည်လားလို့ပင် ကျော်ဒွန်းသည် ပျူလေး၏မိခင် အန်တီ ...ထားထားကိုသာ မေးလိုက်ချင်ပါတော့သည်။

''ကိုကျော်ဒွန်း''

''ဗျာ…မဖြူ''

''ပျူလေးအကြောင်း သိရလို့ စိတ်ပျက်သွားပြီလားဟင်''

''ဟာ…မဟုတ်တာပဲ မဖြူရယ်၊ ကျွန်တော် ဒီလောက် ...်လွယ်နဲ့ စိတ်မပျက်တတ်ပါဘူး''

''အဟင်း…ဟင်း ကိုကျော်ဒွန်းဆီက ဒီစကားကြားရလို့



www.burmeseclassic.com

www.burmeseclassic.com



မဖြူတော့ တကယ်အားတက်မိတယ်သိလား၊ ဘာပဲဖြစ်ဖြစ်ပေါ့ ကိုကျော်ဒွန်းရယ် ပျူလေးကိုတော့ ညီမတစ်ယောက်လို သဘော ထားပြီး ဆိုဆုံးမပေးပါလို့ မဖြူက ထပ်ပြီးတောင်းပန်ပါရစေနော်"

ညီမဖြစ်သူအတွက် စိတ်မအေးနိုင်သလို ခွာညီဖြူသည် ကျော်ဒွန်းအား အပ်နေလေသည်။

ထိုအခါ ပို၍ရင်မောရသူက ကျော်ဒွန်းဖြစ်သည်။ ဆိုးလွန်း သည့် စောမင်းပျူကို သူ့လက်ထဲအပ်သည်က အရေးမကြီးပါ။

အရေးကြီးသည်က ပျူလေးသည် တစ်ခါတစ်ရံ အလွန် ဂျစ်ကျသည့် ချာတိတ်ဖြစ်သည်။

"ရပါတယ် မဖြူရယ်၊ အဲလောက်ထိလည်း စိုးရိမ်မနေ ပါနဲ့၊ ပျူလေးကို တတ်နိုင်သလောက် ကျွန်တော်စောင့်ရှောက်ပါ့ မယ်၊ ဒါပေမယ့် သူကဆိုးချင်တာက ခက်တယ်"

"အဟား…ဟား…ဟား၊ အဲဒါတော့ ဟုတ်တယ် ကိုကျော်ဒွန်းရေ၊ ပျူလေးဆိုးတဲ့ဒဏ်ကို ခင်ဗျား ကောင်းကောင်း ခံရဖို့သာ ပြင်ထားပေတော့"

ပြောသလိုပင် ဆိုးလွန်းသည့် ညီမငယ်ကြောင့် မျက်နှာ





နေရသော ခွာညီဖြူမှာ တစ်ချက်ပြုံးလိုက်ပြီး…

"ကိုနိုင် မသိလို့နော်"

"ဘာများလဲ ဖြူရဲ့"

"ပျူလေးက ဒီတစ်ခါတော့ ဖြူတို့ထင်သလောက် မဆိုးရဲ တော့ဘူး"

"ဟာ…ဟုတ်လား"

ကိုနိုင်လတ်မှာ အံ့ဩသလို မေးလိုက်သည်။

"ဟုတ်တယ် ကိုနိုင်ရဲ့၊ ကိုကျော်ဒွန်းကိုတော့ သူ သန့်တော့လန့်တယ်၊ ဒါကြောင့် ကိုကျော်ဒွန်းရှိတဲ့ အချိန်ဆို ပျူလေး ငြိမ်ပြေသနာမဖြစ်ရဲတော့ဘဲ ခြေငြိမ်နေတယ်"

"အင်း…ဒီပုံအတိုင်းဆို ပျူလေး ဒီတစ်ခါတော့ မချောင် တော့မှာ အသေအချာပဲ"

"အဲလိုမှပဲ ကိုနိုင်ရေ မဟုတ်ရင် အားလုံးကို ပျူလေးက သူဆိုးလို့ရတဲ့သူတွေပဲလို့ ထင်သွားလိမ့်မယ်"

"အဟား…ဟား…ဟား"

"အဟွန်း…ဟွန်း…ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း…ဟင်း"

ကိုယ့်စကားကိုပင် သဘောကျသလို အားလုံးဝိုင်းရယ်ြ ပေမယ့် ထောင့်တစ်ထောင့်မှာနေ၍ မရယ်နိုင်အောင် ဖြစ်နေရသူ စောမင်းပျူဖြစ်သည်။

မှန်သည်…။

ပျူလေးသည် သူ့မအကြောင်း ဝိုင်းပြောနေသည့် စ များကို နှုတ်ခမ်းလေး ဖိကိုက်နားထောင်ရင်းက မခံချင်စိ ရက်ဒေါသတွေနဲ့ မျက်နှာလေး ငိုမဲ့မဲ့ဖြစ်နေရသည်ကိုတော့ ဘယ် မှ သတိမထားမိလိုက်ပါလေတော့။



အခန်း (၇)

"ကျွတ်"

"ဟာကွာ"

မချင့်မရဲသံကြီးနှင့် ဒေါသတွေ တစ်ယောက်တည်း ကျိတ် ဖြစ်နေရသူက ကျော်ဒွန်းဖြစ်သည်။

ကြည့်လေ…

ပျူလေး လုပ်နေပုံတွေက သူ့ ဒေါသမဖြစ်ဘဲနေမည်တဲ့ ား။

စောစောကလေးတင် အိမ်မှာရှိနေသော ပျူလေး ာ်ယောက် မှ ဘယ်ကိုရောက်သွားသည်မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမှာတော့ မအား အားသည့်အချိန်ကို ဖွဲ့ယူကာ သူမ လေးအား စာပြပေးဖို့ လုပ်နေပေမယ့် ပျူလေးဆိုသည့် သူမကတော့ ထိုအတွေးမျိုး စိတ်ကူးထဲပင် ရှိမည်မထင်ပါ။

ထိုစဉ်...

ခြံထိပ်ဘက်မှ လွင့်ခနဲထွက်လာသည့် စကားသံများ ကြောင့် ကျော်ဒွန်း မျက်မှောင်ကြီးကြုတ်သွားကာ သေချာနားထောင် ကြည့်လိုက်တော့ ပျူလေး၏အသံစာစာလေးကို ကြားရလေသည်။

ကျော်ဒွန်း၏ အကြည့်များက အသံကြားရာ ခြံထိပ်အုတ် ဘက်သို့ အကြည့်များရောက်ရှိသွားတော့...

"ဟင်"

နဂိုက ယောင်ယောင်ပြေတွန့်နေသည့် ကျော်ဒွန်း၏ မျက်နှာ ထူထူတန်းတန်းကြီးက စိတ်ဝယ် အလိုမကျမှု၊ မကျေနပ်မှုများဖြ ပို၍တွန့်ကြုတ်သွားရသည်။

ပျူလေး သူမခြံထိပ် အုတ်ခုံပေါ်တွင် သူမနှင့်ရွယ်တူ ကောင်လေးတစ်ယောက်နှင့် ထိုင်ရင်းက ဘာစကားတွေပြော သည်မသိပါ။





သူကြည့်နေစဉ်မှာပဲ ထိုကောင်လေးနှစ်ယောက်ကို ...က်ဟန်ခြေဟန်တွေနှင့် သူမကိုယ်သူမ တကယ့်ယောကျာ်းလေးလို ...ကာ ပြောနေပုံက တုတ်ကြီးကြီးနှင့် နာနာသာ ရိုက်ဖို့ကောင်း ...ာ့သည်။

"တောက်...မင်းတော့ကွာ"

ကြည့်နေရင်းက ကျော်ဒွန်းသည် နှုတ်ကနေ တက် ...ချက် ခေါက်လိုက်မိသည်။

တစ်ဆက်တည်း ကြည့်နေရင်းက ဒေါသတွေ အရမ်းဖြစ် ...ရသော ကျော်ဒွန်းမှာ သူမတို့အား လှမ်းမြင်နေရသည့် ပြတင်း ...ါးတွင် ရပ်လိုက်ပြီး မျက်မှောင်ကြီးကြုတ်လျက် ခပ်တည်တည် ...ကြီး ကြည့်နေလိုက်သည်။

ပျူလေးကတော့ ကျော်ဒွန်းရှိရာဘက်ကို ကျောပေးထား ...ည်မို့ မမြင်ပါ။ အရှိန်နှင့်ပင် စကားနှုတ်ကောင်းနေဆဲဖြစ်သည်။

"ပျူလေး...နင် ခုတလော ငါတို့ဆီမလာတော့ပါလား၊ ...ာဲ လေစီမ်းတွေတိုက်နေတာလား"

"ဟာ...ဘယ်ကလာ ခုတလော ငါဘယ်မှထွက်လို့မရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကျပ်နေတာ နင်တို့မှမသိဘဲ"

"နင်က ဘာတွေနေရင်း ကျပ်နေလို့လဲ"

"အေး…နင်တို့ ငါ့အဖြစ်ကို မသိဘူးမို့လား၊ ခု ငါ့အိ

မှာ ငါ့ကိုကျပ်မယ့် လူကြီးတစ်ယောက် ရောက်နေတယ်ဟဲ့"

"ဟုတ်လား…အဲဒီလူကြီးက ဘယ်ကလဲ၊ နင်တို့နဲ့

ဘယ်လိုတော်တာလဲ"

"ကျွတ်…နင့်မေးခွန်းတွေကလည်း များလိုက်တာဟာ

ဘယ်ကစပြီး ငါဖြေရမှန်းတောင်မသိတော့ဘူး"

"ဘယ်ကဖြေဖြေ နင်ဖြေချင်သလိုသာ ဖြေဟာ"

"အေး…အဲဒီလူကြီးက ငါတို့နဲ့ ဘယ်လိုတော်တာလဲ

တာထက် အဲဒီလူကြီးကြောင့် ငါ ခုလောလောဆယ် အိမ်က

ဘယ်ကိုမှ မသွားရဲတာတော့အမှန်ပဲ"

"ဟင်…အဲဒီလူကြီးကို နင်က အဲလောက်ပဲ ကြောက်

သလား ပျူလေးရ"

"ကြောက်တာဆိုတာထက် ဖေဖေက သူ့ကို ငါ့

ပတ်သက်ပြီး ဆိုးဆိုးကောင်းကောင်း အကုန်လွှဲထားတာဟ"





"ဒါဆို နင့်အဖေက အဲဒီလူကြီးကို အရေးပေးထားတာ

ပေါ့"

"အေး…ဟုတ်တယ်"

"ဒါဆို…နင် ငါတို့ဆီ ခါတိုင်းလိုမလာနိုင်ဘူးပေါ့"

"ခုတော့ အဲလိုပဲ ပြောရမှာပေါ့ဟာ၊ ဒါပေမယ့် ငါ့

အတွက် အခွင့်အရေးပေးရင်လည်း ငါ နင်တို့ဆီရောက်လာဦးမှာ"

"ဘာလဲဟ ဇော်ဇော်ရ"

"ဟိုမှာ ပြတင်းတံခါးကနေ ငါတို့ရှိရာကို မျက်နှာတည်

တည်ကြီးနဲ့ လှမ်းကြည့်နေတဲ့လူကြီး နင်ပြောတဲ့လူကြီးလား

ပျူလေး"

"ဘယ်မှာလဲ"

"ဟိုမှာလေ"

"မြတ်စွာဘုရား"

ပျူလေးမှာ ချက်ချင်းပဲ သူမအကြည့်များကို လွှဲလိုက်ရ

သည်။ မလွှဲလို့ကလည်း မရပါ။

ပြတင်းတံခါးတွင် မားမားကြီးရပ်ကာ ကြည့်နေသော



www.burmeseclassic.com

www.burmeseclassic.com



သူ ဦးကျော်ဒွန်းရယ်ဖြစ်သည်။

အကြည့်များ လွှဲလိုက်ရပေမယ့် ပျူလေးရင်တွေကတော့ တဒိတ်ဒိတ်ဆောင့်ခုန်နေရသည်။

ဘုရားရေ ..

ကြည့်စမ်း..ပျူလေး ဘာလို့မေ့နေတာပါလိမ့်။ ဒီနေ့ညနေ ပျူလေးကို စာသင်ပေးဖို့ ဦးကျော်ဒွန်း ပြောထားတာ ပျူလေး ဘာကြောင့် မေ့သွားရတာပါလိမ့်။

ပျူလေးတစ်ယောက် သူငယ်ချင်းများကို နှုတ်ဆက်ကာ အိမ်ထဲသို့ ခပ်သုတ်သုတ်ဝင်ခဲ့သည်။

မဝင်လို့ ဒီထက်ပိုဆက်နေ၍ကလည်း မဖြစ်ပါ။ တော်ကြာ ဦးကျော်ဒွန်း စိတ်မထင်လို့ ပျူလေးကို သူငယ်ချင်းများ ရှေ့တွင် လာဆူလား ငေါက်လား လုပ်ပါက မောင်မြတ်တို့ရှေ့တွင် ပျူလေး အရှက်ကွဲဖို့ရာသာ ရှိတော့သည်။

သည်လိုတော့ ပျူလေး အဖြစ်မခံနိုင်ပါ။ ဒါကြောင့်လည်း သူမတို့အား လှမ်းကြည့်နေသည့် ဦးကျော်ဒွန်း၏ ရှုတည်တည် မျက်နှာကြီးကို ကြည့်တာနှင့် ပျူလေးသည် အခြေအနေမဟန်တော့





သည်ကို နားလည်ကာ ဖော်ဖော်တို့ကို နှုတ်ဆက်လျက် အိမ်ထဲသို့ ဝင်လာခဲ့ခြင်းဖြစ်သည်။

"စောမင်းပျူ"

မြတ်စွာဘုရား။

ပြဿနာတော့စပြီဟု ပျူလေး သိလိုက်သည်။

"ဒီကိုခဏကြွပါဦး"

စကားကော လေသံပါ ထော့လုံးငေါ့လုံးတွေ ပါနေသည်မို့ ပျူလေး စိတ်ညစ်သွားရသည်။

ခက်ထန်တည်တင်းနေရသော မျက်နှာကြီးဖြင့် ပျူလေးကို သူဘာပြောဦးမည်မသိ။ ပျူလေးတော့ နားဒုက္ခခံရဦးမည်ဖြစ်သည်။

သူခေါ်နေပါရက်နှင့် မသွားဘဲနေရင်လည်း ပျူလေးကို သူ့စကားနားမထောင်ရပါ့မလားဆိုကာ ဆူဦးမှာဖြစ်သည်။

ဖေဖေ မေမေနှင့်တကွ စည်းစနစ်ကြီးလှပါသည်ဆိုသော မခွာညိုဖြူကပင် သူ့လက်ထဲ ပျူလေးကို အပ်ထားသည်မို့ ပျူလေး သူ့ကို ဘာမှမပြောရဲဘဲ သူ့စကားကိုသာ နားထောင်နေရသည်မို့ အခုလည်း သူခေါ်နေသည်ကို ပျူလေး မနှာခံရဲဘဲ သူ့အနားရောက်



www.burmeseclassic.com

www.burmeseclassic.com



လာရသည်။

မားမားကြီးရပ်ကာ ရှုတည်တည်မျက်နှာကြီးနှင့် ကြည့်နေသော ဦးကျော်ဒွန်းရှေ့ ပျူလေးသည် မျက်လွှာလေးချကာ သွားရပ်လိုက်သည်။

“ဘယ်သွားနေတာလဲ”

ကြည့်…သူငယ်ချင်းတွေနဲ့ ခြံရှေ့အုတ်ခုံမှာ ထိုင်နေတာမြင်ရက်နဲ့ ဘယ်သွားနေတာလဲဆိုတော့ ပျူလေး သူ့စကားကို ပြန်ဖြေဖို့ အခက်ဖြစ်သွားရသည်။

ဘယ်လိုလူကြီးမှန်းကိုမသိ။

လူကို ကတ်သီးကတ်ဖဲ့ မေးတတ်ပုံကာ စိတ်တိုချင်စရာ။ နဂိုကမှ မျက်နှာကြောမတည့် ကြည့်မရပါဘူးဆိုမှ သူ့ကို ပျူလေး ပို၍ကြည့်မရဖြစ်သွားရသည်။

“စောမင်းပျူ”

“အမေ့”

နားနားကပ်ကာ အော်လိုက်သည့် ဦးကျော်ဒွန်းအသံကြောင့် ပျူလေး လန့်သွားရကာ သူ့ကိုကြည့်လိုက်တော့ ထုံးစံအတိုင်း





သူသည်လည်း ပျူလေးကို တည်တည်စူးစူးကြီး စိုက်ကြည့်နေသည်။

“မေးနေတယ်လေ…ဘယ်ကိုသွားနေတာလဲလို့”

“ထိုင်နေတာ”

“ဘာ”

ပျူလေးစကားက သူ့ကို အရွဲ့တိုက်သလို ဖြစ်သွားရသည်ကို စဉ်းစားမိတော့ ပျူလေးမျက်နှာ ပျက်သွားရသည်။

“ထိုင်နေတာတော့ မင်းပြောမှလား ကွ၊ ကျုပ်လည်းမြင်တာပဲ”

ဒါဆို ဘာလို့မေးနေသေးလဲဟု ပျူလေး စိတ်ကနေဆိုတ်ရန်တွေ့ပစ်လိုက်သည်။

“နေပါဦး…မင်းပေါင်းတဲ့ သူငယ်ချင်းတွေက အားလုံးယောကျ်ားလေးတွေပါပဲလား”

“အဲဒါဘာဖြစ်လဲ၊ ကျွန်တော့်သူငယ်ချင်းတွေ အားလုံးကအခြေအဆင့်အတန်းရှိတဲ့ မိဘရဲ့ သားသမီးတွေချည်းပဲ”

“အဟွန်း…သြော်…သြော် မင်းသူငယ်ချင်းတွေကအားလုံး အဆင့်အတန်းရှိသူတွေပဲကိုး၊ ဒါဆိုလည်း အိမ်ထဲခေါ်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ ဘာလို့ လမ်းဘေးအုတ်ခုံမှာ သွားထိုင်ရတာလဲ''

''ခင်ဗျားနော်…ကျွန်တော်တို့ဘာသာ ဘယ်ထိုင်ထိုင်

ခင်ဗျားအလုပ်လား''

''အေး…ကျုပ်အလုပ်ပဲ၊ ကျုပ်မျက်စိထဲမှာ အမြင်မတော်

ရင်တော့ ဆုံးမရမှာပဲ၊ ပြီးတော့ မင်းက မိန်းကလေး၊ မိန်းကလေး

ဖြစ်ပြီး ယောကျ်ားလေးတွေနဲ့ တရုန်းရုန်းနေတာလည်း ကျုပ်မကြိုက်

ဘူး''

''ဟင်''

ဖေဖေ မေမေတို့ကတောင် မပြောသည့်စကားကို သူက

ပိုင်စိုးပိုင်နင်း ပြောလာတာကြောင့် ပျူလေး ဒေါသဖြစ်ရသည်။

အသားတွေတဆတ်ဆတ် တုန်လာရသည့်အထိပင် ဖြစ်သည်။

ပျူလေးဘာသာ ယောကျ်ားလေးတွေနဲ့ ပေါင်းရုံမက

ဘာဖြစ်ဖြစ် သူ့အလုပ်လား။ သူနဲ့ဘာဆိုင်လို့ ပျူလေးကို သူက

ဒီစကားတွေ လာပြောနေရတာတဲ့လဲ။

ပြီးတော့ ပျူလေးပုံစံက သူ့မျက်စိထဲမှာ အမြင်မတော်

အောင် ဘာဖြစ်နေလို့လဲ။





ပျူလေးပေါင်းသည့် သူငယ်ချင်းတွေဆိုတာက အားလုံး

အရောရှိအရောခံ ဖွေကြေးချမ်းသာသည့် သားသမီးတွေ။ အလေအလွင့်

ပျက်စီးနေတဲ့ လူတစ်ယောက်မှမပါ။

ဒါ ပျူလေးကို တမင်သက်သက်နှိမ်တာ။ သူ့ကို အားလုံး

က စောင့်ရှောက်ဖို့ မှာထားတာနှင့် ပျူလေးကိုယ်ရေးကိုယ်တာကို

ပါ ဝင်စွက်သည်ကတော့ ဒီလူကြီး သိပ်လွန်နေရပြီဖြစ်သည်။

တွေးရင်းက ပျူလေးစိတ်ထဲ ခပ်ချဉ်ချဉ်ရှိလာရသည်။

ဒါကို ကျော်ဒွန်းကလည်း ရိပ်မိပုံရပါ၏။

ပျူလေးမျက်နှာကို တစ်ချက် စိုက်ခနဲကြည့်လိုက်ပြီး…

''ကျုပ်ပြောတဲ့စကားကို မင်းနာခံချင်မှ နာခံနိုင်မယ်၊

ပြီးတော့ ဒီလိုပြောလို့လည်း မင်း ကျုပ်ကို မုန်းချင်မုန်းနေလိမ့်မယ်၊

ဒါပေမယ့် ကျုပ် ဒါတွေကို ဂရုမစိုက်ပါဘူး၊ ကိုယ့်ဘက်က

ဘယ်လောက်ပဲ ရိုးသားပါတယ်ပြောပြော ယောကျ်ားလေးတွေ

တရုန်းရုန်းနဲ့ ရှိနေတဲ့ မင်းကို ပတ်ဝန်းကျင်က အထင်တသေးဖြစ်

မှာ ကျုပ် မလိုလားဘူး၊ ဒါ ကျုပ်စေတနာပဲ''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



သည်လိုကျပြန်တော့လည်း သူ့စကားတွေက ဟုတ်နေသလိုလို။ ပျူလေး ဒီအဖြစ်ကို ဘာလို့မစဉ်းစားခဲ့မိတာပါလိမ့်။ သူမ မတွေးမိသည့်အဖြစ်ကို သူက တွေးပေး စဉ်းစားပေးတော့ ပျူလေး သူမအမှားကို သူမ သိလာရသလိုလိုပင်။

မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် စဉ်းစားသလို တွေးနေသော ပျူလေးကို ကျော်ဒွန်းသည် တစ်ချက်ကြည့်လိုက်ရင်း စကားဆက်လိုက်လေ၏။

"မင်းစဉ်းစားကြည့်စမ်း ပျူလေး၊ မင်းကိုယ်တိုင်ကလည်း မိကောင်းဖခင် သားသမီးတစ်ယောက်၊ ပြီးတော့ မင်းရဲ့အစ်ဖြူဆိုတာကလည်း မင်း အတူယူချင်ရင် သူ့ကိုယူလို့ရတယ်၊ မိန်းကလေး ဘယ်လောက်ပီသသလဲ၊ အိမ်မှုကိစ္စဆိုတာကလည်း ဘာတစ်ခုမှ နောက်ပြန်လှည့်ကြည့်စရာမလိုအောင် တော်တဲ့သူ နောက် အနေအထိုင်ကိုကြည့်ဦးမလား မဖြူကြောင့် မင်းမိဘတွေ ဂုဏ်တက်ရသလောက် မင်းကြောင့်တော့ မင်းရဲ့မိဘတွေ ဂုဏ်ငယ်ရတဲ့အဖြစ်မျိုးကို မရောက်ပါစေနဲ့၊ မင်းကို အထင်သေးရင် မင်း မိဘတွေကိုပါ အုပ်ထိန်းမှုညံ့တယ်ဆိုပြီး အထင်သေးကြတော့မယ်





ဒါကို မင်းစဉ်းစားမိရဲ့လား"

စဉ်းစားမိရဲ့လားတဲ့။

ဟင့်အင်း...ပျူလေး မစဉ်းစားမိပါ။

သူတွေးပြသလိုမျိုးလည်း ပျူလေး တစ်ခါမှ မစဉ်းစားဘူးခဲ့။ တကယ်ပဲ ပျူလေးကြောင့် ပျူလေးမိဘတွေ ဂုဏ်သိက္ခာ ငယ်ခဲ့ရပြီလား။ ထိုအတွေးဝင်လာတော့ ပျူလေးရင်မှာ ထိခိုက်သွားရသည်။

"ဦးကျော်ဒွန်း"

မျက်ရည်တွေ ဝဲတက်လျက် ခေါ်လိုက်သည့် ပျူလေးအသံက တုန်ခါနေရသည်။

ကျော်ဒွန်းမှာ ပျူလေးကိုကြည့်ကာ စိတ်မကောင်း ဖြစ်သွားသည်။ ပြောမှ ပြောထားမှ မဟုတ်ရင် သင်းလေးဆိုးပုံတွေက ထက်ပိုတော့မည်။

"ကျွန်တော့်ကိုပြောတဲ့ ခင်ဗျားစကားတွေက မလွန်လွန်းဘူးလား"

"လွန်တယ်...မလွန်ဘူးဆိုတာကတော့ မင်း ခံယူသည့်



www.burmeseclassic.com

www.burmeseclassic.com



အပေါ် မှတည်မှာပဲလေ၊ ဒါပေမယ့် ကျုပ်ပြောတဲ့စကားတွေ အားလုံး ကတော့ တကယ့်အဖြစ်မှန်တွေပဲ''

''ကျွန်တော့်ဘဝမှာ ပတ်ဝန်းကျင် အထင်သေးလောက် အောင် ဘာတစ်ခုမှ မလုပ်ခဲ့ဖူးဘူး၊ နေတာထိုင်တာကတော့ ငယ်ငယ်ကတည်းက ကျွန်တော် ဒီလိုနေလာခဲ့တာပဲ''

''အဲဒါက မင်းငယ်တုန်းကလေ၊ ခု မင်းက အရွယ်ရောက် နေတဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေပြီ၊ ဒါကို မင်းမေ့ထားလို့မ ဘူး ပျူလေး''

''ကျွန်တော်ကလည်း မမေ့ပါဘူး၊ မမေ့လို့လည်း ကျွန်တော်ဘဝတက်လမ်းကို ကျွန်တော် အမြဲကြိုးစားနေတာပေါ့''

''အဟွန်း...ဟွန်း အပြောကတော့ကွာ နားရှိလို့သာ ကြားရတယ် ကြိုးစားတဲ့လူက ကျုပ် ဒီနေ့စာသင်မယ်ပြောထားတော တောင် ခြံရှေ့အုတ်ခုံမှာ သူငယ်ချင်းတွေနဲ့ သွားထိုင်နိုင်သေးတာ တော့ အံ့သြစရာပဲ''

''ဒါ...ဒါက''

သူ့စကားတွေက မှန်နေသဖြင့် ပျူလေးမှာ မျက်နှာရဲရဲ





မျက်ကိုးရှက်ကန်းကြီး ဖြစ်သွားရသည်။

ဒါကိုပင် ကျော်ဒွန်းတစ်ယောက် သဘောကျသွားရသလို စိတ်မှာကျိတ်၍ ပြုံးလိုက်ရင်း...

''ကဲပါလေ...ကျုပ်ပြောတာတွေ ဒါလောက်ဆို မင်းလည်း နားလည်လောက်ပါပြီ၊ အဓိကကတော့ မင်းရဲ့ပြုပြင် ချင်တဲ့စိတ်ပဲ၊ မင်းသာ ကျုပ်ပြောတာတွေကို နားလည်ပြီး ပြုပြင် လိုက်ရင် မင်းဟာ သိပ်ကိုအဖိုးတန်မယ့် ပန်းလေးတစ်ပွင့်ဖြစ်လာ မှာပဲ''

သူ့စကားများသည် ပျူလေးအပေါ်မှာ ထားသည့် စေတနာစကားများဆိုတာကို ပျူလေးသိပေမယ့် ဘာကြောင့်မှန်း မသိပါ။ ပျူလေးသည် သူ့စကားကို စိတ်ဝယ်လက်မခံချင်အောင် ဖြစ်နေရသည်က သူ့အပေါ်ထားမိသည့် အမုန်းစိတ်ကြောင့်ပင် ဖြစ်ပါ လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဂုဏ်ဂုဏ်ချင်းထပ် ရွှေရွှေချင်းထပ်ဆိုသလို ဂုဏ်ရော ရွှေတွေနှင့် အဆင့်အတန်းတူစွာ နေနှင့်လ ရွှေနှင့်မြပမာ ရေသွား နောက်လိုက်ညီလွန်းသည့် မမစွာညီဖြူနှင့် ကိုနိုင်လတ်တို့၏ မင်္ဂလာပွဲမှာ ဂုဏ်သရေရှိ ဧည့်ပရိသတ်များနှင့် ခမ်းနားစည်ကား လွန်းနေရသည်။

ကြိုးကြိုးချိတ် ထိုင်မသိမ်း သတို့သမီးဝတ်စုံ ဝါဖျော့ဖျော့ လေးနှင့် မမစွာညီဖြူသည် အရမ်းကို လှနေရသလို သတို့သားဖြစ် သည့် ကိုနိုင်လတ်မှာလည်း ကျက်သရေရှိစွာ ချောမောလျက် နှစ်ဦးသား အပြုံးတွေနှင့် ရှိနေရသည်။





နှစ်ဘက်မိဘဆွေမျိုး အသိုင်းအဝန်းမှာလည်း လိုက်ဖက် လွန်းသည့် မင်္ဂလာသတို့သမီး၊ သတို့သားကိုကြည့်ပြီး အပြုံးတွေ လှိုင်လှိုင်ဝေလျက် ကျေနပ်နေကြ၏။

မင်္ဂလာပွဲမှာလည်း တကယ့်ကို ဧည့်ပရိသတ်ပေါင်းများစွာ နှင့် စည်စည်ကားကား ရှိနေရသည်။

စိန်ရောင် ရွှေရောင်တွေဖြင့် ရောင်စုံခြယ်မှုက်နှာများကြား တွင် တစ်မူထူးခြားနေသူက စောမင်းပျူခေါ် ပျူလေးပင်ဖြစ်သည်။

မှန်သည်။

ပျူလေးကား ကိုယ့်အစ်မရင်း၏ မင်္ဂလာပွဲမို့သာ ရှိနေရပါ သည်။ သူမသည် ဒီလိုနေရာမျိုးမှာ အပြုံးတွေလှိုင်လှိုင်ဝေလျက် ရှိနေရသည့်အဖြစ်မျိုးကို သူမ နည်းနည်းလေးမှ စိတ်မပါပါ။

ထို့အတူ...

ကိုယ့်ကိုယ်ကို အလှဆုံးပြင်ကာ ရောင်စုံခြယ်မိတ်ကပ်များ နှင့် ရှိနေရသည့်အဖြစ်ကိုလည်း သူမစိတ်မဝင်စား။

စိတ်မဝင်စား၍လည်း ပျူလေးသည် သူမအကြောင်း သူမ သာ အသိဆုံးဖြစ်ရသည်မို့ သူမကိုယ်သူမ ဘာမှအထူးတလည်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ခြင်းမရှိပါဘဲ သူမ၏ထုံးစံအတိုင်းပဲ ဘောင်းဘီရှည်၊ တီရှပ်နှင့်ပင် ရှိနေခဲ့သည်။

မင်္ဂလာပွဲမထွက်မီ မမခွာညိုဖြူသည် ပျူလေးကို ကြည့်ကာ အဝတ်အစားလဲရန်နှင့် မျက်နှာကို လှလှပပလေး ပြင်ဆင်ခြယ်သရန် ပြောခဲ့ပေမယ့် ပျူလေးကတော့ဖြင့် လက်မခံခဲ့ပါ။

အလှအပ ပြင်ဆင်ခြင်းကိစ္စနှင့် မိန်းကလေးအဝတ်အစားများသည် သူမနှင့် မသက်ဆိုင်သလို ပျူလေး ခံယူထားသူဖြစ်သည်။

ထို့ကြောင့် မမခွာညိုဖြူ ဘယ်လိုပဲပြောပြော မရသည့်အဆုံးမှာ ပျူလေးအား မမသည် လက်လျှော့သွားခဲ့လေသည်။

ဖေဖေနှင့် မေမေကတော့ သူတို့သမီးငယ် ပျူလေးကို ကြည့်ပြီး ဘာမှမပြောတော့ဘဲ ပြုံး၍သာနေတော့သည်။

ဒါကလည်း မိဘနှစ်ပါး၏ ကိုယ်ပိုင်ဟန်လို့ပင် ပြောရမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုရသော်...

ဖေဖေနှင့်မေမေသည် ပျူလေး ဘာလုပ်လုပ် ကျေနပ်နေရ





ဆိုမျိုး ဘာမှမပြောဘဲ အပြုံးနှင့်သာ ချစ်စနိုးကြည့်နေတတ်သူ သည်။

ဒါကြောင့်လည်း ပျူလေးတစ်ယောက် ပို၍ဆိုးနေခြင်းဖြစ် သည်။

ရောင်စုံမိတ်ကပ်နှင့် အလှများကြားတွင် ပျူလေးသည်က မျက်နှာပေါ်တွင် သနပ်ခါး၊ မိတ်ကပ် ဘာတစ်ခုမှမရှိပါဘဲ နှာပြောင်ပြောင်လေးနှင့် ရှိနေရသည်ကပင် သူမကို တစ်မျိုး ခြင်ဆန်းနေစေရသည်။

"ဟဲ့...ဟိုတစ်ယောက်က မိန်းကလေးလား၊ ယောကျ်ား လား"

"ယောကျ်ားလေးပါဟဲ့"

"အို...ဘယ်ကလာ မိန်းကလေးပါ"

"အေး...ဟုတ်ပါရဲ့ သေချာကြည့်တော့မှ မျက်နှာလေး ပုဥဥနုနုလေးနဲ့ တော်တော်အကြည့်ခံတဲ့အလှပဲ၊ သူလေးက သူတဲ့လဲ"

"အဲဒါ သတို့သမီး ခွာညိုဖြူရဲ့ညီမလေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်းပါဦးဟယ်…လူလေးက ယောက်ျားလေး ပေါက်နေပေမယ့် မျက်နှာလေးက နုနုထွေးထွေးလေးနဲ့ သိပ်လှ ပဲ၊ လှတာအပြင် သူလေးက ချစ်စရာပါကောင်းသေးတာ"

"သူများသားသမီးတွေများ ဘာမှမပြင်မဆင် ယောက်ျားလေးပုံပေါက်နေတာတောင် အလှက နည်းနည်းမှ မသွားဘူး၊ ကံကောင်းလိုက်တာနော်"

"ဘာလဲ…နင်က အားကျနေတာလား"

"အားကျတာပေါ့ဟဲ့…သူလေးက ဘယ်လောက် ကောင်းလဲ၊ သူများတွေ အခုလို ယောက်ျားလေးစိတ်ဝင်ပြီး ဝတ် စားတာ ကိုးလိုကန့်လန့်နဲ့ ရှိရင်းစွဲအလှတွေတောင် ပျောက် ပေမယ့် ခုတော့ ကြည့်ပါဦး သူလေးက ဘယ်မှာအလှပျက်လို့ အလှမပျက်တဲ့အပြင် သူ့စတိုင်လ်လေးက တစ်မျိုးတောင် ကြည့် ကောင်းနေသေးတယ်"

ပျူလေးကိုကြည့်ကာ တိုးတိုးတိတ်တိတ်နှင့် အားကျ ဝေဖန်ပြောဆိုနေသည့် စကားများကို ကြားပေမယ့် ပျူ ဂရုမစိုက်ပါ။





ဒါသည်ကလည်း ပျူလေး၏ တမင်လုပ်ယူတာမဟုတ် သော သူမ၏စတိုင်လ်ပင် ဖြစ်ပါသည်။

ဘယ်သူတွေ ဘယ်လိုပြောပြော ပျူလေးသည် ပတ်ဝန်း ကျင်ကို သိပ်ဂရုစိုက်တတ်သူတော့ဖြင့် မဟုတ်ပါပေ။

လွတ်လပ်သော ကိုယ်ပိုင်ဟန်နှင့် သွက်လက်စွာ နေတတ် သော ပျူလေးသည် အခုလည်း သူငယ်ချင်းများနှင့် ရယ်ကာမော ကာ စကားတွေဆိုရင်း ဧည့်ခံနေလေသည်။

တကယ်တော့ ပျူလေး ပျော်နေပါ၏။

တစ်ဦးတည်းသော မမခွာညီဖြူ၏ မင်္ဂလာပွဲကြီးကို ကြည့်ပြီး ပျူလေးရင်ထဲ လှိုက်လှိုက်လှဲလှဲကြီး ပျော်နေရသည်က အမှန်ဖြစ်သည်။

ထို့ကြောင့်လည်း သူမမျက်နှာလေးမှာ အပြုံးလေးတွေနှင့် ချိုမြကြည်စင်ရှိနေရသည်။

မင်္ဂလာပွဲတွင် သူမသိသည့် ဧည့်သည်များကို အပြုံးလေး နှင့် ဧည့်ခံလိုက်၊ ပြေးကြိုလိုက်နှင့် ပျူလေး အလုပ်ရှုပ်နေသလို ကျော်ဒွန်းကို ကြည့်လိုက်ပြန်တော့လည်း သူသည် အားရှိသည်



www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။

မင်္ဂလာပွဲအတွက် လိုအပ်သည်မှန်သမျှကို ဘာတစ်ခုမှ မလစ်ဟင်းစေရဘဲ အကွက်စေ့စေ့နှင့် စီစဉ်လုပ်ကိုင်ပေးနေသည်မှာ မမောတမ်းပင်။

"ပျူလေး"

"ဟင်"

"ဦးကျော်ဒွန်းက အခုပုံစံနဲ့ ပိုပြီးကြည့်လို့ကောင်းလိုက်တာနော်၊ ချောလိုက်တာလည်း အရမ်းပဲ"

မင်္ဂလာပွဲတွင် ဒီလောက်အလုပ်တွေရှုပ်နေသည့် ကြားက ရှုးရှုးသည် ထိုစကားကို ပျူလေးအား ပြောဖြစ်အောင် လာပြောလေ၏။

"ချောတာထက် ဦးကျော်ဒွန်းပုံစံက ပိုပြီးခန့်သွားတာပဲ"

တစ်ယောက်တစ်မျိုး ဝိုင်းပြောနေသော ရှုးရှုးနှင့် မာလာကြောင့် ပျူလေး၏အကြည့်တို့က ဦးကျော်ဒွန်းရှိရာသို့ ဝေ့ခနဲရောက်ရှိသွားရ၏။

အင်း…ရှုးရှုးနှင့် မာလာပြောသည်ကလည်း မမှားပါ





ဦးဖပုံစံသည် ဒီနေ့တော့ဖြင့် ခါတိုင်းနေ့တွေကထက် ပိုပြီးကြည့်လို့ကောင်းနေရသည်က အမှန်ဖြစ်သည်။

သို့ပေမယ့်…

ပျူလေး သူ့ကို နည်းနည်းမှ မကျေနပ်ပါ။ ကျေနပ်စရာလည်း အကြောင်းမရှိ။

အကြောင်းကား…

မင်္ဂလာအခမ်းအနားသို့သွားရန် အိမ်မှထွက်လာစဉ်က ဦးကျော်ဒွန်းသည် သူ့မအခန်းထဲမှ ထွက်လာသော ပျူလေးကို ခေါင်းထုထုကြီးတွန့်ကြုတ်ကာ စိတ်ဝယ် အလိုမကျသလိုကြီးကြည့်လာပြီး…

"မင်္ဂလာပွဲကို ခင်ဗျားက ဒီပုံနဲ့သွားမှာလား ဒေါ်စောမင်း"

ရှုးရှုးသောမျက်ဝန်း တည်တည်စူးစူးကြီးများနှင့် ပျူလေးအား အထက်အောက် စုန်ချည်ဆန်ချည် ကြည့်ကာ ကျော်ဒွန်းမေးလိုက်သည်။

"ဟုတ်တယ်လေ…ဒီအတိုင်းသွားမှာ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



''ကျွတ်…ပြောပြန်ရင်လည်း ကျုပ်က နေရာတကာပါ တယ်ဖြစ်ဦးမယ်၊ ဒီလိုပုံစံနဲ့ မင်္ဂလာပွဲကို သွားလို့သင့်တော်ပါ့မလား ကွ''

''အို…ဘာမသင့်တော်စရာရှိလဲ၊ မသင့်တော်ရအောင် ကျွန်တော်ဝတ်ထားတာတွေက ဘာထူးနေလို့လဲ''

ပျူလေး သည်းမခံနိုင်တော့။ နေရာတကာပါလွန်းနေရ သည့် သူ့ကို ဘုတောပစ်လိုက်သည်။

သူမစကားကြောင့် ကျော်ဒွန်း ပိုလို့မျက်ခုံးကြီး ပင့်သွားရ ပြီး…

''ထူးတယ်ကွ…ထူးတယ်၊ မင်း အဲလိုဝတ်ထားတာကိုက ထူးနေတာပဲ၊ ဘယ့်နှယ်ကွာ ကိုယ့်အစ်မမင်္ဂလာပွဲသွားမှာပဲ မိန်းက လေးပီပီ လှလှပပလေး ပြင်ဆင်ခဲ့ပါတော့လား၊ ခုတော့''

ပြောရင်းက စကားကို ရပ်ကာ ပျူလေးကို ခပ်စိုက်စိုက် ကြည့်လာတော့ ပျူလေးသည် မခံချင်ဖြစ်သွားကာ…

''ဘာဖြစ်လဲ ခုတော့၊ ကိုယ့်အစ်မမင်္ဂလာပွဲမို့ ကျွန်တော် ဒီလိုပွဲမျိုးကိုလိုက်တာ၊ တခြားတစ်ယောက်သာ ဘယ်လောက်ခင်





…င် ဒီလိုပွဲမျိုးကို သွားမှာမဟုတ်ဘူးသိလား''

''အေး…ကျုပ်သိဖို့ထက် မင်းသိဖို့က ပိုအရေးကြီးတယ် …။ ခုကြည့်စမ်း မင်း ဒီလိုပုံစံနဲ့ မင်္ဂလာပွဲကိုဝင်ရင် မင်းကို …တွေက ဘာပြောကြမလဲ''

''ဘာပြောမှာလဲ''

''ဘာပြောရမှာလဲကွ…အစ်မဖြစ်သူက စိန်ရောင် …ရောင်တွေနဲ့ သိပ်လှနေသလောက် ညီမဖြစ်တဲ့မင်းက ဒီပုံစံနဲ့ဆို …ကိုကွဲရဲ့ကြမှာပေါ့''

''ဂရုမစိုက်ပါဘူးဗျာ…မမလှတာ ဘာဖြစ်လဲ၊ မမက …တို့သမီးပဲ''

''အေး…မင်းကလည်း သတို့သမီးရဲ့ ညီမလေကွာ''

''ဘာဆိုင်လဲ''

''ဟ…ဒီထက်ဆိုင်ရဦးမလားကွ၊ ညီအစ်မနှစ်ယောက် …ရှိပါတယ် အစ်မက သိပ်လှနေသလောက် မင်းကျတော့''

''ဘာလဲ…ကျွန်တော့်ကို မလှဘူးလို့ ခင်ဗျားပြောချင် …သား''



www.burmeseclassic.com

www.burmeseclassic.com



ပျူလေးသည် စိတ်ကိုထိန်းလျက် မျက်ခုံးလေးကြုတ်ကာ မေးလိုက်သည်။

"အဟွန်း...ဟွန်း ဒီလိုဆိုတော့လည်း မင်းကိုယ်င်း သိနေသားပဲ"

"ခင်ဗျား...ခင်ဗျား"

သူ့စကားကြောင့် စိတ်တွေတိုသွားရသော ပျူလေး ကြည့်ပြီး ကျော်ဒွန်း သက်မချလိုက်မိသည်။

သြော်...ဖြစ်ပဲဖြစ်ရပြန်တယ်။ ကျော်ဒွန်းပြောနေတာ က သူမအတွက် ဒါကိုပဲ သူမလေးက သူ့ကိုပြန်၍ စိတ်တို သည်က လွဲကြားရင်ဖြင့် ရယ်ချင်စရာ။

ပျူလေးမှာလည်း အလကားနေ သူမကိုပဲ ခလုတ်တိုက် ချင်နေသည့် ဦးကျော်ဒွန်းကြောင့် စိတ်မှာ အနှောင့်အယှက် ဖြစ်ခဲ့ သည်။

"ဦးကျော်ဒွန်းက ချောတယ်နော် ပျူလေး"

"ဟွန်း...မချောပါဘူး၊ ရှာသားကိုမျှား"

ရှုးရှုးစကားကို ပျူလေးသည် တမင်ပင် ဂွတိုက်ကာ ပြော





လိုက်တော့...

"ရှာသားလည်းလူပဲ ပျူလေးရဲ့၊ ခုကြည့်စမ်း ဦးကျော်ဒွန်း ပုံစံက မြို့သားတွေထက်တောင် မိုက်သေးတယ်၊ ယောကျ်ားပီပီသ သန့် ဝတ်တာစားတာကလည်း လူကြီးလူကောင်းဆန်ဆန် ဘယ် လောက်ခန့်ညားလဲ၊ ငါတော့ စွဲနေပြီနဲ့တူပါတယ် ပျူလေးရယ်"

"ဟင်...ဘယ်သူ့ကိုလဲ"

"ဦးကျော်ဒွန်းကိုပါ"

"အေး...စွဲ...စွဲ ငါတော့ ဒီလာခါနီးတောင် သူနဲ့ ပြဿနာဖြစ်ခဲ့လို့ ကြည့်ကိုမရချင်တော့ဘူးသိလား"

"ဟင်...နင်တို့က ဘာဖြစ်ကြတာလဲ"

"ဘာဖြစ်ရမှာလဲဟဲ့...မင်္ဂလာပွဲကို ငါ့ ဒီအဝတ်အစား တွေ ဝတ်လာလို့တဲ့လေ"

"အေးလေ...နင်ကလည်း"

"ဘာအေးလေလဲ...ဒီအဝတ်အစားတွေက ငါအမြဲဝတ် နေတဲ့ဟာတွေပဲ၊ ဘာဖြစ်လဲ ပြီးတော့ ငါဘယ်လိုပဲဝတ်ဝတ် သူ့ အပူလား"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို လှစေချင်လို့နေမှာပေါ့"

"ဘာ"

"ဩော်…ဦးကျော်ဒွန်းက နင့်ကို မိန်းကလေးပီပီသသနဲ့ လှစေချင်လို့နေမှာပေါ့လို့ ပြောတာ"

"အဲဒါ သူ့အလုပ်လား"

"အေးပါ…သူ့အလုပ်မဟုတ်ဘူးပဲထားပါတော့၊ နင်က ကော"

"ဘာလဲ"

"နင်ကိုယ်တိုင်က မိန်းကလေးတစ်ယောက်လို မဝတ်စားချင်ဘူးလားလို့မေးတာ"

"ဟွန်း…ဝေးပါသေးတယ်၊ ငါ့ဘဝတစ်သက်မှာ ဒီလိုမျိုးပဲ အမြဲဝတ်လာခဲ့တာ၊ နင်ပြောသလို ဝတ်ဖို့ဆိုတာ ငါ့ဘဝမှာ ဘယ်တော့မှ ရှိလာမှာမဟုတ်ဘူး"

"ပျူလေးနော် နင်စကားကို ကုန်အောင်မပြောနဲ့ သိလား"

"ပြောလည်း ဘာဖြစ်လဲဟာ၊ ဒါဟာ ငါ့အတွက် အမှန်ပဲ၊ ငါ့စိတ်ထဲမှာ အခုလိုနေရ ဝတ်ရတာကိုပဲ လွတ်လပ်တယ်၊





နှစ်သက်တယ်၊ ကြိုက်တယ်၊ အဲဒီအတွက် ငါအမြဲ အခုလိုရှိနေမှာ ငါ့ကိုယ်ငါပဲသိတယ်"

"အေးလေ…နင်ပြောတာလည်း ဟုတ်ပါတယ်၊ နင်က ငယ်ငယ်လေးကတည်းနဲ့ ခုချိန်ထိ ဒီလိုမျိုးပဲ အမြဲဝတ်လာတာဆိုတော့ မိန်းကလေးတစ်ယောက်လို ဘယ်ဝတ်စားချင်ပါတော့မလဲ၊ ဒါပေမယ့် တစ်နေ့နေ့ဆိုတာတော့ ပြောလို့မရဘူးနော် ပျူလေး"

"အဲဒါတော့ နင်စောင့်ကြည့်ပေါ့ ဖူးဖူးရယ်"

"ကဲပါ…စောင့်ကြည့်တာတွေနောက်ထား ဟိုမှာ ဧည့်သည်တွေလာနေပြီ ဧည့်ခံလိုက်ဦး"

စကားကောင်းနေပေမယ့် သူငယ်ချင်းနှစ်ယောက် စကားဆက်၍ မပြောနိုင်တော့ပါ။

အဘယ်ကြောင့်ဆိုသော်…

မင်္ဂလာပွဲကို လာသည့်ဧည့်သည်များကို ပျူလေးတို့ သူငယ်ချင်းနှစ်ယောက် ဧည့်ခံလိုက်ရသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေနှင့်မေမေကို ကန်တော့နေသည့် မမခွာညိုဖြူနှင့် ကိုနိုင်လတ်တို့ ဓနီးမောင်နှံကိုကြည့်ပြီး ပျူလေးရင်မှာ မကောင်းနိုင်ပါ။

မင်္ဂလာပွဲအပြီး မမခွာညိုဖြူသည် ကိုနိုင်လတ်နောက်သို့ လိုက်သွားရမည်ဖြစ်သောကြောင့် ဖေဖေနှင့် မေမေကို ကန်တော့ခြင်းဖြစ်သည်။

ဝန်ထမ်းတစ်ယောက်ဖြစ်သော ကိုနိုင်လတ်သည် ခွင့်ရက်သိပ်မရပါ။ ထို့ကြောင့်လည်း မင်္ဂလာပွဲပြီး မမခွာညိုဖြူသည် ကိုနိုင်လတ်တာဝန်ကျရာ မြို့ကို လိုက်သွားရတော့မည်ဖြစ်သည်။

ဖေဖေသည် ယောကျ်ားသားမို့ ခံနိုင်ရည်ရှိပေမယ့် မေမေကတော့ မမတို့ကို ဆုတွေပေးရင်းက မျက်ရည်တွေ ကျလာရသည်





ကိုမြင်တော့ ပျူလေး ပိုစိတ်မကောင်းဖြစ်ရလေ၏။

မမဆုတာ ပေါက်တာကို ခံရပေမယ့် တကယ်တမ်း မမ အခုလို သူမတို့နှင့် ခွဲသွားတော့မည်ဆိုတော့လည်း ပျူလေးရင်အစုံသည် လစ်ဟာသွားရသလို နာကျင်သွားရသလိုနှင့် တစ်မျိုးကြီး ရင်မှာခံစားနေရသည်။

"ပျူလေး"

"ဗျာ...မမ"

"စိတ်မကောင်းဖြစ်နေလား ပျူလေးရယ်"

"မမရယ်"

ငိုချင်ရက်လက်တို့ ဆိုသလို ပျူလေးသည် ဘာစကားမှ ဆိုနိုင်တော့ဘဲ မမရင်ခွင်ထဲ တိုးဝင်လိုက်သည်။

ခွာညိုဖြူမှာ ပျူလေးရင်ထဲက ခံစားချက်ကို နားလည်သည်မို့ သူမကျောပြင်လေးကို လက်နှင့် ခပ်ဖွဖွပွတ်ပေးကာ...

"စိတ်မကောင်းမဖြစ်ပါနဲ့ ပျူလေးရယ်၊ မမအားရင် မကြာမကြာ ရောက်လာမှာပါကွယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပျူလေး လိမ်လိမ်မာမာနဲ့နေနော်၊ ပြီးတော့ သိပ်လည်း မဆိုးနဲ့၊ မေမေ့ကိုလည်း ဝိုင်းကူပေး၊ မမမှာတာတွေ ကြားလား"

"ဟုတ်ကဲ့…ကြားပါတယ် မမ"

"အေးကွယ်…မညီမက လိမ္မာပြီးသားပါ၊ မမသွားမယ့် သာသွားရမှာ မေမေ့ကို စိတ်မချဘူး၊ မေမေ့ကျန်းမာရေးက ခုတလော သိပ်မကောင်းချင်ဘူးမို့လား"

ပျူလေး ခေါင်းညိတ်လိုက်၏။ မမပြောသလိုပင် မေမေ့ ကျန်းမာရေးက ခုတလော သိပ်မကောင်းချင်။

"နောက်ပြီး ပျူလေး ကိုကျော်ဒွန်းစကားကိုလည်း နားထောင်နော်၊ သူ့ကို ညီမလေး သိပ်ပြီးဂျစ်မကျနဲ့၊ မမလည်း ကိုကျော်ဒွန်းကို မှာခဲ့တယ်သိလား"

"ဟင်…မမကလည်း"

သည်စကားကိုတော့ ပျူလေး သိပ်မကြိုက်ချင်သည်မို့ ခေါင်းလေးထောင်သွားရသည်။

ဒါကို မမသည် နားလည်စွာ ပြုံး၍ ပျူလေးကို ကြည့် လာပြီး…





"ဘာဖြစ်လို့လဲကွယ်"

"အဲဒီလူကြီးနဲ့တော့ ပျူလေးတည့်မှာ မဟုတ်ပါဘူး၊ သူက ပျူလေးကိုဆို သိပ်နိုင်စားချင်တာ မမမှမသိဘဲ"

"အို…အဟင်း…ဟင်း"

ပျူလေးစကားကြောင့် မမသည် ရယ်ပါတော့၏။ ရယ်ရင်းက ပျူလေးကို ကြည့်လာရင်း…

"လူကြီးကို အဲလိုမပြောရဘူးကွဲ့ ပျူလေးရဲ့၊ ပြီးတော့ ကိုကျော်ဒွန်းဆိုတာ ခုချိန်မှာ ပျူလေးရဲ့ဆရာ၊ ကိုယ့်ဆရာသမားကို အဲလိုပြောရင် ငရဲကြီးလိမ့်မယ်"

"ဟွန်း"

ပြောနေသည့်ကြားက ပျူလေးသည် မကျေမနပ်နှင့် ကလေးတစ်ယောက်လို နှုတ်ခမ်းစူသွားလေသည်။

မမပြောတာလည်း မှန်ပါသည်။

ဦးကျော်ဒွန်းသည် ပျူလေး နားမလည်သည့်စာများကို သင်ပေးနေသောဆရာ ဖြစ်သည်။

သို့သော်…



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်စာသင်ရသည့် ဒုက္ခကတော့ မသေးလှ။

စာသင်ရာတွင် စိတ်ရှည်သလောက် သူစာသင်နေသည့်အချိန် ပျူလေး တခြားအာရုံကို ရောက်နေပါကလည်း သူသည် ပျူလေး အားရစရာမရှိအောင် ဆူငေါက်တတ်သူဖြစ်သည်။

ထိုအခါဝယ် ကိုယ့်အပြစ်နှင့်ကိုယ်မို့ မျက်နှာလေးငယ်နှင့်နေရသူက ပျူလေးရယ်သာဖြစ်သည်။

အနေကြာလို့ တစ်ယောက်နှင့်တစ်ယောက် ပို၍ရင်းနှီးခင်မင်လိမ့်မည်လို့မထင်နှင့်။ အနေကြာလေ သူနှင့်ပျူလေးကား တစ်ယောက်နှင့်တစ်ယောက် ပို၍ကြည့်မရလေပင်ဖြစ်သည်။

အထူးသဖြင့် ပျူလေးဘက်က ဦးကျော်ဒွန်းကို ပို၍ကြည့်မရခဲ့ခြင်းဆိုလျှင် မှန်ပါလိမ့်မည်။

အကြောင်းမှာ…

သူမအား ရှုတည်တည် မျက်နှာထားကြီးနှင့် အပြစ်ရှာသလို ကြည့်တတ်သော ဦးကျော်ဒွန်းကို ပျူလေး ဒီလောက်ကြည့်မရဖြစ်ရခြင်းက တစ်အိမ်တည်း အတူနေ၍ တစ်ယောက်နှင့်တစ်ယောက် ယခုလို မတည့်ဖြစ်ရသည်များလား။





အို…မဆိုင်ပါဘူးလေ သူများတွေလည်း ဒီလိုနေသည့်လူတွေ ရှိကြတာပဲ။ ဒါပေမယ့် သူ့လိုလူမျိုးတော့ ရှိလိမ့်မည်မထင်ပါ။

တွေးရင်းက ပျူလေး ဒေါသတွေဖြစ်လာရသည်မို့ နှုတ်ခမ်းလေး ဖိကိုက်ပစ်လိုက်သည်။

“ပျူလေး”

“ဟင်…ဗျာ”

“မမ”

“အဟင်း…ဟင်း…ဟင်း၊ မမနဲ့ စကားပြောရင်းက ဘာတွေများ တွေးနေတာလဲကွယ်”

“အဟင်း…ဟို ဘာမှမဟုတ်ပါဘူးမမရယ်”

ဦးကျော်ဒွန်းနှင့် ပတ်သက်ကာ အတွေးလွန်သွားရသည့်အဖြစ်အတွက် ပျူလေးသည် ရှက်ကိုးရှက်ကန်းနှင့် ရယ်လျက်ဆိုလိုက်သည်။

“ကဲ…မမတို့သွားတော့မယ်၊ ညီမလေးလိမ္မာနော်”

ပျူလေးခေါင်းကို လက်လေးနှင့်ဖိကာဆိုတော့ ပျူလေး



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များ ဝဲချင်သွားရသည်။

သို့သော်…

ရစ်ဝဲလာသော မျက်ရည်စများကို ပျူလေးသည် မျက်တောင်ရှည်ကြီးဖြင့် ပုတ်ခတ်ပစ်လိုက်ပြီး မမကို မချိပြုံးလေး ပြုံးပြလိုက်မိသည်။

သွားခါနီး လာခါနီး မမကို ပျူလေး စိတ်မဆင်းရဲစေချင် ပါ။

ထိုစဉ် ကိုနိုင်လတ်သည် ပျူလေးတို့ ညီအစ်မရှိရာ ရောက်လာကာ…

"ဖြူ ကိုယ်တို့သွားကြစို့၊ ပစ္စည်းတွေလည်း ကား အကုန်ထည့်ပြီးပြီ၊ ဒီကထွက်တာနောက်ကျရင် ကိုယ်တို့ ဟိုး ညဥ့်နက်မှ ရောက်လိမ့်မယ်၊ ကဲ ပျူလေး အစ်ကိုတို့သွားမယ် ငေါ့ညီမလည်း လိမ္မာဟုတ်လား"

"ဟုတ်ကဲ့"

ပျူလေးကို နှုတ်ဆက်ကာ ထွက်သွားသည့် မမနှင့် ကို လတ်ကို ပျူလေး တွေတွေကြီး ကြည့်နေမိရာမှ သတိဝင်



သူနှယ် မမတို့ကို လိုက်ပို့ရန် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ထပ်တစ်နေရာတွင်လည်း…

"ကိုကျော်ဒွန်း"

"ပြောပါ မဖြူ"

"မဖြူ အားလုံးအတွက် စိတ်ချပါရစေနော်၊ အထူးသဖြင့် ပျူလေးကိုတော့ ကိုကျော်ဒွန်း သည်းခံပေးပါ",

နွဲ့ညို့ဖြူစကားကို ကျော်ဒွန်းသည် ဘာမှပြန်မပြောဘဲ အပြုံးနှင့် ခေါင်းညိတ်ပြလေသည်။

"ဒါနဲ့ မဖြူ မကြာခဏတော့ လာမယ်မဟုတ်လား"

"ဘာဖြစ်လို့လဲ ကိုကျော်ဒွန်း"

"သြော်…ဘာရယ်မဟုတ်ပါဘူး၊ အဟွန်း…မေးကြည့် တာပါ"

"အဟင်း…ဟင်း…ဟင်း ထူးဆန်းလိုက်တာ၊ ပျူလေး လည်း မဖြူကို ခုလိုပဲမေးလိုက်သေးတယ်၊ ကြည့်ရတာက ကိုကျော်ဒွန်းနဲ့ ပျူလေးတို့က စိတ်ချင်းများဆက်နေသလိုပဲ"

"မဖြူကလည်းဗျာ"

www.burmeseclassic.com



ကျော်ဒွန်းမှာ အနေခက်သလို မျက်နှာကြီးလည်း ရဲသွားရကာ...

"ကျွန်တော်ပြောတာ တခြားကြောင့်မဟုတ်ပါဘူး မဖြူမကြာခဏလာတော့ အန်တီလည်း အားရှိတာပေါ့၊ အဲဒါကိုတွေးပြီး ကျွန်တော်က ပြောတာပါ"

"အဟင်း...ဟုတ်ပါပြီရှင်၊ မဖြူကလည်း ကိုကျော်ဒွန်းကို ဘာမှမပြောရပါလား၊ မေမေ့အတွက်လည်း မဖြူ စိတ်မချဘူး ပိုပြီးစိတ်မချတာကတော့ ဟိုကပျူလေးကိုပဲ"

ခွာညိုဖြူမှာ သူမနှင့် ကိုကျော်ဒွန်း စကားပြောနေရာသို့ ရောက်လာသည့် ပျူလေးကို မေးလေးထိုးပြလျက် ပြောလိုက်သည်။

"ဟင်"

ကျော်ဒွန်းမှာ ချာတိတ်မ စိတ်မခိုင်ဘဲ ငိုများနေပြီလားဟု ထင်သည့် အတွေးနှင့် ရင်မှာ ဒိတ်ခနဲ ဖြစ်သွားရသည်။

သို့သော်...

ထင်တော့မထင်ပါ။

စောမင်းပျူဆိုတာက အသည်းမာမာနှင့် မျက်ရည်လွယ်





တတ်သည့် မိန်းကလေး မဟုတ်ဆိုတာ သိရပြန်တော့ စိတ်မှာ သူမအတွက် အေးသွားရပြန်၏။

သို့ပေမယ့် သူမလေးကြည့်ရတာ အစ်မဖြစ်သူအပေါ် မခွဲနိုင်မခွာရက် ဖြစ်နေပုံရလေ၏။

ခွာညိုဖြူ သွားရာနောက်ကို ကလေးတစ်ယောက်လို တကောက်ကောက်လိုက်နေသည့်ပုံကလည်း အသည်းယားချင်စရာ။

ကြည့်တော့ဖြင့် လူက လူကြီးလေးတစ်ယောက်လို သူမငယ်သူမ ပုံဖမ်းထားပေမယ့် သူမ၏ အပြုအမူ အနေအထိုင်များတော့ နည်းနည်းလေးမှ လူကြီးမဆန်။

"ကိုကျော်ဒွန်း"

"ဗျာ"

"ပျူလေးကို မဖြူတော့ ကိုကျော်ဒွန်းလက်ထဲ စိတ်ချလက်ချ အပ်ခဲ့ပြီနော်"

"ဟင်"

"အို"

မဖြူ၏ ပွင့်လင်းလွန်းလှသည့် စကားကြောင့် ကျော်ဒွန်း



www.burmeseclassic.com

www.burmeseclassic.com



သာမက ပျူလေးပင် မျက်နှာတွေကိုယ်စီ မထားတတ်အောင်ဖြစ်လျက် တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ရဲတော့အောင် ဖြစ်သွားရသည်။

တကယ်တော့ ခွာညိုဖြူ ပြောလိုက်သည့်စကားက ရိုးရိုး ဖြစ်ပါသည်။ အကြောက်မရှိသော ပျူလေးကို ခွာညိုဖြူသည် မျက်နှာသာမပေးဘဲ ခပ်တင်းတင်း ပြောဆိုဆက်ဆံတတ်သော ပျူလေးကြောက်ရသည့် ကိုကျော်ဒွန်းလက်ထဲ အပ်ခဲ့ခြင်းသာဖြစ်သည်။

ဒါကိုပင် နှစ်ဦးသား အနေခက်လျက် ကိုယ်စီ မလုံမလဲ ဖြစ်သွားရသူက ကျော်ဒွန်းနှင့် ပျူလေးသာ ဖြစ်သည်။

ဒါကို ရိပ်မိလိုက်သည့် မဖြူမှာ ကျော်ဒွန်းနှင့် ပျူလေးကို တစ်လှည့်စီကြည့်ကာ…

"ဘယ့်နှယ် နှစ်ယောက်သား မျက်နှာတွေ ပျက်သွားကြတာလဲ၊ ဒါပဲနော် မဖြူကတော့ နှစ်ယောက်လုံးကို စိတ်ချလက်ချ မှာခဲ့ပြီးသား၊ ဘာညာအသံတော့ မဖြူ ဘာမှမကြားချင်ဘူးနော်"

ခွာညိုဖြူစကားကို နှစ်ဦးသား အင်းအဲမလှုပ်ကြပါ





ထိုအတူ တစ်ယောက်မျက်နှာကိုလည်း တစ်ယောက် မကြည့်ပါဘဲ ရှိနေလေ၏။

ထိုပုံစံအတိုင်း သူတို့ရှိနေသည်မှာ ခွာညိုဖြူနှင့် ကိုနိုင်လတ် အားလုံးကို နှုတ်ဆက်ကာ သက်ရိပ်မြုံမှ ထွက်သွားတဲ့အထိပင် ဖြစ်တော့သည်။

မှန်သည်။

ကျော်ဒွန်းနှင့် ပျူလေးတို့သည် ထိုနေ့တစ်နေ့လုံး နှစ်ယောက်သား မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေခဲ့သည်က ဘာအကြောင်းကြောင့်မှန်းလည်း သူတို့ကိုယ်သူတို့ မသိကြပါတော့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဟာကွာ"

ကျော်ဒွန်း စိတ်တိုသွားရသည်။

မဖြစ်နေမည်တော့လား၊ မီးဖိုပေါ်က ကြက်သားဟင်းအိုးက ဘာတွေဖြစ်ကုန်ပြီမသိ။ တူးနံ့တွေရကာ အိုးတစ်ခုလုံး ကပ်နေရပြီဖြစ်သည်။

ကျော်ဒွန်း မီးဖိုပေါ်က တူးနေရသည့် ဟင်းအိုးကို အောက်သို့အမြန်ချကာ မီးခလုတ်ကို ပိတ်လိုက်၏။

ထို့နောက်…

ဟင်းအိုးအဖုံးကို ဖွင့်ကြည့်လိုက်တော့…





"ဟင်"

ဟင်းအိုးထဲက ကြက်သားတွေအားလုံး ရစရာမရှိတော့။ အားလုံး တူးနေရပြီဖြစ်သည်။

"ဖျူလေး"

ကျော်ဒွန်းတစ်ယောက် မီးဖိုခန်းထဲကို အကြည့်များဝေ့ဝဲ ကြည့်ရင်း ခေါ်လိုက်ပေမယ့် ဖျူလေးသည်က ဘယ်ပေါက်လို့ ရောက်နေရသည်မသိပါ။

သူမ၏အရိပ်အယောင်ကိုပင် မမြင်ရပါ။

ထိုအခါ…

ကျော်ဒွန်း ဒေါသတွေ ပို၍ပေါက်ကွဲရတော့သည်။

ဒီမိန်းကလေး ဟင်းအိုးတည်ပြီး ဘယ်သွားနေသည်မသိ

လူကတခြား ဟင်းအိုးက တခြားနှင့် နေမှတော့ မီးဖို က ဟင်းအိုး မတူးနေပါတော့မည်လား။

ထိုစဉ်…

နောက်ကအသံ ကြားသောကြောင့် လှည့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

တော့ ပျူလေး သူ့ကို မျက်နက်ဝန်းလေးနှင့် ကြည့်လိုက်၊ သူ့သော တွင် ချထားသည့် တူးကပ်နေသည့် ဟင်းအိုးကိုကြည့်လိုက်နှင့် ရှိနေသည်။

"ဒါ…ဒါ ဘယ်လိုဖြစ်ကုန်တာလဲဟင်"

"ဩော်…ဒါ ဘယ်လိုဖြစ်ကုန်တာလဲ ဟုတ်လာ ဒီစကား ကျုပ်က မင်းကိုပြန်မေးရမှာ၊ ပြောစမ်း ဒါ ဘယ်လို ဖြစ်တာလဲဆိုတာ"

"ဘယ်လိုဖြစ်ရမှာလဲ၊ ကျွန်တော် ဟင်းအိုးပြင်ပြီး တည် တာပဲ"

"ဟ…ဟင်းအိုးပြင်ပြီး တည်ခဲ့ရုံနဲ့ ပြီးမလားကွ၊ ဟင်း တစ်အိုးတည်ပြီး အစအဆုံးကြည့်ရမယ်ဆိုတာ မသိဘူးလား နေပါဦး မင်းက ဟင်းအိုးတည်ပြီး လူက တခြား ဘယ်သွား တာလဲ"

"ကျွန်တော် ခြံထဲဆင်းနေတာ"

"ဘာကွ"

အော်လိုက်သည့် သူ့အသံကြီးကြောင့် ပျူလေး လန့်





သွားရသည်။

"ခြံထဲသွားနေတာ ဟုတ်လား၊ ပြောစမ်းပါဦး ခင်ဗျား က ခြံထဲသွားပြီး ဘာလုပ်နေတာလဲဆိုတာ"

သူမအား တရားခံစစ် စစ်နေသလိုရှိသော ဦးကျော်ဒွန်း ကြောင့် ပျူလေးတစ်ယောက် ဒေါသတွေ ထောင်းခနဲဖြစ်သွားရ ပြီး…

"ဘာလုပ်လုပ်ပေါ့ဗျ၊ ခင်ဗျားကြီး လူကို စစ်လား ဆေးလား လုပ်စရာမလိုပါဘူး"

"လိုတယ်ကွ၊ လိုတယ်၊ ခုကြည့်စမ်း မင်းလုပ်ပုံတွေ မဟုတ်လို့ ဟင်းအိုးတစ်ခုလုံး ရစရာမရှိတော့ဘူး"

သူဖွင့်ပြသည့် ဟင်းအိုးကိုကြည့်ပြီး ပျူလေး မျက်နှာ ပျက်သွားရသည်။ သူပြောသလိုပင် ဟင်းအိုးတစ်ခုလုံး ရစရာ မရှိတော့ပြီ မဟုတ်ပါလား။

သို့သော်…

ပျူလေးသည် သူမအပြစ်ကိုလည်း သူမ လွယ်လွယ်နှင့် ဝန်မခံချင်သည်မို့…



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဒီလိုဖြစ်မယ်မှန်း ဘယ်သိပါ့မလဲ ဗျ"

"သွားပြီ…မင်းက တကယ့်ကို သုံးလို့မရတော့တဲ့ မိန်းကလေး ဖြစ်နေပြီ ပျူလေး"

"ဘာဗျ…ခင်ဗျား ကျွန်တော့်ကို မစော်ကားနဲ့"

ပျူလေးမှာ သူမကို ဒီလောက်ထိ ရက်ရက်စက်စက်ကြီး ပြောရပါ့မလားဆိုကာ ရှက်ဒေါသစိတ်တို့နှင့် အသံများပင် တုန်ခါ သွားရသည်။

"ကျုပ် မင်းကို စော်ကားနေတာမဟုတ်ဘူး၊ ကျုပ်ပြော တာ လွန်လား မလွန်ဘူးလားဆိုတာ မင်းဘာသာမင်း စဉ်းစား ကြည့်လေကွာ၊ ဒီဟင်းအိုးက မင်းအမေအတွက် မဟုတ်လား"

"ဟုတ်တယ်လေ…မေမေ သိပ်နေမကောင်းလို့ မေမေ့ အတွက် ကျွန်တော် ကြက်သားပြုတ်ကြော် လုပ်ပေးနေတာ"

"အေး…ဒါကိုက မင်းမဟုတ်တာ၊ အန်တီ့အတွက် စားဖို့လုပ်ပေးတယ်ဆိုရင်လည်း ကိုယ်တိုင် မီးဖိုဘေးမှာနေပြီး ဟင်းအိုးအစအဆုံး ကျက်သွားတဲ့အထိ နေပါတော့လား၊ ခုတော့





မေမေ့အတွက်ပါဆိုတဲ့ ဟင်းအိုးက ကြည့်စမ်း၊ အန်တီ့ကို ဘယ်လို ကျွေးရတော့မလဲဆိုတာ"

ပြောရင်းက ဒေါသတွေကြီးလာရသော ကျော်ဒွန်းမှာ ဟင်းအိုးကြီးကို စားပွဲပေါ် ဆတ်ခနဲမတင်ရင်းက ပြောပစ်လိုက် သည်။

ဟုတ်ပါရဲ့…ဟင်းအိုးထဲက မေမေ့အတွက် ပျူလေး ကိုယ်တိုင် မလုပ်တတ် လုပ်တတ်နှင့် လုပ်ထားပါသည့် ကြက်သား များက အခုတော့ ဟင်းအိုးထဲတွင် မြင်မကောင်းအောင် မည်းတူး နေရသည်မှာ တူးနံ့တွေက ပျူလေး နှာခေါင်းထဲ ထောင်းခနဲ ဝင်လာရသည်။

သည်ပုံနှင့် မေမေ့ကို ပျူလေး ဘယ်လိုကျွေးရတော့မည် လဲ။

မနေ့ကတည်းက မေမေ နေမကောင်း၍ ဘယ်မှမသွား နိုင်ခဲ့။ ဒီနေ့တော့ ပျူလေးသည် ကိုယ်တိုင် ဈေးသို့သွားကာ မေမေ ပါးစပ်တွေ့စေရန် ကြက်သားပြုတ်ကြော်လေး လုပ်ပေးမည် ဟူသော အစီအစဉ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ မလုပ်တတ် လုပ်တတ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဟင်းအိုးကို သေချာပြင်ကာ မီးဖိုပေါ်တည်ခဲ့သည်က ယခု လို ဖြစ်သွားရခြင်းဖြစ်သည်။

မီးဖိုထဲကို တစ်ယောက်တည်း တစ်ခါမှ ဝင်ခဲ့ဖူးခြင်း မရှိသော ပျုလေးသည် တကယ်တော့ အချိန်အဆ လိုသွားခြင်း သာ ဖြစ်ပါသည်။

ဟင်းအိုးထဲ ရေတွေထည့်ခဲ့သည်က အများကြီးနှ ဒီလောက်မြန်မြန်နှင့် ဟင်းတစ်အိုးကျက်လိမ့်မည် မထင်သော ပျုလေး သည် ခြေဆော့ကာ ဆင်းလာခြင်းက သူမ အမှားပင်ဖြစ်တော့ သည်။

ပျုလေးသည် ဟင်းအိုးကိုကြည့်ကာ မျက်နှာလေး ပျက် နေရတော့သည်။ ဘယ်လိုလုပ်ရတော့မလဲ။ ဟင်းတစ်အိုးလုံးက လည်း ရစရာမရှိ တူးကပ်ကုန်သလို မေမေ့ကို အစားတစ်ခုခု ကျွေးပြီး ဆေးတိုက်ရချိန်ကလည်း နီးပြီဖြစ်သည်။

စိတ်မှာထင်ထားခဲ့သည်က ပျုလေးသည် မေမေ့ ကြက်သားပြုတ်ကြော်လေးကျွေးကာ ကော်ဖီတစ်ခွက်နှင့် ဆေး တိုက်လိုက်မည်လို့ တွေးထားခဲ့ပေမယ့် ခုတော့ ဘယ်မလဲ မေ





ကို ကျွေးစရာ ကြက်သား။

ရှိတော့ရှိပါသည်။ တူးနံ့တွေနှင့် မည်းတူးနေသည့် ကြက်သား။ ဒါတွေကို ပျုလေး မေမေ့ကို ကျွေးရမည်တဲ့လား။

ပျုလေး နာရီကို တစ်ချက်ကြည့်ရင်း သေချင်လောက် အောင် လူက စိတ်ညစ်သွားရသည်။

ကျော်ဒွန်းမှာ သူမအဖြစ်ကို မျက်ခုံးကြီးစုံကုပ်ကာ ကြည့် ရင်း...

"ဘာလဲ...ခုမှ စိတ်ညစ်နေပြီပေါ့လေ ဟုတ်လား၊ မီးကလေးတဲ့ ပြောလို့သာ ယုံရမယ်၊ နေပုံထိုင်ပုံ လုပ်ပုံတွေက တစ်စက်လေးမှကို မိန်းမ မဆန်ဘူး၊ အန်တီတို့တော့ ဒီလိုသမီး မွေးမိတာ မှားတာပါပဲ"

ဟင်းအိုးတူး၍ စိတ်ညစ်ပါသည်ဆိုကာမှ သူမကို လှိမ့် နေသော ဦးကျော်ဒွန်းကြောင့် ပျုလေးသည် သူမအဖြစ်ကို သူမ သိရသည့်ကြားက မခံချင်စိတ်တွေနှင့် ဒေါသတွေဖြစ်သွားရပြီး...

"ဦးကျော်ဒွန်း"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



""ခင်ဗျား ကျွန်တော့်ကို ဆူနေတာလား""

ပျူလေးအမေးကြောင့် ကျော်ဒွန်းမှာ မချင့်မရဲဖြစ်သွားရ ကာ နှုတ်ခမ်းကိုစေ့ပိတ်လျက် ခပ်လွန့်လွန့် ပြုံးမိသွားရကာ…

""မင်း ဘယ်လိုချာတိတ်လဲကွ၊ မင်းကိုဆူနေတာကို ဆူနေလားမေးတော့ ကျုပ် ဘာပြောရမလဲ""

""ဘာမှမပြောနဲ့ ခင်ဗျားကြီးပြောလို့လည်း ရမှာမဟုတ်ဘူ ဒီမှာ ကျွန်တော် ရှင်းရှင်းပြောမယ်၊ ခုချိန် ကျွန်တော် စိတ်တိုနေတာ နော်""

""သြော်…သြော် ခင်ဗျားလေး စိတ်တိုနေတာကို ကျုပ် က ကြောက်ရမယ်ပေါ့၊ အဟွန်း…ဟွန်း မင်းစကားက တော် တော်လည်း ဟုတ်ပါလားကွ""

""ခင်ဗျားနော်""

""အေး…မင်း ကျုပ်ကို အဲဒီလိုပြန်ပြောဖို့ကလွဲပြီး ဘာမှ မသိဘူးမဟုတ်လား၊ ဟွန်း…ညံ့တာကို ညံ့တယ်လို့ပြောရင်လည်း နည်းနည်းမှမကြိုက်ဘူး၊ လုပ်နေပုံကလည်း မျက်စိထဲကြည့်ရတာ တစ်ချက်မှအချိုးမပြေနဲ့၊ မပြောလိုက်ချင်ပါဘူးကွာ""





တကယ်ပင် ကျော်ဒွန်းမှာ သူ့ဒေါသကို သူထိန်းထား နိုင်ဘဲ မချင့်မရဲကြီး ပြောလိုက်တော့ ပျူလေးသည် အနာပေါ် တ်ကျသလို ဆတ်ဆတ်ခါ နာသွားရပြီး…

""ဒီမယ် ဦးကျော်ဒွန်း…ခင်ဗျားကြီး ပြောလို့ပြီးရင်လည်း န်တော် ပြောပါရစေဦး""

""ဘာလဲ…ဘာပြောမလို့လဲ၊ မင်းရဲ့ညံ့ဖျင်းတဲ့အကြောင်း ကို ပြောမလို့လား""

""ခင်ဗျား…ခင်ဗျား ကျွန်တော့်ကို တော်ရုံပဲစော်ကား ၊ ကျွန်တော့်ဘဝမှာ ဒီလိုမျိုး ကိုယ်တိုင် မီးဖိုထဲဝင်ချက်ပြုတ် တယ်ဆိုတာ တစ်ခါမှမရှိခဲ့ဘူး""

""ဘာလဲ…မင်းက ဒါကိုဂုဏ်ယူနေတာလား""

""ခင်ဗျား ကျွန်တော့်ကို မရွဲ့ပါနဲ့၊ ကျွန်တော်က ကျွန်တော် ပ်တတ်တာကို လုပ်တတ်ပါတယ်လို့ ခင်ဗျားကို ညာပြောနေ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို ဘာမှမလုပ်တတ်တဲ့အကြောင်း နေတာ""

""ဟာင်း""



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက မျက်နှာလေးနီရဲနေသော ဖူးလေးကို ကျော်ဒွန်း
တစ်ယောက် စိတ်မသက်သာသလိုကြည့်ရင်း သက်ပြင်းချလိုက်
သည်။

အင်း…ဒီလိုဆိုတော့လည်း သင်းလေးကို သူ အပြ
ပြောလို့မရပြန်ပေ။ လွဲမှားနေသည့် သူမစရိုက်ကို ပြုပြင်ပေးဖို့
သူမလုပ်သမျှကို အပြစ်ဟူ၍မမြင်ရက်ဘဲ ချစ်စနိုးနှင့်သာရှိခဲ့သော
လူကြီးများ၏ အတွေးလွဲမှားမှုကြောင့် သူမလေး ယခုလိုဖြ
သည်ကို သူလည်း သိပါ၏။

သို့ပေမယ်….

သိတယ်ဆိုပြီး သူမကို အလျှော့ပေးဖို့ရာလည်း သူ
မစဉ်းစားပါ။ သူမကို အလိုလိုက်လွန်း၍ ယခုလို မိန်းကလေး
စစ်စစ်ဘဝမှ ဟိုမရောက်ဒီမရောက် ဖြစ်နေရသော အဖြ
ကျော်ဒွန်းသည် သူမလေးအား ညီမလေးတစ်ယောက်လို သ
ထားကာ သူတတ်နိုင်သလောက် ပြုပြင်သွားမည်လို့ ဆုံးဖြတ်
သူလည်း ဖြစ်သည်။

ထို့ကြောင့် ကျော်ဒွန်းသည် သူမလေးနှင့် အရောတ





မနေခဲ့ဘဲ သူ့ဘက်က ခပ်တည်တည်၊ ခပ်မှန်မှန် နေလျက် သူမ
အား ပြောဆိုဆုံးမစရာရှိသည်များကို မျက်နှာမထောက် ပြောဆို
နေရခြင်းဖြစ်သည်။

ဒါတောင် သူမလေးက ခေါင်းမာမာနှင့် ပြန်၍ သူ့ကို
ဂျစ်ကျတတ်သေးသည်မို့ ကျော်ဒွန်း သူမကို နည်းနည်းမှ မျက်နှာ
သာ မပေးရအောင် ရှိနေရသည်မဟုတ်ပါလား။

"အဟွန်း…ဒီလိုဆိုတော့လည်း မင်းက ဘယ်ဆိုးလို့လဲ၊
ကိုယ့်အကြောင်းကိုယ်တော့ ဝန်ခံရဲသွားပဲ၊ ဒါပေမဲ့ မင်းသိထား
ရမှာက မင်းက မိန်းကလေး၊ တစ်နေ့ အိမ်ထောင်ကျခဲ့ရင်…"

"ခင်ဗျားနော်…ဒါ ဘာစကားပြောတာလဲ၊ ကျွန်တော့်
ဘဝမှာ ခင်ဗျားပြောသလို ဘယ်တော့မှ ရှိမလာဘူး သိလား…

အိမ်မှုကိစ္စမတတ်လို့ မိန်းကလေးမပီသလို့ဆိုပြီး အထင်
အမြင်သေးနေတာ ကျွန်တော်သိတယ်၊ ဒါပေမဲ့ ကျွန်တော် ဂရုမစိုက်
ပါဘူး၊ မတတ်တာကို တတ်တယ်လို့လည်း ကျွန်တော် မညာ
ဘူး၊ အိမ်မှုကိစ္စကျွမ်းကျင်ပြီး အိမ်ထဲမှာ တကုပ်ကုပ်နဲ့ လုပ်နေရ
မယ့် အလုပ်မျိုးကိုလည်း ကျွန်တော် ဝါသနာမပါဘူး၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ရှင်းရှင်းပဲ၊ အိမ်မှုကိစ္စတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားနေတာထက် ကျွန်တော့်ဘဝ၊ ကျွန်တော့်ရဲ့အောင်မြင်မှုကို ဘယ်လို ကြိုးစားရှာရမလဲဆိုတာပဲ စဉ်းစားတယ်၊ ခင်ဗျား ကျွန်တော့်ကို နားလည်ချင်မှ နားလည်လိမ့်မယ်၊ ကျွန်တော်က တော့ ကျွန်တော့်ဘဝကို ဘယ်လိုရပ်တည်ရမလဲဆိုတာ နားလည် ပြီးသား''

ကျော်ဒွန်းမှာ သူ့ရှေ့တွင်ရှိနေသည့် ပျူလေးကို တအံ့ တသြ ကြည့်နေမိရသည်။

ကြည့်စမ်း...

ဒီချာတိတ်မရဲ့ အတွေးအခေါ်တွေက ဒီလိုဆိုတော့ သူ ထင်သလောက် မဆိုးသေးပါလား။

မိန်းကလေးမပီသတာ၊ အိမ်မှုကိစ္စ မကျွမ်းကျင် မလုပ် တတ်တာကလွဲလို့ သူမလေးသည် သူမဘဝရဲ့ အောင်မြင်မှုကို ဘယ်လိုကြိုးစားရှာ ရပ်တည်ရမည်ဆိုတာ နားလည်နေသည်ပဲ လေ။

သူမ၏ ဒီခံယူချက်လေးတစ်ခုကပင် ကျော်ဒွန်း ၏





ဝယ် သူမလေးကို အထင်ကြီးမိသွားရသည်။

ပျူလေးမှာလည်း သူမ မပြောချင်သည့် စကားများကို ပြောခွင့်ရလိုက်ရသည်မို့ ရင်ထဲပေါ့ပါးသွားရသလို နေရာမှ လှည့် အထွက်...

''နေဦး''

''အို''

''ဟာ...ဆောရီး''

သူ့ရှေ့က လှည့်ထွက်သွားသည့် ပျူလေးကို ကျော်ဒွန်း မှာ ဆန္ဒစောစွာနှင့် တားလိုက်သည်မှာ သူမလက်ကောက်ဝတ် လေးကို သူ့လက်ကြီးနှင့် တင်းတင်းဆုပ်ကိုင်မိသွားရတဲ့အထိပင် ဖြစ်သည်။

ကျော်ဒွန်းမှာ ပျူလေးလက်ကို လွှတ်ပေးလိုက်ရင်းက သူသည် ဘာမှမဖြစ်သည့်ဟန်နှင့်...

''အန်တီ့အတွက် စားစရာတစ်ခုခု ကျုပ်သွားဝယ်မယ်''

ပျူလေးမှာ နေပါစေလို့ မတားရသေး၊ ကျော်ဒွန်းသည် သူမအနားက ထွက်သွားရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုဆိုတော့လည်း သူမ ဘာဖြစ်ချင်သည်ကို အလိုက်သိလွန်းသည့် ဦးကျော်ဒွန်းကို ပျုလေးသည် စိတ်မှာ ကျေးဇူးတင်မိသွားရသည်။

တစ်ဆက်တည်း ဦးကျော်ဒွန်း ဒီလိုသိတတ်မှုကြောင့် ဖေဖေ မေမေနှင့်တကွ မမခွာညီဖြိုးကပါ သူ့ကို အားကိုးယုံကြည် လျက် အစစအရာရာ သူ့အပေါ် စိတ်ချလက်ချ ရှိနေရတာ အကြောင်းကိုလည်း ပျုလေး နားလည်သွားရသည်။



ဟိုတစ်ခါ ဟင်းအိုးကိစ္စနှင့် ပြဿနာဖြစ်ပြီးကတည်း လေးနှင့် ဦးကျော်ဒွန်းသည် နောက်ရက်တွေမှာ ပြဿနာမဖြစ်မိ တာသလောက် ရှိသွားရသည်။

ဒါကလည်း တစ်ယောက်နှင့်တစ်ယောက် စကားနည်း ဆိုသလို နေသည့်အပြင် နေမကောင်းသည့် မေမေ့ကိုပါ သောကြောင့်လည်းဖြစ်သည်။

မှန်သည်။

ပျုလေးမှာ မေမေ့ကို သူမ တတ်သလောက် ပြုစုလုပ် ပေးသည်မှာ ဒီရက်တွေမှာ မေမေသည် ထူထူထောင်ထောင် လာရပြီဖြစ်သည်။

မေမေ့ကို ပျုလေး ဒီလိုမျိုး ထူထူထောင်ထောင်မြင်မှ လည်း စိတ်ချမ်းသာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါက ပျူလေး မေမေ့အတွက် ရင်မှာ တင်း ထိတ်နှင့် စိုးရိမ်နေခဲ့ရသည်။

တကယ်တော့ မေမေ ခုလိုဖြစ်သွားရခြင်းသည် ဖေဖေ ခွာညိုဖြူအား လွမ်းဖျား ဖျားတာလည်း ပါပါ၏။

လျက် မမခွာညိုဖြူ အိမ်ထောင်ကျ၍ ကိုနိုင်လတ် နောက် အကြောသာ လိုက်သွားရပါသည်၊ ပျူလေးတို့မိသားစုသည် ဘယ် သွားသွား မိသားစုအားလုံးနှင့် စုစုစည်းစည်း အမြဲရှိခဲ့ရသည်။

ယခု မမခွာညိုဖြူကို ဖေဖေ၊ မေမေနှင့် ပျူလေး ပေမယ့် ရင်ထဲတွင်တော့ မမအား အချိန်တိုင်း သတိရနေမိ က မဆန်း။

ဖေဖေက ယောကျ်ားသားမို့ သမီးဖြစ်သူကို လွမ်း မယ့် စိတ်ထဲက ကျိတ်ဖြေနိုင်သလို ပျူလေးကလည်း လူငယ် ကိုယ့်ကိုယ်ကို နေတတ်အောင် နေနိုင်ခဲ့ပေမယ့် အစစအရာ အားကိုးရသည့် သမီးကြီးနှင့် အမြဲလို လက်ပွန်းတတီး ရှိ သည့် မေမေကတော့ လွမ်းသည့်စိတ်ကို မဖြေနိုင်ဘဲ ထိုစိတ် ဖျားခဲ့ရသည်အထိပင် ဖြစ်သည်။





အခုလို ဖျားနာချိန်မှာ မေမေသည် မမကို ပို၍ သတိရ ပါလိမ့်မည်။ သတိရလောက်အောင်လည်း မမသည် အိမ်မှုကိစ္စက အစ စားဖို့သောက်ဖို့နှင့် မိဘများကို ပြုစုတတ်ပုံကို သိပ်ကို တော်လွန်းသည်ပဲလေ။

မမနှင့်စာတော့ ပျူလေးက ဘာမှသုံးမရတော့။ နေမကောင်းသည့် မေမေ့ကို ပြုစုချင်ပေမယ့်လည်း မပြုစုတတ်။ စားမြိန်စရာလေးတွေ ချက်ကျွေးချင်ပေမယ့်လည်း မချက်ကျွေး တတ်။

တစ်ခါတစ်ခါတော့လည်း ပျူလေး သူမအဖြစ်ကို သူမ စိတ်ညစ်ရပါသည်။

ဘာလို့ ငါ ဒီလောက်အသုံးမကျရတာပါလိမ့်လို့လည်း ပျူလေး တွေးမိရသည်က အခါခါ။

နောက်ဆုံး အဖြေမရသည့်အတွေးနှင့်ပင် ပျူလေး ချာချာ လည်ခဲ့ရသည့်အဖြစ်။ ဒီကြားထဲ ဦးကျော်ဒွန်းက ပျူလေးကို ဘာမှသုံးမရဘူး၊ ညံ့သည်လို့ ဆိုလာသောအခါ ပျူလေးရင်ထဲ မခံချင်စိတ်နှင့် ဒေါသတွေ ဖြစ်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမသည် မခံချင်စိတ်နှင့် ဒေါသတွေ ဖြစ်မယ်လို့သာ ဖြစ်နေရပါသည်။ တကယ်လည်း ဦးကျော်ဒွန်း ပြောသလို သူမ ဘာမှအသုံးမကျ။

လုပ်လိုက်တိုင်းလည်း အရာရာနှင့်အကြောင်းကြောင်း ဖြစ်တတ်သူမို့ ကြာတော့ သူမကိုကြည့်ကာ ဦးကျော်ဒွန်းသည် စိတ်မရှည်ရသလိုမျိုး မေမေ နေမကောင်းနေသည့် ရက်များမှာ စားဖို့သောက်ဖို့ကအစ မေမေ့အတွက် တတ်စာကိုပါ သူကိုယ်တိုင် မီးဖိုထဲဝင်၍ ချက်ပြုတ်လေတော့သည်။

မီးဖိုထဲ သူကိုယ်တိုင်ဝင်နေသော ဦးကျော်ဒွန်းကိုကြည့်ကာ ပျူလေး အံ့ဩရပါသည်။ အစက ပျူလေးသည် ဦးကျော်ဒွန်းကို ဒီလိုမျိုး ချက်ပြုတ်တတ်လိမ့်မည်ဟု မထင်ခဲ့ပါ။

သို့သော်...

သူမ မယှုံနိုင်အောင် သူ့လက်ရာတွေက စားလို့ကောင်း လှသောအခါ ပျူလေးစိတ်ထဲ သူ့ကို မချီးကျူးဘဲ မနေနိုင်အောင် ရှိခဲ့ရသည်။

သူ့ကို ချီးကျူးမိရင်းက ပျူလေးတစ်ယောက် သူမကိုယ်





သူမလည်း ရှက်မိရပြန်၏။

အကြောင်းကား...

ယောကျ်ားလေးတစ်ယောက်ဖြစ်သော ဦးကျော်ဒွန်းသည် မိန်းကလေးဖြစ်သည့် ပျူလေးထက်သာစွာ မီးဖိုချောင်ကိစ္စကို နိုင်နင်းနင်း လုပ်တတ်သလောက် ပျူလေးကတော့ ဘာတစ်ခု အဆင်ပြေပြေ မလုပ်တတ်သောအခါ ပျူလေးသည် သူမ ဖြစ်ကို သူမ ရှက်နေလေသည်။

ရှက်ပေမယ့် ပျူလေးသည် မိန်းကလေးတစ်ယောက် တက်သင့်တတ်ထိုက်သည့် အိမ်မှုကိစ္စနှင့် မီးဖိုချောင်အလုပ်များ င်ယူပါတော့မည်လို့လည်း စိတ်မှာ မဆုံးဖြတ်မိ။

ဒီအလုပ်တွေကို ပျူလေးသည် အချိန်ပေးမလုပ်နိုင်ပါ။ ကိစ္စတွေကို လုပ်မည့်အစား ဘဝတိုးတက်ရေးအတွက် အလုပ် ခုကိုသာ ပျူလေး လုပ်လိုက်ချင်ပါတော့သည်။

အိမ်မှုကိစ္စနှင့် မီးဖိုချောင်ကိစ္စဆိုတာ အိမ်ဖော်ခေါ်ထားရင် သည့်ကိစ္စလို့ ပျူလေး ခံယူထားသူဖြစ်သည်။

ထိုခံယူချက်အတိုင်းလည်း ပျူလေးသည် မမရှိစဉ်

www.burmeseclassic.com



ကတည်းက အိမ်ဖော်အကူ ကောင်မလေးတစ်ယောက်လော[...] ခေါ်လိုက်ပါလားလို့ မေမေတို့ကို ပြောခဲ့ပေမယ့် ပျူလေးစ[...] ကို မေမေရော မမခွာညီဖြူပါ လက်မခံခဲ့။

ကိုယ့်အိမ်ကိစ္စ ကိုယ်ကိုယ်တိုင်လုပ်တာသာ စိတ်တိုင်း[...] ပါသည်ဆိုကာ အိမ်မှုကိစ္စနှင့် ချက်ရေးပြုတ်ရေး တာဝန်ကို[...] မေမေနှင့်မမ တက်ညီလက်ညီ လုပ်ခဲ့သည့်အဖြစ်။

ခုတော့ မမခွာညီဖြူ ကိုနိုင်လတ်နှင့် အိမ်ထောင်ကျပြီ[...] ခင်ပွန်းသည်ဖြစ်သူနောက်ကို လိုက်သွားပြီဖြစ်သလို မေမေ[...] လည်း ယခုလို မမာမကျန်းဖြစ်လာသည့်အခါ ထိုကိစ္စအား[...] သည် ပျူလေးအပေါ် စုပြုံရောက်ရှိလာရတော့သည်။

ဒါတောင် ဦးကျော်ဒွန်း ရှိနေ၍သာ တော်ပါတော့သည်[...] ပျူလေးတစ်ယောက်တည်းသာဆိုပါက လူက မလုပ်တ[...] မကိုင်တတ်နှင့် ရှာချာလည်နေမည်လား မသိတော့။

ခု မေမေသည် ပြန်၍ကျန်းမာလာပြီဖြစ်သလို ဦးကျော်ဒွ[...] သည်လည်း ဒီနေ့ ရုံးပိတ်ရက် အိမ်တွင်ရှိနေသည်မို့ ပျူလေးသ[...] မတွေ့တာကြာပြီဖြစ်တဲ့ သူငယ်ချင်းများနှင့် တွေ့ရန်အတွ[...]





အပြင်ကိုသွားရန် ပြင်ဆင်နေလေသည်။

ပြင်နေသည်ဆိုပေမယ့် အထွေအထူးကြီးတော့ဖြင့် မဟုတ်ပါ။ ထုံးစံအတိုင်း သူမကိုယ်ပေါ်တွင် တီရှပ်အဖြူပွပွကြီးနှင့် ဂျင်းနက်ပြာဘောင်းဘီရှည်။

ဆံပင်တိုတိုများကိုတော့ လက်နှင့်တစ်ချက်နှစ်ချက် ဖီလိုက်ရုံနှင့် သူမ ပြင်ဆင်မှုက ပြီးသွားရပြီဖြစ်သည်။

ပျူလေးသည် မှန်ထဲမြင်နေရသည့် သူမရုပ်သွင်ကို တစ်ချက်ကြည့်ပြီး ကျေနပ်သွားသလို အခန်းထဲမှအထွက်…

"ဟင်"

ကျော်ဒွန်း မျက်ခုံးကြီး ပင့်တက်သွားရသည်။ ကြည့်စမ်း စောမင်းပျူ ဆိုသည့် သူမ ဘယ်ကိုသွားမလို့ပါလိမ့်။

ဝတ်စားထားလိုက်တာများ အကျအနပင်။ ဒါ အပြင်သွားမည့်ပုံပေါ့လေ။

သူမ အခန်းထဲက ထွက်အလာကို စာကြည့်ခန်းဝမှနေ ခါးပေါ်လက်ထောက်လျက် မျက်မှောင်ကြီးတွန့်ကာ စူးစူးကြီး စိုက်ကြည့်နေသည့် ဦးကျော်ဒွန်းကို ပျူလေးသည်ကတော့ မြင်မို့



www.burmeseclassic.com

www.burmeseclassic.com



မရဘဲ အောက်ထပ်သို့ဆင်းရန်အလုပ်…

"ဒါက ဘယ်ကိုသွားဦးမလို့လဲ"

"ဟင်"

ကြားလိုက်ရသည့်အသံကြောင့် ပျူလေးအကြည့်များ နောက်သို့ ရောက်ရှိသွားတော့ သူ ဦးကျော်ဒွန်း၊ ခါးကြီးထောက် လျက် မျက်ခုံးကြီးကြုတ်ကာ ပျူလေးအား စူးစူးစိုက်စိုက်ကြီး ကြည့်နေလေသည်။

သူ့ကိုမြင်တော့ ပျူလေး မျက်နှာပျက်သွားရသည်။ သူ ရှိနေသည်ဆိုတာကို သိပေမယ့် ပျူလေးနှင့် ယခုလို ထိပ်တိုက် တွေ့ရလိမ့်မည်ဟု မထင်ခဲ့ပါ။

များသောအားဖြင့် ဦးကျော်ဒွန်းသည် ယခုလို ရုံးပိတ် ရက် သူအိမ်မှာရှိသည့်အချိန်ဆို ခြံထဲမှာမဟုတ် စာကြည့်ခန်းထဲ မှာ အနေများတတ်သူဖြစ်သည်။

အခုလည်း သူ့ပုံစံက စာကြည့်ပြီးလို့ အညောင်းအညာ ပြေ အခန်းထဲက ထွက်လာတာ ဖြစ်ပါလိမ့်မည်။

စာကြည့်ခန်းဝမှာ မားမားကြီးရပ်နေသည့် သူ့ကို ပျူလေး





မမြင်တွေ့ခဲ့သည်ကိုက ပျူလေး၏ ပေါ့ဆမှုသာ ဖြစ်၏။

သူ့အသံကြားပါမှ ပျူလေးသည် သူမအနား သူရှိနေ မှန်း သိလိုက်ရခြင်းဖြစ်သည်။

အင်း….လူ့ခွစာကြီးနဲ့တော့ တွေ့ပြီ၊ သူ ငါ့ကို ဘာ ပြဿနာရှာဦးမလဲ မသိဘူး။

ကြည့်ရတဲ့ပုံစံကတော့ အခြေအနေ သိပ်ကောင်းပုံမရဘူး။ မျက်ခုံးကြီးနှစ်ဖက်တွန့်ကာ မှုန်တည်တည်ကြီးနဲ့ပါလား။

"ဟေး…မေးနေတယ်လေကွာ၊ ဒါက ဘယ်ကိုသွား မလို့လဲဆိုတာ"

"သူငယ်ချင်းတွေဆီ"

"ဘာ…သူငယ်ချင်းတွေ ဟုတ်လား"

"အင်း"

ပျူလေး ခေါင်းညိတ်ဖြေလိုက်သည်။

ထိုအခါ ပိုရှုံ့အုံ့သြရသူက ကျော်ဒွန်းပင် ဖြစ်သည်။ ကြည့်စမ်းပါဦး သူ မအံ့သြဘဲ နေမည်တဲ့လား။ ကိုယ့်အမေ တစ်ယောက်လုံး ကောင်းကောင်းနေကောင်းသေးတာ မဟုတ်ဘဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအချိန်မှာ သူမက သူငယ်ချင်းတွေဆီ သွားဦးမည်ဆိုတာက ဘယ်လောက်များ သူမ မသိတတ်လိုက်ပါသလဲ။

"မင်း နည်းနည်းလေးမှ အလိုက်ကမ်းဆိုး မသိပါလား စောမင်းပျို"

"ဟင်…ဘာလဲ၊ ကျွန်တော်က ဘာအလိုက်ကမ်းဆိုး မသိရတာလဲ"

ပျိုလေးမှာ သူ့အား နားမလည်သလို ပြန်မေးလိုက်လေသည်။

သူမ၏အမေးကြောင့် ကျော်ဒွန်း မျက်နှာကြီး တည့်တင်း ခက်ထန်သွားရပြီး…

"မင်းဆိုတဲ့ မိန်းကလေးက စကားကို တည့်တည့်ပြောမှပဲ သိတတ်မယ့် မိန်းကလေး၊ ခု အန်တီ နေမကောင်းတာ မင်း သိတယ်မဟုတ်လား"

ဩော်…ဒီလူကြီး သူပြောနိုင်တာ ဒါကိုး။ ပျိုလေးသည် နားလည်သွားရပုံနှင့် သူ့အား ခပ်တည်တည်လေး ပြန်ကြည့်လာကာ…





ပျိုလေး သူ့အပေါ် အခုလို ရှောင်နေပြန်တော့လည်း ကျော်ဒွန်းရင်မှာ တစ်မျိုးကြီးဖြစ်လျက် လူက မနေတတ်သလိုလို ရင်မှာ တစ်စုံတစ်ရာ လစ်ဟာနေသလိုလို ကျော်ဒွန်း သူ့ကိုယ်သူ လည်း ဘာတွေဖြစ်နေရသည် မသိကော့ပါ။

သူမနှင့်ပတ်သက်ပြီး သူ့စိတ်မှာ ဝေဒနာတစ်မျိုးကတော့ ခံစားနေရသည်က အမှန်ဖြစ်သည်။

ထိုဝေဒနာ ခံစားချက်သည် ဘာကြောင့်ဖြစ်ရသည်ဆိုတာ လည်း ကျော်ဒွန်း သူ့ကိုယ်သူပင် မသိနိုင်တော့။

သို့သော်…

သေချာသည်ကတော့ ကျော်ဒွန်းရင်ထဲတွင် သူမလေး ကြောင့် ရင်ခုန်သံတွေ မြန်ခဲ့ရသည်ကတော့ အမှန်ဖြစ်၏။

ကြည်စင်ဝင်းပသော မျက်နှာလေးနှင့် ဖူးဥနုထွေးနေရ သော မျက်နှာလေးနှင့် သိပ်လှလွန်းရသော သူမ မျက်နှာလေး သည် သူ့မျက်ဝန်းထဲက မထွက်တော့ပါ။

ဒါက ခုမှမဟုတ်။

ဟိုမရောက်ဒီမရောက်နှင့် ဇွကျကျ သူမလေးကို စတွေ့



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက သူ့ရင်ထဲ သူမမျက်နှာလေး စွဲငြိခဲ့ရသည့်အဖြစ်။

သို့ပေမယ့်…

ကျော်ဒွန်းသည် သူ့ခံစားချက်များကို သူ မျိုသိပ်ခဲ့ပါသည်။ မိဘတွေကိုယ်တိုင်က ကိုယ့်အပေါ် ယုံယုံကြည်ကြည်နှင့် သူ့ေ လေးကို အပ်ခဲ့သည်မို့ ပျိုလေးအပေါ် ကျော်ဒွန်းသည် ကိုယ့်နှမရင်း တစ်ယောက်ကို စောင့်ရှောက်ခဲ့ပါသည်။

သူ့ကိုယ်သူလည်း ဒီထက်မပိုအောင် ကျော်ဒွန်းထိန်းခဲ့ပါ သည်။ မြူစုံသည့် သူမဘဝလေးကို သန့်သန့်ရှင်းရှင်းနှင့် စာနာစွာ သူမလေးဘဝမှန်ကို ပြန်ရောက်စေချင်သည်က သူမလေးအပေါ် သူထားသည့် စေတနာသာ ဖြစ်ပါသည်။

သို့တိုင်…

သူမလေးကတော့ သူ့စေတနာတွေကို နားမလည် လက်မခံခဲ့ပါ။ သူမကို အမြင်မတော်၍ ဆိုဆုံးမနေသည်ကိုပင် မကျေနပ်သလို သူ့အပေါ် နှုတ်ခမ်းတစူစူ၊ မျက်စောင်းလေး တရွယ်ရွယ်နှင့် ရှိခဲ့သည့်အဖြစ်များကို ကျော်ဒွန်းသိပေမယ့် သူကိုယ်တိုင်က ထိုအဖြစ်ကို ဂရုမစိုက်ခဲ့။





တစ်နေ့ သူ့စေတနာကို သူမ သူ့အလိုလိုနားလည်လာ ိမ့်မည်သာ တွေးလျက် သူ့ရင်ထဲက ခံစားချက်များကို ရင်နာနာနှင့် ျိုသိပ်ခဲ့သည့်တိုင် ပျိုလေးကတော့ဖြင့် သူထင်သလို ဖြစ်မလာခဲ့ပါ။

သူမအပေါ်ထားသည့် သူ့စေတနာကို နားမလည်သည့် ပြင် သူ့ကိုပါ ပြန်၍ အရွဲ့တိုက်လာရသောအခါ ကျော်ဒွန်း ိန်းချုပ်ခဲ့ရသမျှ ခံစားမှုများ ပေါက်ကွဲခဲ့ရတော့သည်။

တွေးရင်းက ကျော်ဒွန်း ရင်ထဲ တလှပ်လှပ် လှိုက်ဖိုလာ သည်။

မှန်သည်။

ကျော်ဒွန်းသည် ခေါင်းမာလွန်းသည့် သူမကို ဆုံးမ၍ ကောင်းလားဆိုသည့် ဒေါသစိတ်နှင့် ရင်မှာ မချင့်မရဲ ဖြစ်ခဲ့ သမျှ အစွမ်းကုန်ပေါက်ကွဲခဲ့ရကာ သူမလေးအား သူ ချစ်စကား ခွန်းမှမဆိုပါဘဲ သူသဘော သူ့ဆန္ဒနှင့် နမ်းရှိုက်ခဲ့မိသည် ုတ်ပါလား။

သူမလေးနှင့် ကြုံခဲ့သည့် မိန့်မိန့်မူးမူး ထိုအတွေ့သည် ော်ဒွန်းနှလုံးသားကိုလည်း ယခုထက်တိုင် မတည်ငြိမ်နိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဒွန်း သူမကိုများ ချစ်နေမိပြီလား။ ထိုအတွေးက ကျော်ဒွန်းရင်ထဲ ဝင်လာတာနှင့်ပင် ကျော်ဒွန်းသည် သူ့အဖြစ်ကို လည်း သူ မလုံမလဲဖြစ်ရဟန်နှင့် မျက်နှာကြီး နီရဲသွားရကာ နှလုံးသားမှာ သွေးကြောများ လိုက်ဆူသွားရသည့်အဖြစ်။

သူ့ကိုယ်သူလည်း ကျော်ဒွန်း မညာချင်တော့ပါ။ ယောကျ်ားလေးတစ်ယောက်လို ဘယ်လိုဟန်ဆောင်ထားပါသည့် ကြားက အပြစ်ဆိုရက်စရာမရှိအောင် ဝင်းပနုတွေး ကြည်လင် လွန်းစွာ လှနေရသော သနပ်ခါး မိတ်ကပ်မပါ မျက်နှာပြောင်ရှင်း ရှင်းလေးကပင် တစ်သက်လုံး တည်ငြိမ်ခဲ့သော ကျော်ဒွန်း နှလုံး သားများကို လှုပ်ခတ်နှိုးဆွ သက်ဝင်သွားစေရသည့်အဖြစ်။

ပညာရေးကလွဲလို့ ဘာကိုမှ စိတ်မဝင်စားခဲ့သော ကျော်ဒွန်းအတွက် အချစ်ဆိုတာကို ခွတီးခွကျ ဟိုမရောက် ဒီမရောက် ဖြစ်နေပါသော ဖားတစ်ပိုင်း ငါးတစ်ပိုင်း ဖြစ်နေသည့် ဒီမိန်းကလေး နှင့်တွေ့မှ သူသိလာခဲ့ရသည်ကိုတော့ ကျော်ဒွန်း ဝန်ခံပါ၏။

သည်လို ဟိုမရောက်ဒီမရောက် ဖြစ်နေသည့်ကြားက မိန်းကလေးဇာတိက မပျောက်ချင်သော သူမလေးသည် လူလေးနှင့်





မလိုက်အောင် သူ့အပေါ်စွာလွန်းသည့် ပုံစံလေးကလည်း ကျော်ဒွန်း နှလုံးသားမှာ တွယ်ငြိနေရသည်။

ချစ်သည်။ သိပ်ချစ်ပါသည်ဆိုသော စကားနှင့် မလုံ လောက်အောင် ကျော်ဒွန်းသည် ပျူလေးအား မြင်မြင်ချင်း ချစ်ခဲ့ ပေမယ့် အခြေအနေ၊ အချိန်အခါနှင့် အကြောင်းအမျိုးမျိုးကြောင့် ကျော်ဒွန်း သူ့ခံစားချက်များကို မျိုသိပ်ကာ သူမအား ရှုရှည်တည် မျက်နှာထားကြီးနှင့် သူမလေးကို ဂရုမစိုက်သလို ပြောဆိုဆက်ဆံ မိသမျှ ပျူလေးကတော့ သူ့အပေါ် နားလည်မှုလွဲစွာ အမုန်းကြီး မုန်းနေရသည့် အဖြစ်ကိုလည်း ကျော်ဒွန်း ရင်နာနာနှင့်ပင် သိခဲ့ရ ပါသည်။

သို့သော် ကျော်ဒွန်းသည် သူမကိုဖြင့် ဘာဖြေရှင်းချက်မှ မထုတ်ခဲ့ပါပေ။ သူမလေးသည် သူ့အဖို့ လှမ်းယူရန် မသင့်သည့် ပန်းလေးမှတ်ကာ သူ့ရင်ထဲကဆန္ဒတွေကို ကျော်ဒွန်းအတတ်နိုင်ဆုံး ထိန်းချုပ်ခဲ့သည့်ကြားက ယခုတော့...

ပျူလေးရယ် မင်း မောင့်ကို မုန်းနေပြီ။ စိတ်နာနေပြီဆိုတာ မောင်သိပါတယ်ဗျာ။ ဒါပေမယ့် မင်းလေးကို မောင် ချစ်ခဲ့တာ

www.burmeseclassic.com



တော့ အမှန်ဆိုတာ မောင်သစ္စာဆိုဝံ့တဲ့သူဆိုတာ မင်းလေး မောင့် အချစ်တွေကို သိနားလည်လိုက်ပါတော့လား ပျူလေးရယ်ဟုသာ ကျော်ဒွန်းစိတ်မှာ မချင့်မရဲ ညည်းညူလိုက်မိသည်။



"ပျူလေး"

"ဟင်"

ခေါ်သံနှင့်အတူ သူမရှေ့ ဝိတ်ရပ်လာသူကို မြင်လိုက်ရ တော့ ပျူလေးတစ်ယောက် ဟန်မဆောင်နိုင်အောင်ပင် မျက်နှာ ပျက်သွားရသည်။

မှန်၏။

ပျူလေး တွေ့လိုက်ရသူက သူမရှောင်ပုန်းခဲ့ပါသည့် ကျော်ဒွန်းရယ်ဖြစ်သည်။

သူ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ ပျူလေးရင်မှာ ထိတ်ခနဲ ခုန်သွားရသည်။

ကြည့်စမ်း...

www.burmeseclassic.com

www.burmeseclassic.com



ပျူလေး မတွေ့ချင်ပါဆိုသည့် သူနှင့်မှ ဘယ်လို ရှောင်လွှဲလို့မရ တည့်တည့်လာဆုံနေရသည့်အဖြစ်လောက် စိတ်ညစ် စရာမရှိတော့။

သူခေါ်သည်ကို မထူးဘဲ ပျူလေးသည် သူ့အနား ရှောင်ထွက်သွားရန်အပြင်…

"ဟိတ်…ခေါ်နေတယ်လေကွာ"

"အို"

အကြည့်စူးစူးတို့နှင့်အတူ ပျူလေးအား နေရာမှ သွား မပေးဘဲ သူ့ကိုယ်ကြီးနှင့် ကာရပ်ထားသည့် ဦးကျော်ဒွန်းကြောင့် ပျူလေး နှုတ်ခမ်းလေး ဖိကိုက်မိသွားရသည့်အထိ ဒေါသဖြစ်သွား ရပြီး…

"ခင်ဗျားနော်…ဖယ်"

စိတ်ဝယ် မကြည်လင်ရသော အတွေးနှင့် ဒေါသစိတ် ကြောင့် ပျူလေးအသံသည် တင်းမာနေရသည်ကိုလည်း သူမကိုယ်သူမ သိပါသည်။

သို့သော်…





ခုချိန်တွင် ပျူလေးတစ်ယောက် ဘာကိုမှ ဂရုမစိုက်ချင် တော့ပါ။ ထို့အတူ သူ့မျက်နှာချော‌ချောကြီးကိုလည်း ပျူလေး မကြည့်ချင်တော့။

ပြောရလျှင် ပျူလေးသည် သူနှင့် မျက်နှာချင်းမဆိုင်ချင်သလို သူ့စကားသံများကိုလည်း မကြားချင်တော့ပါ။ ပျူလေးစိတ်မှာ သူ့ကို ခါးသီးစွာ နာကျင်မုန်းမိနေရသည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ပျူလေးသည် ယခုလို သူနှင့် မရှောင် သာဘဲ တွေ့ရသည့်အခါ မကြည်လင်ရသော စိတ်နှင့် သူ့အား ရှောင်ထွက်သွားရန် ပြင်ခြင်းဖြစ်သည်။

ဒါကိုလည်း ကျော်ဒွန်းသိပါ၏။ သိလို့လည်း တမင်ပ သူမ သွားမည့်လမ်းရှေ့က သူပိတ်ရပ်ထားခြင်းဖြစ်သည်။

တကယ်တော့ ကျော်ဒွန်းသည် သူမကို အခု နှစ်ယောက်တည်းတွေ့ရဖို့အရေး သူ့ဘက်က အလုပ်ပျက် အကိုင် ပျက်ခံကာ ထိုအခွင့်အရေးကို သူစိတ်ရှည်ရှည်နှင့် စောင့်ခဲ့ရခြင်း ဖြစ်သည်။

သူမျှော်လင့်သည့်အတိုင်းလည်း တစ်ရက်မှာတော့ ပျူလေး



www.burmeseclassic.com

www.burmeseclassic.com



ကို သူ အခုလိုတွေ့ခွင့်ရခြင်းဖြစ်၏။

ဒါကြောင့်မို့ ကျော်ဒွန်းသည် ထိုရသည့်အခွင့်အရေးကို နည်းနည်းမှ လက်လွှတ်မခံဘဲ ပျူလေးအား သူရင်ဆိုင်လိုက်လေသည်။

"ပျူလေး ကိုယ့်ကို ဘာလို့ရှောင်နေတာလဲ"

သူမေးပေမယ့် ပျူလေး သူ့စကားကို အင်းအဲမလှုပ် ကျောက်ရုပ်လေးလို ငြိမ်သက်နေရာမှ နှုတ်ခမ်းဖူးဖူးအိအိ ထွေးထွေးလေးကိုသာ သွားချွန်ချွန်လေးနှင့် တင်းတင်းကြီး ဖိကိုက်ထားလိုက်သည်။ ပျူလေးဘက်က ထိုသို့ သွေးအေးတည်ငြိမ်လွန်းနေလေလေ ကျော်ဒွန်းရင်မှာ စိုးရိမ်မှုများဖြင့် ဟန်မဆောင်နိုင်အောင် မျက်နှာပျက်လာရလေလေ ဖြစ်သည်။

ပျူလေးကို ကြည့်တာနှင့် သူမလေး သူ့အပေါ် ဘယ်လောက်ထိ နာကျင်စိတ်ဆိုးနေပြီမှန်းလည်း ကျော်ဒွန်း သိလိုက်တော့ ရင်အစုံမှာ မခံမရပ်နိုင်အောင် နာကျင်သွားရသည်။

"ပျူလေး"

"မခေါ်နဲ့…ခင်ဗျာအသံကို မကြားချင်ဘူး၊ ခင်ဗျားကို





မုန်းတယ်"

ဖျတ်ခနဲဆိုသလို သူ့အား မျက်ဝန်းစိမ်းများနှင့် နာနာကျင်ကျင် ရှိသွားစေရပါသည်။

"ကိုယ်ရှင်းပြပါရစေ ပျူလေး၊ တကယ်တော့ အဲဒီနေ့က"

"အို…တော် ခင်ဗျားဘာမှ မပြောနဲ့၊ ခင်ဗျားအသံကိုကော ခင်ဗျားမျက်နှာကိုကော ကျွန်တော် မမြင်ချင်ဘူး၊ ခင်ဗျားဟာ အလကားလူ၊ အခွင့်အရေးသမား၊ ခင်ဗျားကြီးကို ကျွန်တော် ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ မုန်းတယ်၊ ခင်ဗျားကြီးကို သိပ်မုန်းတယ်၊ အဟင့်…ဟင့်…ဟင့်"

ရင်မှာ ခံစားရမှုများ ပေါက်ကွဲရသလို ကျော်ဒွန်းအား အမုန်းမျက်ဝန်းစိမ်းစိမ်းကြီးများဖြင့် ကြည့်ကာပြောရင်း မျက်ရည်များက သူမပါးပြင်ထက် ပိုးပိုးပေါက်ပေါက် ကျဆင်းလို့လာရသည်။

မျက်ရည်ခိုင်လွန်းသည့်သူမ အခုလို သူ့ရှေ့မျက်ရည်ကျသည်ကိုမြင်တော့ ကျော်ဒွန်း နှလုံးသားများ ခံနိုင်ရည်မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမလေး သူ့ကို သိပ်နာကြည်းမုန်းတီးသွားပါလား ဆိုသော အတွေးက သူ့ရင်ကို ဘယ်လိုမှ ဖြေသိမ့်ပေးနိုင်စွမ်း မရှိနိုင်တော့။

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးကျနေသည့်ကြားက သိပ်လှလွန်းနေရသော ချစ်သူလေး၏ မျက်နှာနုနုထွေးထွေးလေးကို ကျော်ဒွန်း မမှိတ်မသုန် မျက်ဝန်းများဖြင့် ငေးစိုက်ကြည့်နေမိလိုက်သည်။

တစ်ဆက်တည်း သူ့ရင်ထဲတွင် တွေးနေရသည်ကလည်း ပျူလေးရင်ထဲက အမုန်းများကို သူဘယ်လိုဖြေသိမ့်ရမလဲဆိုသည့် အတွေးပင်ဖြစ်သည်။

သို့သော်…

ချစ်သူလေးသည် ခုချိန်မှာ သူဘာပြောပြော သူမလေး လက်ခံလိမ့်မည်မဟုတ်ပါ။ ဒါကိုလည်း ကျော်ဒွန်းသိနေရ… လွန်သည်က သူ့အမှားပင် ဖြစ်ပါသည်။ ချစ်စကားတစ်ခွန်း… မဆိုပါဘဲ သူမလေးကို သူပိုင်ချစ်သူ ရည်းစားတစ်ယောက်သဖွယ် မပြောမဆို ဖွတ်ကြီးနမ်းရှိုက်ပစ်ခဲ့သည့်အဖြစ်က ပျူလေးသူ့ကို





မုန်းမိစေရသည့်အဖြစ်။

"ကိုယ့်အပေါ် ပျူလေး သိပ်မုန်းနေပြီဆိုတာ ကိုယ်သိပါပြီ ပျူလေးရယ်၊ ဒါပေမယ့် ကိုယ်ပျူလေးအပေါ် အဲဒီလိုပြုမူဆက်ဆံ ခဲ့တာတွေဟာ ပျူလေးကို အထင်သေးတဲ့စိတ်နဲ့ အခွင့်အရေးယူခဲ့ မိတာမဟုတ်ပါဘူး၊ ကိုယ့်ရင်ထဲမှာ ပျူလေးအပေါ် အချိန်ကြာမြင့်စွာ ဖြစ်တည်ခဲ့တဲ့ အချစ်ကြောင့်ဆိုတာ ပျူလေးနားလည်ပါ"

"ဟင်"

သူ့စကားကို ပျူလေး အံ့ဩရသလိုမျိုး ငိုရှိုက်နေရာမှ ငိုလူးနေသော မျက်တောင်ရှည်များပင့်မလျက် သူ့အား ကြည့်လာ လေသည်။

"အပျှန်း…ကိုယ့်စကားကို ပျူလေး ခုလိုကြားရင် အံ့ဩ မယ်ဆိုတာ ကိုယ်သိပါတယ်ဗျာ၊ ဒါပေမယ့် ဒါတွေဟာ ကိုယ့်ရင်ထဲ က ခံစားနေရတဲ့ ခံစားချက်စကားတွေဆိုတာ ပျူလေးယုံပါ၊ ကိုယ် ပျူလေးကို သိပ်ချစ်တယ်"

"ဗျာ"

ထိတ်လန့်သံလေးနှင့်အတူ အံ့ဩပါသည်ဆိုကာမှ ပို၍



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသွားရသူက စောမင်းပျူရယ်ဖြစ်သည်။

မထင်ခဲ့ပါ။

ဦးကျော်ဒွန်းသည် ပျူလေးကို ချစ်နေလိမ့်မည်လို့ သူမ နည်းနည်းလေးမှ မထင်ခဲ့။ ထင်ရန်လည်း အကြောင်းမရှိပါ။

အဘယ်ကြောင့်ဆိုသော်...

သူမအား တွေ့လိုက်တိုင်း ရှုတည်တည်မျက်နှာကြီးနှင့် အမြဲလို ရန်လိုနေတတ်သူက ပျူလေးကို ချစ်နေသည်တဲ့လား။

အယင်း...ရယ်စရာတော့ ကောင်းပါရဲ့။ အပျော်အပြက် တခြားစကားကို ကြားရင်တောင် ပျူလေးသည် အခုလို ရယ်မိမည် မဟုတ်ပါ။

ခုတော့ ပျူလေးကို ချစ်ပါသည်ဆိုသော သူ့စကားက ထိုရယ်စရာပြက်လုံးထက်ပင် ပို၍ရယ်ဖို့ကောင်းနေရသည် မဟုတ် ပါလား။

တွေးရင်းက ပျူလေးသည် မချိပြုံးတစ်ချက်ကို ပြုံးလိုက်မိ လေသည်။ ဦးကျော်ဒွန်း သူမကို သက်သက်အထင်သေး၍ ဒီစကား ပြောတာပါလားဆိုသည့် အတွေးကလည်း သူမရင်တစ်ခုလုံးကို





ခံမရပ်နိုင်အောင်ဖြစ်စေလျက် စူးရှနာကျင်သွားစေရပါသည်။

ဦးကျော်ဒွန်းလို အစစအရာရာ စည်းစနစ်ကြီးလွန်းသည့် သူက ပျူလေးလို ခွတီးခွကျ ဘာမှမလုပ်တတ် မကိုင်တတ်နှင့် သူ့မျက်စိထဲတွင် ဘာအထင်ကြီးစရာမရှိသည့် ပျူလေးလို မိန်းကလေးတစ်ယောက်ကို ချစ်ပါသည်ဆိုတဲ့စကားကတော့ ပျူလေးအဖို့ နားရှိလို့သာ ကြားရသည့်စကားပင်ဖြစ်သည်။

"တကယ်ပါပျူလေး...ကိုယ့်စကားကို ပျူလေးပြက်ရယ် မပြုပစ်ပါနဲ့၊ ပြီးတော့ မယုံကြည်လည်းမဖြစ်ပါနဲ့၊ ကိုယ် ပျူလေးကို တကယ်ချစ်ခဲ့တာပါ၊ ချစ်တာမှ ပျူလေးကို မြင်မြင်ချင်း ကိုယ်ချစ် သွားခဲ့မိတာပါ"

ယုံလိုက်ချင်ပါသည်။ ပျူလေး သူ့စကားများကို ယုံပစ် လိုက်ချင်ပါသည်။ သို့သော် ယုံ၍မရသည်က ခက်လေ၏။

ဦးကျော်ဒွန်း၏ စကားများသည် ပျူလေးရင်ကို ကြည်နူး တုန်ပုံ့စေရမည့်အစား သူမနှလုံးသားများကို မခံမရပ်နိုင်အောင် နာကျင်ကြေကွဲစေရသည်က သူ ဦးကျော်ဒွန်း သူမကို အထင်အမြင် သေးကာ ဒီစကားပြောသည်ဟု သူမစိတ်မှာ ထင်သောကြောင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ယုံကြည်ကြည့်ပေမယ့်လည်း ယုံကြည်၍မရသောအခါ ပျူလေးရင်ထဲ နာကျင်မှုအမုန်းများသော ပိုလာခဲ့ရတော့သည်။

"ပျူလေး…ကိုယ်"

"တော်…တော်ပါတော့ ဦးကျော်ဒွန်းရယ်၊ ခင်ဗျားရဲ့ ဟန်ဆောင်လိမ်ညာစကားတွေကိုလည်း ကျွန်တော်မကြားပါရစေနဲ့တော့၊ အပြစ်လုပ်ပြီးမှ ပျားရည်နဲ့ ဝမ်းချချင်တာ ဘာသဘောလဲ၊ ခင်ဗျားအပြစ်တွေကို ဒီစကားမျိုးပြောလိုက်တာနဲ့ ကျေအေးသွားနိုင်မယ်လို့ ခင်ဗျားထင်နေလား၊ ဒါဆို ခင်ဗျားအတွေးမှားသွားပြီ ဦးကျော်ဒွန်း၊ ခင်ဗျားအပေါ် ကျွန်တော်အထင်ကြီးခဲ့မိသမျှ အလကားပဲ၊ ပြီးတော့ ခုလို ခင်ဗျားရဲ့စကားကိုကြားတော့ ခင်ဗျားအပေါ်မှာ ကျွန်တော်ပိုလိုတောင် မုန်းသွားပြီ၊ သွားပါ ခင်ဗျား ကျွန်တော့်ရှေ့က သွားပါတော့၊ ခင်ဗျားကို ခင်ဗျားကို ကျွန်တော် မမြင်မတွေ့ပါရစေနဲ့တော့ ဦးကျော်ဒွန်း၊ ခင်ဗျားကြီးကို ကျွန်တော် သိပ်မုန်းတယ်၊ မုန်းတယ်၊ အဟင့်…ဟင့်…ဟင့်"

ငိုရင်းရှိုက်ရင်း အမုန်းစကားတွေဆိုရင်းက ပျူလေးသည်





ဦးကျော်ဒွန်းရှေ့မှနေ လှည့်အထွက်…

"ပျူလေး"

"ကဲဟယ်"

"ဖြန်း"

"ဟင်"

မထင်မှတ်ထားသည့်အဖြစ်မို့ ကျော်ဒွန်းမှာ အံ့ဩသွားရသလို သူဆုပ်ကိုင်ထားမိသည့် ပျူလေးလက်ကို ဖျတ်ခနဲလွှတ်ပေးလိုက်တော့ ပျူလေးသည်လည်း အယောင်ယောင်အမှားမှားနှင့် ဦးကျော်ဒွန်းကို ပြန်ကြည့်မိသွားရသည်။

ဘုရားရေ…

ပျူလေး မျက်ဝန်းလေးပြူးလျက် နူတ်မှ ဘုရားကိုသာ တ,လိုက်မိသည်။

အကြောင်းမှာ…

အရှိန်နှင့်ရိုက်လိုက်သည့် သူမလက်ချက်ကြောင့် ဦးကျော်ဒွန်း၏ ပါးပြင်တစ်ခုလုံးသည် နီမြန်းနေရတော့သည် မဟုတ်ပါလား။

ထိုအခါတော့လည်း ပျူလေးသည် သူမလွန်သွားပြီလား



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အတွေးနှင့် မျက်နှာလေးပျက်သွားရပြန်၏။

သူ့ကိုကြည့်လိုက်တော့ ဦးကျော်ဒွန်းသည် ပျူလေးအ
ရင်နာရသလို အကြည့်ရူးရူးနင့်နင့်ကြီးများနှင့် ကြည့်လာရင်း—

"ကိုယ်သိပါပြီ ပျူလေးရယ်၊ ပျူလေး ကိုယ့်ကို သိမ်
ကြည်းမုန်းတီးနေတယ်ဆိုတာ ကိုယ်သိလိုက်ပါပြီ၊ မှားခဲ့တဲ့အ
တွေအတွက်လည်း ပျူလေးကို ကိုယ်တောင်းပန်ပါတယ်၊ ပြီးတော
ဒီနေ့ကစပြီး ပျူလေး စိတ်ချမ်းသာပါတော့၊ ပျူလေး မမြင်ချ
မတွေ့ချင်တဲ့ ကိုယ့်ကို ပျူလေးခုချိန်ကစပြီး မမြင်မတွေ့ရတော့
ဆိုတာ ကိုယ် ပျူလေးကို ကတိပေးပါတယ်ဗျာ"

ခြေဖြာရင်းက ပျူလေးမျက်နှာကို ရိုသေစူးရှသော ခံစားရ
များ လေးနက်လွန်းနေရသည့် မျက်ဝန်းတည်တည်ရူးရူးကြီး
တစ်ချက်စိုက်ကြည့်ရင်း သူမအနားမှနေ ခြေလှမ်းကျဲကြီးများ
လှည့်ထွက်သွားသော ဦးကျော်ဒွန်း၏ နောက်ကျောမြင့်မြင့်မာ
ကြီးကို ကြည့်ပြီး ဘာကြောင့် ထိခိုက်ကြေကွဲသွားရသည်ကို ပျူ
ကိုယ် ပျူလေး မသိသည့်တိုင် သူမပါးပြင်ထက် မျက်ရည်
ကတော့ဖြင့် တလိမ့်လိမ့်စီးကျလျက် ရှိနေရတော့သည်။



## အခန်း (၁၁)

ပျောက်သောသူ ရှာရင်တွေ့ဆိုသည့် စကားပုံရှိခဲ့ပေမယ့် တကယ်တမ်းမှာတော့ ပျူလေးသည် ဦးကျော်ဒွန်းနှင့် ပတ်သက်သည့်သတင်းကို ဘာတစ်ခုမှ စုံစမ်း၍ မရခဲ့ပါ။

သူမ မမြင်မတွေ့စေချင်သည့် သူ့ကို မမြင်မတွေ့စေရပါတော့ဟုဆိုပြီးကတည်းက ဦးကျော်ဒွန်းတစ်ယောက် ပျူလေးမျက်စိရှေ့အောက်ကနေ ပျောက်ကွယ်သွားခဲ့သည်မှာ ခုဆိုရက်လေးများပင် ကြာခဲ့ရပြီဖြစ်သည်။

သူများ ရှိလေမလားဆိုသည့် အတွေးနှင့် ပျူလေး သူ့အလုပ်ကို လိုက်သွားပြန်တော့လည်း သူမ တွေ့ချင်သည့် သူ့ကိုကား မတွေ့ခဲ့ရ။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်က ခွင့်ယူသွားသည်ဟု ဆိုခဲ့သည်။

ထိုအခါ ရင်မောခဲ့ရသူက ပျူလေးဖြစ်သည်။

မှန်သည်…

ပျူလေးသည် ဦးကျော်ဒွန်း မရှိမှ သူ၏ တန်ဖိုးများကို ပို၍သိလာရသည်။

အကြောင်းမှာ…

သူမကို ကောင်းစေချင်သည့် စေတနာနှင့် နေရာတကာ အမှန်းခံပြီး လိုက်၍ပြောဆိုတတ်သော ဦးကျော်ဒွန်းကို ပျူလေးသည် အခုမှ သူ့စေတနာတွေ ပို၍ နားလည်လာခဲ့ရသည်။

နားမလည်၍လည်း မရတော့ပါ။

ဦးကျော်ဒွန်း အိမ်မှာရှိစဉ်တုန်းကတော့ ပျူလေးသည် မမခွာညိုဖြူမရှိပေမယ့် မမခွာညိုဖြူကိုယ်စား ဦးကျော်ဒွန်းကပင် အစစအရာရာ အားလုံးကို မိန်းမကြီးတစ်ယောက်သဖွယ် သူက အားလုံးစီမံလုပ်ကိုင်ပေးသွားသည်မို့ ပျူလေး ဒီလောက်ထိ မပင်ပန်းခဲ့ရပါ။

ခု သူမရှိတော့ အားလုံးပျူလေးတာဝန်ဖြစ်ကာ ပင်ပန်းခဲ့





သည်။ ဒါကပင် သူ့တန်ဖိုးကို ပျူလေးပို၍သိစေရသည့်အဖြစ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်ပါ။

အို…အစစအရာရာ အားလုံး သူမရှိမှ သူ့တန်ဖိုးကို ပိုပို နားလည်သိလာရသလို ပျူလေး သူ့အပေါ် ဆိုးခဲ့၊ အနိုင်ယူခဲ့သည်များက အခုအခါ သူမ မျက်စိထဲ တရေးရေး ပြန်ပေါ်လာရတော့ ပျူလေးရင်မှာ နင့်ခနဲ ဖြစ်သွားရသည်။

ဦးကျော်ဒွန်းရယ်…

ပျူလေးတစ်ယောက် မရည်ရွယ်ပါဘဲ နှုတ်ကနေ ဦးကျော်ဒွန်းအမည်အား ခပ်တိုးတိုး ရေရွတ်မိလိုက်၏။

သူရှိစဉ်တုန်းကတော့ သူမကို နေရာတကာ ဆရာလုပ်တတ်သူအဖြစ် သူ့ကို ကြည့်လို့မရအောင် ရှိခဲ့ပေမယ့် အခု သူမနားတွင် သူ မရှိတော့ပါလားဆိုသည်ကို တွေးမိပြန်တော့ ပျူလေးရင်မှာ ဆူးရှရှ။

ဒါ ဘယ်လိုဖြစ်ရတာပါလိမ့်။

သူမကိုယ် သူမလည်း ပျူလေးနားမလည်နိုင်တော့ပါ။ ဘာကယ်ဆို သူမမုန်းသည့်သူ၊ သူမအနားမှာ အခုလို မရှိသည်ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



ပျူလေး ပျော်ရ၊ ကျေနပ်ရမှာဖြစ်ပါရက်နှင့် ယခုဘာကြောင့် ပျူလေး ဒီလိုမပြုံးပျော်နိုင်ရတာလဲ။ ပျူလေး သူမကိုယ် သူမလည်း နားမလည်နိုင်တော့ပါ။

ဦးကျော်ဒွန်းနှင့် ပတ်သက်လို့ ရင်မှာ အတွေးများစွာနှင့် ရှုပ်ထွေးနေရသည် မဟုတ်ပါလား။

သူမရှိတော့လည်း ပျူလေးသည် သူ့ကို လွမ်းမိရသလိုလို သတိရသလိုလိုနှင့် အလိုလိုတွေက များနေခဲ့ရသည်။

သူ့အကြောင်းကိုတွေးရင်းက ပျူလေးသည် သူနေသွားသည့် အခန်းလေးထဲ့ ရောက်ရှိလာခဲ့သည်။

"အို"

ကြည့်စမ်းပါဦးတော့...

ဦးကျော်ဒွန်းနေသည့် အခန်းလေးသည် ယောကျ်ားလေး တစ်ယောက် နေသည့်အခန်းပါဆိုတာ ကျိန်၍ပြောရမည်အထိ တစ်ခန်းလုံး သူ့နေရာနှင့်သူ သန့်ရှင်းသပ်ရပ်လျက် အားလုံး စည်းစနစ်တကျ ရှိနေသည်မှာ မိန်းကလေးတစ်ယောက်နေသည့် အခန်းထက်ပင် သာလွန်နေရသည်ပဲ။





ဦးကျော်ဒွန်းရယ် ခင်ဗျားကြီး ကျွန်တော့်အပေါ် ဘယ် လောက်ထိ သည်းခံနိုင်တယ်ဆိုတာ အခု ခင်ဗျားအခန်းရဲ့ စည်း နစ်ကျမှုကိုကြည့်ပြီး ကျွန်တော် သိလိုက်ရပါပြီဗျာလို့သာ ပျူလေး တ်မှာ ဆိုလိုက်မိသည်။

တစ်ဆက်တည်း ပျူလေးသည် သူမ အမှားများကိုလည်း ကျော်ဒွန်းအား သူမ တောင်းပန်ချင်လာရ၏။

သူမအမှားများကို သိလာရလေလေ ပျူလေးသည် စ်ချိန်က သူမအမှားများအတွက် ရှက်လာရလေလေဖြစ်သည်။

ရှက်စိတ်နှင့်အတူ ပျူလေး နောင်တလည်းရမိပါ၏။ ခုချိန် ကျော်ဒွန်းသာ သူမကို မြင်မည်ဆိုပါက သူမ၏ ပြောင်းလဲနေ ဖြစ်တဲ့ အပြုအမူပုံစံများကြောင့် သူ အံ့ဩမည်က အမှန်ဖြစ် ည်။

မှန်သည်။

ပျူလေး တစ်ယောက် ဦးကျော်ဒွန်း အိမ်မှာ မရှိတော့ ည့်နောက်ပိုင်းမှစလို့ သူမသည်လည်း ဘယ်သူမှ ပြောင်းလဲဖို့ ာင်းဆိုပါဘဲနှင့် ပျူလေးဘာသာ သူမစိတ် သူမသဘောနှင့်



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်လောက်အောင် ပြောင်းလဲခဲ့ရသည်မှာ အခုအခါမှာတော့ သူမသည် တကယ့်ကို မိန်းကလေးအသွင်အပြင်နှင့် အပြုအမူ အပြောအဆိုတွေကပါ အားလုံး မိန်းမဆန်ဆန် ပြောင်းလဲခဲ့ရသည်မှာ မယုံနိုင်စရာ။

ခုချိန်မှာ ပျူလေးသည် သူဖြစ်စေချင်သလို လိမ္မာနေရ ပြီဆိုတာ ဦးကျော်ဒွန်း သိအောင် ပျူလေး ဘယ်လိုပြောရမလဲ။

ပျူလေးကို ခုလိုပြောင်းလဲလိမ္မာစေဖို့ ဘယ်သူကမှ ပြော တာမဟုတ်ပါဘဲ ပျူလေးစိတ်ထဲကိုက လိုလိုချင်ချင် ပြောင်းလဲ ချင်လာရသည့်အဖြစ်။

တကယ်တော့ ဒါတွေအားလုံးသည် သူမကို မိန်းကလေး ပီသစေချင်သော လိမ္မာယဉ်ကျေးစေချင်သော ဦးကျော်ဒွန်းကြောင့် ဆိုတာကိုတော့ ပျူလေးသည် သူမကိုယ်သူမသာ အသိဆုံး ဖြစ် ပါလိမ့်မည်။

ပျူလေး ဒီလိုပြောင်းလဲရသည်ကို ဖေဖေ မေမေနှင့် မမခွာညိုဖြူနှင့် သူငယ်ချင်းတွေအားလုံးကပါ ပျူလေး အပြင် မယုံနိုင်အောင် ဖြစ်ခဲ့ရပေမယ့် ပျူလေးသည် ဘယ်သူ့ကိုမှ





မတိုက်နိုင်တော့ပါ။

သူမစိတ်ထဲတွင် ရှိနေရသည်က သူမ မုန်းလှပါသည် ဆိုသော ဦးကျော်ဒွန်းပင် ဖြစ်သည်။

မုန်းသည်။

ပျူလေးမှာ သူမခွင့်ပြုချက်မရဘဲ သူမကို ပိုင်စိုးပိုင်နင်းနှင့် နှုတ်ခမ်းလေးများ နာကျင်အောင် နမ်းရှိုက်ခဲ့သော ဦးကျော်ဒွန်းကို နာကြည်းမှု ရှက်ကြောက်စိတ်များနှင့် မုန်းတီးစွာ ပါးရိုက်ခဲ့ပြီးနောက် ဦးကျော်ဒွန်း သူမ မျက်စိရှေ့မှောက်ကနေ ပျောက်ကွယ်သွားသည့်အချိန်ကစလို့ သူမ ရင်ထဲတွင် မှားသွားပြီလား လွန်သွားပြီလားဆိုသည့် နောင်တအတွေးဖြင့် ရှိခဲ့ရသည်။

သူ မရှိတော့မှ ပျူလေးသည် သူ့ကို တွေ့ချင်လာရသည်။ သူ့စကားသံတွေ မကြားရပါတော့မှ ပျူလေးသည် သူမကို ဆိုဆုံးမတတ်သည့် သူ့စကားသံတွေကို ကြားချင်လာရသည်။ သူ့ဂရုစိုက်မှုတွေ မရှိတော့သည့်အခါမှာမှ ပျူလေးရင်ထဲ သူ့ဂရုစိုက်မှုများကို လိုချင်တောင့်တလာရသည်။

ဘုရားရေ…



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ ဘာကြောင့် ဒီလိုဖြစ်ရသည်လဲ။

ထိတ်လန့်သော အတွေးနှင့် ပျူလေးသည် သူမစိတ်ကို သူမ မယုံနိုင်အောင် ဖြစ်ခဲ့ရပေမယ့် တစ်ဆက်တည်း သူမ သိလိုက်သည်ကလည်း ပျူလေးသည် ဦးကျော်ဒွန်းကို သူမ အနားမှာ အမြဲရှိနေစေချင်သည့်ဆန္ဒပင်ဖြစ်သည်။

ထိုအတွေးကပင် ပျူလေးကို ရှက်အားပိုစေရပေမယ့် ပျူလေး သူမရင်ထဲက ဆန္ဒကိုလည်း မကွယ်နိုင်ပါတော့။

အတူရှိနေတုန်းက မတည့်ပေမယ့် အခုလို သူမ ရှိတော့ လွမ်းနေရခြင်းသည် ပျူလေး ဦးကျော်ဒွန်းအား ချစ်မိနေသောကြောင့်ပင်ဖြစ်သည်။ ပျူလေးသည် ရင်မှာ ရှက်ရွံ့ခြင်းများစွာနှင့် သိလိုက်ရပြီဖြစ်သည်။

ပျူလေးတစ်ယောက် သူမကိုယ်သူမလည်း ဒီထက် ပို မညာချင်တော့ပါ။ သိစိတ်က ဦးကျော်ဒွန်းကို မုန်းပါသည်၊ ကြည့် လို့မရပါဆိုပေမယ့် မသိစိတ်ထဲကနေ ချစ်မိနေရသော ဦးကျော်ဒွန်း ကတော့ သူမရင်ထဲ နေရာယူထားရပြီဖြစ်သည်ကို ပျူလေးသည် သူမကိုယ်သူမလည်း နောက်ကျမှ သိခွင့်ရခဲ့သည့်အဖြစ်။





ဦးကျော်ဒွန်းရယ် ပျူလေးကို ရှင် မမြင်ချင် မတွေ့ချင် တော့လောက်အောင် မုန်းသွားပြီလားရှင်။ ရှင့်ပါးကို ရက်ရက် က်စက် ရိုက်ခဲ့တဲ့ ပျူလေးကိုရော ရှင် ခွင့်မလွှတ်နိုင်တော့ဘူး ား။ နောင်တအများတွေနဲ့ ရှင့်ပြန်အလာကို အချစ်တွေနဲ့ စောင့် ြိုနေတဲ့ ပျူလေး ရှိနေသေးတယ်ဆိုတာ ရှင်သိရင် သိပ်ကောင်း ာပဲ ဦးကျော်ဒွန်းရယ်။

ခုတော့ ပျူလေးကို ချစ်ပါတယ်ဆိုတဲ့ ရှင်က ပျူလေးကို ားရစ်ခဲ့ပြီး ဘယ်ကိုများ သွားနေတာလဲ ရှင်ရယ်။ ပြန်လာပါ တော့၊ ပျူလေးအနားကို ရှင်ပြန်လာပါတော့။ ပျူလေး ရှင့်ကို ွမ်းလှပြီ။ သိပ်လွမ်းနေရပါပြီ ရှင်ရယ်။

ဦးကျော်ဒွန်း မရှိတော့ပေမယ့် သူ့အခန်းကို သူ ရှိစဉ်က ိုင်း လက်ရာမပျက် ဒီအတိုင်းထားလျက် အခန်းသန့်ရှင်းရေး သူမကိုယ်တိုင် နေ့တိုင်းဝင်လုပ်ပေးထားသည်မို့ ဦးကျော်ဒွန်း န်းသည် သူရှိစဉ်ကအတိုင်း သန့်ရှင်းသပ်ရပ်နေရသည်။

ပျူလေးသည် ဦးကျော်ဒွန်း အခန်းဝမှနေ အတန်ကြာ သက်စွာကြည့်ပြီး ရင်မှာ သူ့အားလွမ်းရသမျှ စကား

www.burmeseclassic.com



တစ်ယောက်တည်း ခပ်တိုးတိုးရေရွတ်ရင်း ဦးကျော်ဒွန်းအား လွမ်းလျက်ရှိနေရလေသည်။

ပျူလေးတစ်ယောက် ဦးကျော်ဒွန်း သူမ အနားမှာ မရှိပေမယ့် သူရှိနေသလို သူ့အကြိုက်အတိုင်း နေခဲ့ပါသည်။ ခုနေများ ဦးကျော်ဒွန်းသည် ပျူလေး၏ ပြောင်းလဲနေရသည့် ပုံစံကိုသာ သူမြင်ရပါလျှင် ဘာပြောမည်မသိပါ။

သေချာသည်က ဦးကျော်ဒွန်းသည် ပျူလေးကို ကြည့်ကာ အံ့သြနေမှာက အမှန်ဖြစ်သည်။

' ဦးကျော်ဒွန်းရယ် ပျူလေးကို ရှင် တကယ်မေ့သွားပြီလား၊ ရက်စက်သွားပြီလား ရှင်ရယ်။ ပျူလေး ရှင့်ကို အချစ်ဆုံးနဲ့ ကြိုဆိုနေတယ်ဆိုတာ ရှင် ဘာလို့များ မသိရတာလဲ ရှင်ရယ်။ အဟင့်…ဟင့်…ဟင့်။



"ပျူလေး"

"ဟင်"

ခေါ်သံနှင့်အတူ အနားရောက်လာသူကြောင့် ပျူလေး သူမမျက်စိကိုပင် သူမ မယုံနိုင်အောင် ဖြစ်သွားရသလို ရင်မှာလည်း ပျော်ရွှင်လှိုက်ဖိုမှုများဖြင့် ရင်ခုန်သံတွေ တဒိတ်ဒိတ်မြန်လာရကာ နှုတ်မှလည်း…

"ဦး…ဦးကျော်ဒွန်း"

ပျူလေးမှာ သူမအား မမြင်ဖူးသည့် လူတစ်ယောက်လို မှိတ်မသုန် မျက်ဝန်းများဖြင့် ငေးငေးကြီး စိုက်ကြည့်နေသော ဦးကျော်ဒွန်းကိုကြည့်ရင်းက ခေါ်လိုက်သည်။

"အဟွန်း…ဟုတ်ပါတယ် ပျူလေး၊ ကိုယ် ကျော်ဒွန်း



www.burmeseclassic.com

www.burmeseclassic.com



ပါ''

''အို…ဦးကျော်ဒွန်းရယ်''

ပျော်ရွှင်မှုများကြောင့် လှိုက်ဖြာသွားရသော အသံနှင့်အ…
ပျူလေးသည် သူ့မစိတ်ထဲ အချိန်နှင့်အမျှ သတိရတမ်းတနေရသည့်
ဦးကျော်ဒွန်းကို သူမ မျက်စိရှေ့ အခုလို တွေ့လိုက်ရသောကြော…
ဝမ်းသာဝမ်းနည်းစိတ်နှင့် ဟန်ပင်မဆောင်နိုင်တော့ဘဲ သူ့ရင်ခွင်…
ကျယ်ကြီးထဲသို့ သူမကိုယ်လေး တိုးဝင်မိလျက်သား ရှိသွား…
သည်။

''အဟွန်း…ပျူလေးရယ်ဗျာ''

ကျော်ဒွန်းမှာလည်း ချစ်သူလေး၏ အပြုအမူအတွေ…
ရင်မှာ ပျော်ရွှင်ကြည်နူးခြင်းများစွာနှင့် သူ့ရင်ခွင်ထဲ တိုးဝင်လာ…
သည့် ချစ်သူကိုယ်လေးကို တင်းတင်းကြီး ပွေ့ဖက်ထားရင်းက…
ကြည်နူးခြင်းများစွာဖြင့် ပြုံးမိသွားရသည်။

သူ့မျက်နှာချောချောကြီးကို ကြည့်မည်ဆိုလျှင် ကြည်နူး…
ခြင်း၊ ပျော်ရွှင်လှိုက်ဖိုခြင်း၊ ရင်ခုန်ရခြင်းများစွာနှင့် သူ့အဖြစ်…
လည်း သူ အံ့သြရသလို အပြုံးများ ဖုံးလွှမ်းလျက်ရှိနေရသည်…





ရင်ခုန်သံတွေ မြန်ဆန်နေရသည့်အဖြစ်။

''ပျူလေး…မောင့်ကိုကြည့်ပါဦးဗျ''

''အို''

လက်လေးအစုံနှင့် သူ့ကျောပြင်ကြီးအား မမီမကမ်း ပြန်လည်သိုင်းဖက်ရင်းက သူ့ရင်ခွင်ထဲ မျက်နှာလေးဝှက်ထားပါသည့် ပျူလေး ပျူလေးမျက်နှာလှလှလေးကို ကျော်ဒွန်းသည် အပြုံးချောချောကြီးနှင့် သဘောကျစွာကြည့်ရင်းက ရင်မှာ ချစ်မြတ်နိုးခြင်း ပြည့်လျှံနေရပါသည့်ခေါ်သံနှင့် သူမမျက်နှာလေးကို ဆွဲယူမော့စေလိုက်သည်။

ထိုအခါ…

ပျူလေးသည် ရှက်အားပိုသွားရပုံနှင့် သူ့လက်များကို ဖယ်ရှားရင်းက သူမမျက်နှာလေးက မော့မလာပါတော့။

သူမ ဒီလိုရှက်သွေးဖြာနေလေလေ ကျော်ဒွန်း ရင်မှာလည်း မချင့်မရဲ အသည်းယားယားကြီးနှင့် သူမမျက်နှာလေးကို ပိုရှုကြည့်ချင်လာရလေမို့ ရှက်အားပိုနေသည့် ချစ်သူလေးကို တင်းခဲ တစ်ချက်ဖျစ်ညှစ်ရင်းက အားမလိုအားမရ လေသံကြီးနှင့် သူမ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလှလှလေးနားသို့ သူ့မျက်နှာကြီး တိုးကပ်ကာ…

"ဟိတ်…ဘာလို့ မျက်နှာကြီး ငုံ့ထားရဘာလဲကွ၊ မော့ပါဦး၊ မောင့်မှာ ခင်ဗျားလေးမျက်နှာကိုမြင်ရဖို့ ဘယ်လောက် ခရီးရှည်ဝေးကြီးက လာရသလဲဆိုတာ"

"ဟင့်အင်း…ပျူလေး ရှက်တယ်"

"ဘာရယ် ပျူလေး၊ မောင့်ကို ချစ်တယ် ဟုတ်လား"

"သွား…သူနော်"

"အဟွန်း…ဟွန်း…ဟွန်း"

ကြားပါရက်နှင့် တမင်မကြားဟန်ဆောင်ကာ သူ ကြားချင်သည့်စကားကို လိုရာဆွဲပြောနေသည့် ဦးကျော်ဒွန်းကို ပျူလေးသည် ရှက်ရှက်နှင့် သူ့ရင်ဘတ်ကြီးအား သူမ လက်သီးဆုပ်လေးနှင့် ခပ်ဖွဖွထုရိုက်လိုက်ပြီး…

"သူနော်…ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ သူများ ရှက်နေတာကို"

"အဟွန်း…ဘာဖြစ်လဲ၊ သူများရှက်တာပဲ၊ ပျူလေး ရှက်တာမှ မဟုတ်တာ"





"သူနော်"

သူမအား ခပ်တည်တည်ကြီး စနေသော ဦးကျော်ဒွန်းကို ပျူလေးသည် ရှက်မျက်နှာရဲရဲလေးနှင့် အော်လိုက်သည်။

"ကောင်မလေးနော်…ကျုပ်တစ်ယောက်လုံးရှိရက်နဲ့ ဘယ်က သူလဲ"

"ကြည့်ကွာ"

"စိတ်ချ…ကြည့်မယ်၊ ကြည့်ချင်လို့လည်း ဟောဒီက မောင့်ချစ်သူ မျက်နှာလှလှလေးကို မောင် ကြည့်ခွင့်တောင်းနေတာပေါ့ဗျ"

ပြောရင်းက ပျူလေးမျက်နှာကို ဖွတ်ဆွဲယူမော့နေတော့ ပျူလေး၏ ရှက်မျက်နှာလှလှလေးသည်လည်း ခပ်မော့မော့လေး ရှိလာရ၏။

"လှလိုက်တာ၊ သိပ်လှပါလား၊ ပြောစမ်း မောင်မရှိတုန်း ခင်ဗျားလေး ဘာလို့ ဒီလောက်သိပ်လှသွားတာလဲဆိုတာ"

"အို"

ပျူလေး မျက်နှာလှလှလေးကို အပြုံးခပ်လွန့်လွန့်ကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်မခတ်စတမ်း စိုက်ကြည့်ရင်းက ပြောလိုက်ပါသည့် ဦးကျော်ဒွန်း စကားကြောင့် ပျူလေး မနေတတ်အောင်ဖြစ်သွားကာ ရှက်စိတ်များက ရင်မှာပိုလို့ ကြီးစိုးသွားရသည်။

"အဟွန်း…ပြောလေဗျာ၊ ခင်ဗျားလေး ဘာလို့ ဒီလောက်တောင် သိပ်လှသွားတာလဲလို့ မောင်မေးနေတယ်လေ"

သည်တစ်ခါတော့ဖြင့် ပျူလေးသည် သူ့အကြည့်များကို မရှောင်လွှဲတော့ပါ။ ရှက်မျက်နှာရဲရဲလေးနှင့်ပင် သူ့ကို ပြန်လည်၍ ခပ်ပြုံးပြုံးလေး ကြည့်လာပြီး…

"အဲဒါ မောင့်ကြောင့်"

"ဗျာ"

"ဘယ်လို…ဘယ်လို‥ဘယ်သူ့ကြောင့်"

ကျော်ဒွန်းမှာ သူများ နားကြားလွဲသည်လား အထင်နှင့် ထပ်မေးလိုက်တော့ ပျူလေး မျက်နှာ ပိုရဲသွားကာ…

"မောင့်ကြောင့်…မောင့်ကြောင့် ဟောဒီက မောင့်ကြောင့်ပေါ့"

"အဟွန်း…ပျူလေးရယ်ဗျာ"





ချစ်သံစဉ် နွေးလျှလျှကြီးနှင့် ကျော်ဒွန်းသည် ချစ်သူ
းကို ရင်ခွင်မှာ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။

ကျော်ဒွန်း သူ့အဖြစ်ကိုလည်း သူ အိပ်မက်ပမာ မယုံ
အောင် ဖြစ်နေရသည်။

မှန်သည်။

ပြောရလျှင် ကျော်ဒွန်းသည် ချစ်သူလေးကို အခုလိုပုံစံ
မြင်ရတွေ့ရ ချစ်ခွင့်ရလိမ့်မည်လို့ သူ နည်းနည်းမှမထင်ခဲ့ပါ။

အချိန်ကြာမြင့်စွာ ခွဲနေရသည့် ချစ်သူ၏မျက်နှာလှလှ
းကို မြင်ချင်တွေ့ချင်စိတ်များ ထိန်းချုပ်၍မရနိုင်သည့်အဆုံး
ကျော်ဒွန်းသည် ချစ်သူရှေ့မှောက်ကို ဆိုက်ဆိုက်ရောက်ရှိခဲ့ရသည့်
ဖြစ်ကပင် ယခုလို သူ မထင်မှတ်ဘဲ သူမလေး၏အချစ်ကို
ဆိုင်ခွင့်ရလိုက်ခြင်းဖြစ်သည်။

ပိုင်ဆိုင်ခွင့် မရနိုင်တော့ပါလို့ ထင်မှတ်ခဲ့ရသည့် ပျူလေး
ထဲက အချစ်များကို ကျော်ဒွန်းသည် ယခုလို ပိုင်ဆိုင်ခွင့်ရလိုက်
င်းကိုပင် သူ့ရင်ထဲ ဘာနှင့်မှ နှိုင်းယှဉ်ဖော်ပြလို့မရသည့်
ကြည်နူးခြင်း၊ ချစ်ခြင်းအဟုန်ဖြင့် ရင်မှာ ပီတိများ



www.burmeseclassic.com

www.burmeseclassic.com



ဖြာနေရသည်မှာ မျက်နှာချောချောကြီးမှာ ပြုံးနေရသည့်အဖြစ်။

"ပျူလေး"

"ရှင်"

"အပွန်း…မောင့်ချစ်သူလေးက လိမ္မာလိုက်တာဗျာ"

ပြောရင်းက ပျူလေးနဖူးကို ဖျတ်ခနဲ ငုံ့နမ်းလိုက်တော့ ပျူလေး ရှက်သွားရကာ…

"ဘာလဲ…မောင်က ပျူလေးကို မလိမ္မာဘူးထင်နေ လား"

"မထင်ပါဘူးဗျာ၊ ဟောဒီက မောင့်ချစ်သူလေး လိမ္မာ လို့သာ"

စကားကိုပြောရင်းမှ ရပ်သွားပြီး ပျူလေးမျက်နှာကို ချ ရည်ရွှန်းသော အပြုံးကြီးနှင့် စိုက်ကြည့်လာတော့ ပျူလေးသ သူ့အကြည့်များကြောင့် မနေတတ်အောင် ဖြစ်သွားရပြီး…

"လိမ္မာလို့သာ ဘာဖြစ်လဲ၊ ဆက်ပြောလေ"

"အပွန်း…ပွန်း…မောင့်ချစ်သူလေး လိမ္မာလို့ ဟောဒီကောင်မလေးကို မောင် တွေ့ချင်မြင်ချင်တဲ့ ပုံစံအတိုင်း





တွေ့ရမြင်ရတာပေါ့ဗျ"

ပျူလေး နှာခေါင်းကို ခပ်ဖွဖွဆွဲညှစ်ရင်းက မချင့်မရဲ အပြုံးလွန့်လွန့်ကြီးနှင့် ဆိုလိုက်တော့ ပျူလေးမှာ ပါးပြင်လေး ရဲတက်သွားကာ…

"သွားပါနော်…ပျူလေးကို သူ ပစ်ထားပြီးတော့များ"

မျက်စောင်းလေးထိုးရင်းက ဝမ်းနည်းသလို ပျူလေး ဆိုလိုက်သည်။

ကျော်ဒွန်းမှာ ပျူလေး၏ မျက်ရည်စများကိုမြင်တော့ မျက်နှာကြီးပျက်လျက် ပျာသွားရကာ…

"ဟော့…ဟိတ်…ဟာ ဘယ့်နှယ်ငိုနေရတာလဲ ပျူလေး ရယ်၊ မောင် ပျူလေးကို ပစ်မထားရပါဘူးကွာ"

"မောင်နော်…ပျူလေးကို ရက်ရက်စက်စက် ပစ်သွား တာ၊ ထားခဲ့တာ မဟုတ်ဘူးလား"

"ဟော်ဗျာ…ခင်ဗျားလေးက ဒါကိုစိတ်ဆိုးနေတာကိုး၊ မောင် ပျူလေးကိုထားသွားတာ မချစ်လို့မဟုတ်ဘဲ၊ မောင့်ကို ခင်နေရင် ပျူလေး စိတ်ဆင်းရဲမှာစိုးလို့ မောင် သိပ်ချစ်တဲ့ ပျူလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ရင်နာနာနဲ့ခွဲပြီး ရှောင်သွားခဲ့ရတာ ခင်ဗျားလေးမှမသိဘဲ"

"ဟင့်အင်း…မသိဘူး၊ ပျူလေး ငိုချင်တယ် သိလား အဟင့်…ဟင့်…ဟင့်"

မောင့်ရင်ထဲ အချစ်များကို သိရလေလေ ပျူလေးသည် တစ်ချိန်က မောင့်အပေါ် ဆိုးခဲ့သည့်အဖြစ်များအတွက် စိတ် မကောင်းရလေမို့ ရင်မှာ ဝမ်းနည်းစိတ်နှင့် မျက်ရည်တွေက ပါး ထက် တားဆီးမရနိုင်အောင် ဗိုဗိုပေါက်ပေါက် ကျနေရတော့သည်

"ကြည့်စမ်းကွာ…ဘာလို့ ဒီမျက်ရည်တွေ ကျနေ လဲ၊ တိတ်နော်…တိတ်၊ ပျူလေး မျက်ရည်တွေမြင်တော့ မော ဘယ်လိုစိတ်ချမ်းသာနိုင်မှာလဲ၊ တိတ်နော်၊ အဟွန်း…မောင် သိပ်ချော့တတ်တာ မဟုတ်ဘူးဗျ"

နီရဲစိုဥနေရသော နှုတ်ခမ်းဖူးဖူးလေးကို ဖျတ်ခနဲ ငုံ လိုက်ရင်းက မျက်ရည်များ စိုလူးနေရသည့် ပျူလေးပါးပြင်ပေါ် မျက်ရည်စက်များကို ကျော်ဖွန်းသည် သူ့ပါးပြင်ကြီးနှင့် ပွတ် ကာ ဆိုလိုက်လေသည်။

သည်လိုကျတော့လည်း ပျူလေးသည် မောင့်ကို





မဆင်းရဲစေချင်သည်မို့ မောင့်အလိုကျ မျက်တောင်ရှည်ကြီးများ တဖျပ်ဖျပ်ခတ်လျက် မျက်ရည်တွေကို သိမ်းဆည်းပစ်လိုက်သည်။

"ကဲ…မော့စမ်းပါဦးကွာ၊ မောင့်ချစ်သူမျက်နှာလေးကို လည်း မောင် ကြည့်ပါရစေဦး"

ပျူလေးမှာ ရှက်ပြုံးလှလှလေးနှင့် မောင့်ကို မော့ကြည့် လိုက်သည်။

ထိုအခါ…

မောင်သည် ပျူလေးအား ချစ်မဝနိုင်သော အကြည့်များ ဖြင့် ပျူလေးအား တစိမ့်စိမ့်ငေးစိုက်ကြည့်ရင်း…

"ချစ်တယ် ပျူလေးရယ်၊ သိပ်ချစ်တယ်ဗျာ၊ မောင်လေ ပျူလေးအချစ်ကို ခုလိုပိုင်ဆိုင်ရလိမ့်မယ်လို့တောင် မထင်ထားခဲ့ ဘူး"

"ဘာလို့လဲ မောင်"

"ခင်ဗျားလေးက မောင့်ကို မုန်းနေခဲ့တာမဟုတ်လား"

"ဘယ်သူပြောလဲ မောင့်ကိုမုန်းတယ်လို့"

"ဟင်…ဒါဖြင့် ပျူလေး မောင့်ကို အရင်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



မမုန်းခဲ့ဘူးပေါ့ ဟုတ်လား"

"အင်း"

"ပျူလေး"

"နေဦးလေ မောင်ရယ်၊ ပျူလေး စကား ဆုံးအောင် နားထောင်ပါဦးကွယ်၊ ပျူလေး မောင့်ကို အရင်က မုန်းတယ်လို့ ထင်ခဲ့တာက ပျူလေးစိတ်ကို ပျူလေး နားမလည်ခဲ့တာ၊ တကယ်တော့ ပျူလေးရဲ့ မသိစိတ်ထဲမှာ မောင့်ကို တိတ်တခိုး ချစ်နေခဲ့တယ်ဆိုတာ နောက်မှ ပျူလေးလည်း ကိုယ့်ကိုယ်ကို သိခဲ့ရတယ် မောင်"

"ပျူလေးရယ်"

ကြည်နူးမှုပီတိများကြောင့် ကြက်သီးများပင် ဖြန်းဖြန်း သွားရသည့်အထိ ရင်မှာ ပျော်ရွှင်လှိုက်ဖိုသွားရသော ကျော့်ရှင်း မှာ ပျူလေးကိုယ်လေးအား အားမလိုအားမရဖြင့် တင်းတင်းကြီး ပွေ့ဖက်ဖျစ်ညှစ်ပစ်လိုက်သည်။

"လွှတ်…မောင်ရယ်၊ ပျူလေး မနေတတ်တော့ဘူး သိလား"





"အဟွန်း…မောင် မင်းလေးကို သိပ်လွမ်းနေတာ မင်းလေး မသိဘူးလား"

"သိမလား…သူပဲ လူကို ထားသွားပြီးတော့"

"ထားသွားတယ်လို့တော့ မပြောပါနဲ့ဗျာ၊ အဲဒါ ခင်ဗျား လေးကို သိပ်ချစ်ရလွန်းလို့ပါ"

"တော်ပါနော်…ချစ်တဲ့လူလား ထားသွားတာ"

"ကောင်မလေးနော်…မောင့်ကို ဒါပဲပြောနေ၊ အားလုံး မောင် ရှင်းပြထားရက်နဲ့၊ ပြောစမ်း မင်းလေးရော မောင့်ကို မလွမ်း ဘူးလားဆိုတာ"

လွမ်းပါသည်။ လွမ်းသည့်မှာ ရင်တစ်ခုလုံး ကျွမ်းမြေ့ မတတ် လွမ်းရပါသည်ဆိုတာ မောင့်ကို ပျူလေး ပြောလိုက်ချင် ပါတော့သည်။

သို့သော်…

ပျူလေးမှာ ထိုစကားအား မောင့်ကို မပြောဖြစ်ပါ။ သူမ ကို ထားသွားရက်သူအဖြစ် မောင့်ကို ရင်မှာ မကျေမနပ်ဖြစ်နေရ ဆဲမို့ နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ရင်းက မောင့်ကို မျက်စောင်း



www.burmeseclassic.com

www.burmeseclassic.com



ဝန်းစူးစူးလေးဖြင့် ခပ်တည်တည်ပြန်ကြည့်နေသော မောင်သည် ပျူလေး အပြုအမူအတွက် အသည်းယားသွားရသလို…

"ဟေး…မေးတာဖြေလေကွာ၊ မောင့်ကို မလွမ်းဘူးလား ဆိုတာ"

နဖူးချင်းတေ့ကာ မျက်ဝန်းချင်းဆုံအောင် ကြည့်လျက် မေးတော့ ပျူလေး နှလုံးသွေးကြောလေးတွေ လှုပ်ခတ်တုန်ခါ သွားရပြီး…

"မောင့်ကိုလွမ်းလွန်းလို့ ပျူလေး ငိုခဲ့ရတဲ့နေ့တွေကို မောင်မှမသိဘဲ"

"ပျူလေး…ပျူလေးရယ်ဗျာ"

ပျူလေး၏စကားများသည် သူ့ရင်ထဲကိုသာမက သူ့ နှလုံးသားထဲထိတိုင် အနက်ရှိုင်းဆုံး ထိုးဖောက်ဝင်ရောက်သွား သည့်အခါ ကျော်ဒွန်းရင်ဝယ် ပီတိလှိုင်းများဖြင့် သိမ့်သိမ့်တုန်ခါ သွားရတော့သည်။

ထို့အတူ…

ချစ်သူလေး၏ နွေးနွေးထွေးထွေး ကိုယ်အိအိလေးကို





လည်း မလွှတ်တမ်း တင်းတင်းကြီး ပွေ့ဖက်ထားလိုက်သည်မှာ ပျူလေး သူ့ရင်ခွင်ထဲတွင် အသက်ရှူမှားသွားရတဲ့အထိပင်။

"ချစ်တယ် ပျူလေးရယ်"

"ပျူလေးလည်း မောင့်ကို သိပ်ချစ်ပါတယ်ရှင်"

စူးရှစိုလက်နေသော ချစ်မျက်ဝန်းစိုစိုကြီးများနှင့် မောင့် အကြည့်ကို ပျူလေးသည် ရင်ခုန်ခြင်းများစွာဖြင့် ခပ်မော့မော့ လေး ပြန်ငေးစိုက်ကြည့်ရင်း ချစ်ခြင်းများ ပြည့်လျှံနေရသည့် မောင့်ရင်ခွင်ထဲ သူမကိုယ်လေး တိုးဝင်ခိုနားလိုက်တော့ မောင် သည်လည်း ကြင်နာနွေးထွေးစွာဖြင့် သူမအား ပွေ့ဖက်ထားလေ သည်။

"မောင်"

"ဗျာ"

"အဟင်း…မောင့်ကို ပျူလေး မေးစရာရှိတယ်၊ ပျူလေး မေးတာကို မောင် မှန်မှန်ဖြေရမယ်နော်"

ချစ်စဖွယ်အပြုံးလှလှလေးနှင့် သူ့အား မျက်ဝန်းလေး ထောင့်ကပ်ကာ အသည်းယားစဖွယ် မေးနေသော ပျူလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဒွန်းသည် မြတ်နိုးခြင်းများစွာနှင့် ပိုရှ်ပွေ့ဖက်ပစ်လိုက်ပြီး…

"အဟွန်း…ဟွန်း…ကဲ ဆိုစမ်းပါဦး၊ ခင်ဗျားလေးက မောင့်ကို ဘာမေးမလို့လဲဆိုတာ"

"ပျူလေးကို မောင် ဘယ်အချိန်က စချစ်မိတာလဲ ဆိုတာ"

"ဟောဗျာ…အဟွန်း မောင်က ဘာများလဲလို့၊ မင်းလေးကို မောင် ဘယ်အချိန်က စချစ်ရသလဲဆိုတာ မင်းလေး တကယ် မသိဘူးလား"

"ဟင့်အင်း"

ပျူလေးသည် မောင့်အား ပြုံးပြုံးလေးကြည့်ရင်းက ကလေးတစ်ယောက်နှယ် ခေါင်းလေး ခါယမ်းပြလိုက်မိသည်။

"ဟောဒီက ဟိုမရောက်ဒီမရောက် ဖားတစ်ပိုင်း ငါးတစ်ပိုင်း ကောင်မလေးကို စမြင်ရကတည်းက မင်းလေးကို မောင် သိပ်ချစ်သွားရတယ်ဆိုရင် မင်းလေးယုံမလားဗျာ"

"မောင်ရယ်"

ပျူလေးသည် ရင်ဝယ် ကြည်နူးချမ်းမြေ့ခြင်းများစွာနှင့်





မောင့်ကိုယ်ကြီးကို သူမလက်လေးနှင့် မလွတ်တမ်း ပြန်၍ပွေ့ဖက်ထားမိလိုက်ပါတော့သည်။

မောင့်အချစ်များကို ပျူလေးသည် မောင် အခုလို မပြောချင်ကတည်းက ပျူလေးအပေါ် တစ်ချိန်က ဂရုစိုက်ခဲ့လွန်းသည့် မောင့်အပြုအမူများကြောင့် မောင်သည် ပျူလေးကို သိပ်ချစ်မှန်း ပျူလေး ယုံကြည်ပါ၏။

ယုံကြည်မှုနှင့်အတူ ပျူလေးသည်လည်း မောင့်ကို ရင်မှာ ပြောပြမတတ် သိပ်ချစ်ရပါသည်။

ချစ်သည့်စိတ်နှင့်လည်း မောင်၏ချစ်ခြင်းများ ပြည့်လျှံနေရသော ရင်ခွင်ကျယ်ကြီးထဲသို့ အားကိုးတွယ်တာ ယုံကြည်မြတ်နိုးမှု ချစ်ခြင်းများစွာနှင့် တိုးဝင်လိုက်ကာ မောင့်ရင်ခွင်မှာ သူမ မျက်နှာလေး ပေးအပ်မိရပါတော့၏။

ထိုအခါ…

မောင်၏မျက်နှာချောချောကြီးသည် ပျူလေး၏ ရှက်မျက်နှာလှလှလေးထက်သို့ ငုံ့မိုးရောက်ရှိလာပြီး နူးညံ့ညင်သာ သိမ်မွေ့သော အနမ်းများက သူမ မျက်နှာလေးထက် သဲသဲဆင်း



www.burmeseclassic.com

www.burmeseclassic.com



ကျရောက်လာရသည်။

"ပျူလေးရယ် …ခုချိန်ကစပြီး မောင်တို့နှင်ယောက်ရဲ့ သာယာနွေးထွေးတဲ့ ချစ်ကမ္ဘာငယ်လေးကို ချစ်ခြင်းများစွာ ဖွဲ့တည်လို့ နှစ်ကိုယ်တူဘဝလေးကို တည်ဆောက်ကြပါစို့လားဗျာ"

"မောင်…မောင်ရယ်"

ပျူလေးသည် မောင့်ထံမှ ညင်သာသိမ်မွေ့သော ချစ်အနမ်းများကို ရှက်ပြုံးလေးနှင့် ခံယူရင်းက မောင်နှင့် ပျူလေးတို့၏ ချစ်ကမ္ဘာလေးသည် သာယာချမ်းမြေ့ခြင်းများစွာနှင့် ပျော်ရွှင်စွာ ရှိနေတော့မည်ဆိုတာကိုဖြင့် ပျူလေးကော မောင်ပါ သိနေရ တော့သည် မဟုတ်ပါလား။

ချမ်းမြေ့ပါစေ။
ရွှေအဥ္စလီ



www.burmeseclassic.com